ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ငြိမ်သက်တည်ကြည်စောင့်ရှောက်သူ**

တစ်စုံတစ်ယောက်အား ကြမ်းတမ်းသည့်စကားကို မဆိုရာ။ အဆိုခံရသူတို့သည် ပြန်လှန်ပြောဆိုကုန်ရာ၏။ ချုပ်ချယ်သော စကားသည် ဆင်းရဲခြင်း၏ အကြောင်းတည်း။ အတုံ့အလှည့် ဒဏ်တို့သည် မိမိထံသို့သာ ရောက်ကုန်၏။ ကြမ်းတမ်းချုပ်ချယ်သော စကားကိုမဆိုဘဲ ငြိမ်သက်တည်ကြည်အောင် စောင့်ရှောက်သူသည် နိဗ္ဗာန်သို့တိုင် ရောက်နိုင်၏။

ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၃၄)

၁၃၇၈ ခုနှစ် တော်သလင်းလဆန်း ၅ ရက်၊ အင်္ဂါနေ့။ 6, Tuesday September 2016 (၈၆၇၆)

# ရခိုင်ပြည်နယ်အရေးသည် အလွန်အရေးကြီးသည့်အတွက် မိမိတို့အားလုံးဝိုင်းဝန်းပြီး အဖြေထုတ်ရမည်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# အနာဂတ်မြန်မာနိုင်ငံတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိမည့်အကြံပြုချက်များ ပေးနိုင်လိမ့်မည်ဟုယုံကြည်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ကိုဖီအာနန်



ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၅

**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုဖီအာနန်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်တို့တက်ရောက်၍ အမှာစကားများပြောကြားကြသည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့

## မြန်မာ-တရုတ် ချစ်ကြည်ရေး၊ ဖွံ့ဖြိုးရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

သတင်း စာမျက်နှာ - ၃

## စက်တင်ဘာ ၁၃ ရက်သည် အီဒွလ်အဿွာဟာ(ဘက္ကရီအီးဒ်)နေ့ဖြစ်၍ အများပြည်သူအလုပ်ပိတ်ရက်အဖြစ် ကြေညာ

**နေပြည်တော် စက်တင်ဘာ ၅**

၁၃၇၈ ခုနှစ် တော်သလင်းလဆန်း ၁၂ ရက် (၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်) အင်္ဂါနေ့သည် အီဒွလ် အဿွာဟာ (ဘက္ကရီအီးဒ်) နေ့ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့်စာချုပ်စာတမ်းများ အက်ဥပဒေ ပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာထားသည်။ **(သတင်းစဉ်)**



# ကြေးမုံ

## ရောဂါဘေးကင်းစင်ရေး ကြိုတင်ကာကွယ်

ဖောက်ပြန်ချွတ်ယွင်းခြင်း ဝိပတ္တိခေတ်ကာလတွင် ပျက်ယွင်းခြင်းအမျိုးမျိုးနှင့် လူသားများကြုံတွေ့ကြရသည်။ ကပ်ကြီးသုံးပါးတွင် သတ္ထန္တရကပ်= လက်နက်ဘေးကြောင့်ပျက်စီးခြင်း၊ ရောဂန္တရကပ်= ရောဂါဘေးကြောင့် ပျက်စီးခြင်းတို့ ကြုံတွေ့လာရသည်။ ဗျသနတရားငါးပါးတွင် ဆွေမျိုး၊ စီးပွားဥစ္စာ၊ အနာရောဂါ၊ မှားသောအယူ၊ ကိုယ်ကျင့်သီလဟူသည့် ငါးပါးလုံးပျက်စီးမှုများနှင့်အတူ ဘေးအမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့လာရသည်။

တစ်ကမ္ဘာလုံးနှင့်လွှမ်းခြုံကြည့်မည်ဆိုလျှင် ကပ်ကြီးသုံးပါးနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရပြီး ကမ္ဘာ့လူသားများ သဘာဝဘေး၊ ရောဂါဘယဘေးတို့နှင့် ကြုံတွေ့လျက်ရှိသည်။ လတ်တလောတွင် ယမန်နှစ်က ဖြစ်ပွားခဲ့သော ဇီကာဗိုင်းရပ်စ်ရောဂါပိုးတစ်မျိုး ပြန်လည်ခေါင်းထောင်ထလာသည်ကို တွေ့ရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ယခုနှစ် စက်တင်ဘာ ၁ ရက်အထိ ကမ္ဘာ့နိုင်ငံပေါင်း ၇၂ နိုင်ငံတွင် ဇီကာဗိုင်းရပ်ရောဂါပိုး ကူးစက်ခံနေရကြောင်း သိရသည်။

ထိုရောဂါပိုးမှာ အေးဒီးစ်ခြင်ကျားကိုက်ခံရခြင်းမှ ကူးစက်ပျံ့နှံ့ဖြစ်ပွားသောရောဂါဖြစ်သည်။ ထိုရောဂါကို ယူဂန္ဒာနိုင်ငံရှိ မျောက်များတွင်စတင်တွေ့ရှိခဲ့ပြီး ယူဂန္ဒာနိုင်ငံနှင့် တန်ဇန်းနီးယားနိုင်ငံမှ လူအများကူးစက်ခြင်းခံခဲ့ရသည်။ ယခုအခါ မြန်မာနိုင်ငံနှင့်ထိစပ်လျက်ရှိသော ထိုင်းနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများဖြစ်သည့် စင်ကာပူ၊ မလေးရှားတို့တွင် ထိုရောဂါပိုးကူးစက်ခံနေရကြောင်း သိရသည်။ အဆိုးဆုံးမှာ စင်ကာပူနိုင်ငံတွင် ဇီကာဗိုင်းရပ်ပိုးကူးစက်ခံရသူ ၁၅၀ ကျော်အထိရှိလာပြီဖြစ်ရာ ကြပ်မတ်စစ်ဆေး၊ ကုသစောင့်ရှောက်မှုများ ပေးလျက်ရှိသည်။

ထိုရောဂါပိုးမှာ မသန့်ရှင်းသောပတ်ဝန်းကျင်တွင် ပေါက်ပွားသော အေးဒီးစ်ခြင်ကျားကိုက်ခံရခြင်းမှ ဖြစ်ပွားခြင်းဖြစ်ရာ စင်ကာပူနိုင်ငံကဲ့သို့ သန့်ရှင်းသောနိုင်ငံတစ်နိုင်ငံတွင် ထိုရောဂါဖြစ်ပွားခြင်းမှာ အထူးအဆန်းသဖွယ်ဖြစ်နေသည်။ အမှန်တွင် စင်ကာပူနိုင်ငံတွင် လူမျိုးပေါင်းစုံစုပေါင်းနေထိုင်ကြပြီး နိုင်ငံအတွင်းသို့ လာရောက်လုပ်ကိုင်ကြသော ပြည်ပနိုင်ငံသားများမှတစ်ဆင့် ရောဂါရလာဟန်တူသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များတွင် ဖြစ်ပွားလွယ်သဖြင့် ထိုအမျိုးသမီးများအား အထူးသတိပေးလျက်ရှိသည်။

စင်ကာပူနိုင်ငံသို့ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ ကိုယ်ဝန်ရယူရန် ကြိုးပမ်းနေကြသူများ မသွားရောက်သင့်သောနိုင်ငံအဖြစ် အမေရိကန်၊ ဩစတြေးလျနှင့် အခြားနိုင်ငံများက သတိပေးထားပြီး မြန်မာနိုင်ငံမှ ကိုယ်ဝန်ဆောင်မိခင်များလည်း လတ်တလော မသွားရောက်သင့်ကြောင်း အသိပေးထားသည်။ ထိုရောဂါပိုးသည် ကူးစက်ခံရသူအများစုကို အသက်ဘေးအန္တရာယ် ကျရောက်နိုင်လောက်အောင် ဒုက္ခမပေးနိုင်သော်လည်း ထိုရောဂါကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ မွေးရာပါဦးခေါင်းသိမ်ရောဂါရှိသည့် ကလေးများမွေးဖွားတတ်ကြောင်း ဆေးပညာရှင်များက ယူဆထားကြသည်။

ထိုရောဂါနှင့်ပတ်သက်၍ မြန်မာနိုင်ငံအဖို့ ကံကောင်းသည်ဟု ဆိုရမည်။ ပတ်ဝန်းကျင်သန့်ရှင်းရေး အသိပညာပေးရေးတို့တွင် အလွန်အားနည်းသော မြန်မာနိုင်ငံ၌ ခြင်များအလွန်ပေါများသော်လည်း မိုးရာသီတွင်ဖြစ်တတ်သော သွေးလွန်တုပ်ကွေးရောဂါနှင့်သာ ကြုံတွေ့ကြရပြီး ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသော အေးဒီးစ်ခြင်ကျားမှ ကူးစက်ခြင်းနှင့် မကြုံတွေ့သေးချေ။ စင်ကာပူတွင် မြန်မာနိုင်ငံသားတစ်ယောက် ရှားရှားပါးပါးကူးစက်ခံရပြီး ထိုနိုင်ငံတွင် အနီးကပ်စောင့်ကြပ်ကုသမှုပေးနေသလို မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်ပမှ လာရောက်သူများအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးနေသည်။

သို့သော် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်နှင့် နန်းယွန်းမြို့နယ်အတွင်းရှိကျေးရွာများတွင် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများတွင် ဝက်သက်ရောဂါဖြစ်ပွားခဲ့ရာ သေဆုံးသူ ၉၀ ကျော်ရှိလာသဖြင့် စိတ်မကောင်းခြင်းဖြစ်ရသည်။ ရောဂါဖြစ်ပွားရာဒေသများသို့ ကျန်းမာရေးဝန်ထမ်းများသွားရောက်ကြပြီး ကုသရေး၊ ကာကွယ်ရေးများ ဆောင်ရွက်ပေးလျက်ရှိသော်လည်း ထိုရောဂါကို ထိန်းချုပ်နိုင်ခြင်းမရှိသေးချေ။

ထို့ကြောင့် ရောဂါဘယကင်းစင်ရေးအတွက် ကာကွယ်ရေးအပိုင်းတွင် အားနည်းချက်များရှိနေဆဲဖြစ်သော မြန်မာနိုင်ငံအဖို့ ရောဂါဘေးများ မကျရောက်နိုင်အောင် ရောဂါကြိုတင်တိုက်ဖျက်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။ ။

## Non- invasive Method ဖြင့် ကြိုတင်စမ်းသပ်တူးဖော်ခြင်းကြောင့် ရှေးမှုလက်ရာမပျက်တူးဖော်ခွင့်ရလာ

**စစ်ကိုင်း စက်တင်ဘာ ၅**

ယူနက်စကို၏ အထောက်အပံ့ဖြင့် အီတလီနိုင်ငံ မီယန်ပိုလီတက်ကနစ်ယူနီဗာစီတီမှ ကျွမ်းကျင်ပညာရှင်များက မြေအောက်ရှိပစ္စည်းများကိုထိခိုက်မှု မရှိစေဘဲ အလင်းပြန်ပုံရိပ်ဖမ်းစနစ် ပါဝင်သည့် Non- invasive Method ဖြင့် ကြိုတင်စမ်းသပ်တူးဖော်ခြင်းကြောင့် ရှေးမှုလက်ရာမပျက် တူးဖော်ခွင့်ရလာ၍ အဖိုးတန်ရှေးဟောင်းအမွေအနှစ်ကိုမပျက်စီးစေဘဲ တူးဖော်ထိန်းသိမ်းခွင့်ရရှိနေကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စစ်ကိုင်းတိုင်းဒေသကြီး) ဦးစီးမှူး ဒေါက်တာသန်းထိုက်ထံမှ သိရသည်။

"ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဟန်လင်း၊ သရေခေတ္တရာနဲ့ ဗိဿနိုးဒေသတွေမှာရှိတဲ့ မြေအောက်က ရှေးဟောင်းပစ္စည်းထုထည်ကြီးတွေကို Non- invasive Method နဲ့ တိုင်းတာဆောင်ရွက်တာ အများပြည်သူ ရှေးလက်ရာမပျက် အကျိုးအပျက်မရှိ ပကတိအတိုင်းလေ့လာခွင့်တွေရရှိနေပါပြီ။ ရွှေဘိုဘက်က ဟန်လင်းဒေသ နန်းတော်ရာဝင်ပေါက်နားမှာ ပြီးခဲ့တဲ့နှစ်က မြေပြင်ကနေ မြေအောက်ကိုတိုင်းတာလိုက်တာ ရှေးဟောင်းပစ္စည်းတွေ့ရှိတယ်လို့သိရတော့ ရှေးဟောင်းအဖွဲ့တွေအနေနဲ့ ပြည်ပပညာရှင်တွေနဲ့ တူးဖော်ရေးလုပ်ငန်းကို လုပ်ခဲ့ကြပါတယ်။ တူးဖော်တဲ့နေရာမှာ ကြိုတင်တိုင်းတာထားတဲ့အတွက် အတိအကျ သေသေသပ်သပ်တူးနိုင်သလို ရှေးမှုလက်ရာမပျက် တူးဖော်နိုင်တဲ့အတွက် ရှေးဟောင်းအနုလက်ရာမပျက် လေ့လာနိုင်တာတွေ့ရပါတယ်။ အဲဒီနည်းပညာကို ပညာရှင်ရော၊ စက်ကိရိယာပါ ထောက်ပံ့ပေးတာဖြစ်ပါတယ်"ဟု ဒေါက်တာသန်းထိုက်က ပြောပြသည်။

ရှေးဟောင်းသုတေသနလုပ်ငန်း လုပ်ကိုင်ကြရာတွင် ပြည်တွင်းပညာရှင်များနှင့်အတူ ခေတ်မီအတတ်ပညာရှင်များဖြစ်သည့် ပြည်ပပညာရှင်များပါဝင်ပူးပေါင်းဆောင်ရွက်မှုသာ လတ်တလောအခြေအနေတွင် ရှေးလက်ရာမပျက်ကို အပွန်းအရှထိခိုက်မှုမရှိ အကောင်းပကတိရရှိစေမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် နိုင်ငံတော်တာဝန်ရှိသူများအနေဖြင့် သဘောပေါက်ကာ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဒေါက်တာသန်းထိုက်ထံမှ သိရသည်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဟန်လင်းဒေသ သမိုင်းဝင်အုတ်ကုန်းများ ရှေးဟောင်းအဆောက်အအုံများ ပတ်လည်တွင် ဝန်းထရံအဖြစ် ကာရံထားသော သံပန်း၊ သံတံခါးများသည် ရှေးဟောင်းအဆောက်အအုံလက်ရာများကို ကွယ်နေသည့်အတွက် သဘာဝပေါက်ပင်ဖြစ်သည့် ရာသီဥတုနှင့် ကိုက်ညီသည့် ကန္တာရဆူးပင်များ၊ ရှားစောင်းပင်များကို ပတ်လည်တွင် စိုက်ပျိုးရန်ပညာရှင်များနှင့် သက်ဆိုင်ရာ၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဟန်လင်းဒေသမှ ယခင်တွေ့ရှိထားသော ရှေးဟောင်းပစ္စည်းများနှင့် နောက်ထပ်သုတေသနပြုအသစ်တွေ့ရှိထားသော ရှေးဟောင်းပစ္စည်းများကို အမြင်တင့်တယ်စွာ တွေ့မြင်လေ့လာနိုင်ရန် ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။ **(မျိုးဝင်းထွန်း)**

## မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် လယ်ဝေးမြို့နယ်၌ အသိပညာပေး

**လယ်ဝေး စက်တင်ဘာ ၅**

နေပြည်တော် လယ်ဝေးမြို့နယ်တွင် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးခြင်းလုပ်ငန်းများကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက လယ်ဝေးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

နေပြည်တော် ရဲတပ်ဖွဲ့မှ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့် မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမင်းသန့်၊ နေပြည်တော် မူးယစ်တပ်ဖွဲ့စု (၁၀၁)မှ ဒု-ရဲမှူး အောင်ကိုနိုင်နှင့်တပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား မှုခင်းအသိပညာပေးခြင်း၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးပညာပေးစာစောင်များ၊ လူကုန်ကူးမှုပညာပေးလက်ကမ်းစာစောင်များနှင့် မှတ်တမ်းဓာတ်ပုံများအား ရှင်းလင်းပြသကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ အလားတူ မှုခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် လယ်ဝေးမြို့နယ် အေလာဒေသ၊ သာဝတ္ထိဒေသအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင်လည်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ **ကျော်စွာ(လယ်ဝေး)**



## ဇီကာဗိုင်းရပ်စ်ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အရှိန်အဟုန်မြှင့်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ဇီကာဗိုင်းရပ်စ်ရောဂါနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်နှိမ်နင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ၊ ဇီကာဗိုင်းရပ်စ်ရောဂါဆိုင်ရာ အသိပညာနှီးနှောဖလှယ်ပွဲများပြုလုပ်ပြီး အမျိုးသားအဆင့် ဇီကာဗိုင်းရပ်စ်ရောဂါကာကွယ်တားဆီးရေး၊ မြန်မာနိုင်ငံသို့ ရောဂါကူးစက်ဝင်ရောက်မှုမရှိစေရေး၊ ရောဂါစောင့်ကြပ်ကြည့်ရှုရေး၊ ဓာတ်ခွဲစစ်ဆေးနိုင်ရေးနှင့် ရောဂါဖြစ်ပွားမှုနှင့် နောက်ဆက်တွဲဆိုးကျိုးများ လျော့နည်းစေရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ဇီကာဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိစေရန် ခြင်ကျား၊ ပိုးလောက်လမ်းပေါက်ပွားမှုမရှိစေရေး ဆောင်ရွက်ကြရန်နှင့် ဇီကာဗိုင်းရပ်စ်ရောဂါ သံသယလူနာများတွေ့ရှိပါက အနီးစပ်ဆုံးကျန်းမာရေးဌာနများနှင့် ဆေးရုံများသို့ အမြန်ဆုံးလာရောက်ပြသကြရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နှိုးဆော်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**



## မှုခင်းပညာပေးပြခန်းယာဉ် ကဝမြို့၌ လှည့်လည်ပြသ

**ကဝ စက်တင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ပြည်သူနှင့် ကျောင်းသား ကျောင်းသူများအား ထိရောက်သော မှုခင်းအသိပညာများရရှိစေရန် ရည်ရွယ်၍ မှုခင်းအသိပညာပေးမှတ်တမ်းဓာတ်ပုံများ၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သောဓာတ်ပုံများ၊ လူကုန်ကူးခံရခြင်း၏ဆိုးကျိုး၊ ယာဉ်စည်းကမ်းနှင့် ပတ်သက်သော ပညာပေးဓာတ်ပုံများပါဝင်သည့် မှုခင်းအသိပညာပေးပြခန်းယာဉ်သည် ကျောင်းရှေ့မြေကွက်လပ်၌ စက်တင်ဘာ ၂ ရက် နံနက် ၁၁ နာရီက ပြခန်းယာဉ်ပြသပြီး မှုခင်းအသိပညာပေး ဟောပြောကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၈၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

❐ ရှေ့ဖုံးမှ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်အရေးကိစ္စသည် မိမိတို့အားလုံးအတွက် အရေးအကြီးဆုံး ကိစ္စရပ်တစ်ခုဖြစ်နေပါကြောင်း၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ရခိုင်ပြည်နယ်အရေးသည် အလွန်အရေးကြီးသည့်အတွက် မိမိတို့အားလုံးဝိုင်းဝန်းပြီး အဖြေထုတ်ရမည်ဖြစ်ပါကြောင်း၊ မစ္စတာ ကိုဖီအာနန်အပါအဝင် အားလုံးသော အဖွဲ့ဝင်များကလည်း အဖြေထုတ်သည့်နေရာတွင် နည်းလမ်းများ ရှာဖွေပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် မစ္စတာ ကိုဖီအာနန်က မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးကာလတွင် မိမိအနေဖြင့် ယခုကဲ့သို့ပါဝင်ခွင့်ရသည်ကို ဝမ်းမြောက်ပါကြောင်း၊ အနာဂတ်မြန်မာနိုင်ငံတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိမည့်အကြံပြုချက်များကိုလည်း ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်၏ သိမ်မွေ့နက်နဲသည့် အရေးကိစ္စများကို ဖြေရှင်းနိုင်မည့် ရေရှည်နည်းလမ်းကောင်းများကို ရှာဖွေသွားမည်ဖြစ်ကြောင်း၊ နည်းလမ်းကောင်းများရရှိရေးအတွက် အကြံပြုပေးရန် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ဩဂုတ် ၂၄ ရက်တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အကြံပေးကော်မရှင်တွင် ဘက်လိုက်မှုကင်းသည့်၊ လူအများလေးစားသည့်၊ အတွေ့အကြုံရင့်ကျက်သည့်၊ ထင်ပေါ်ကျော်ကြားသည့် မြန်မာနိုင်ငံသားပုဂ္ဂိုလ်ခြောက်ဦး၊ နိုင်ငံတကာမှ ပုဂ္ဂိုလ်သုံးဦး စုစုပေါင်းအဖွဲ့ဝင် ကိုးဦးပါဝင်ပြီး အဆိုပါကော်မရှင်၏ဥက္ကဋ္ဌအဖြစ် ကိုဖီအာနန် ဖောင်ဒေးရှင်းတည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း နိုဘယ်လ်ဆုရှင် မစ္စတာ ကိုဖီအာနန်က ဆောင်ရွက်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# မြန်မာ-တရုတ် ချစ်ကြည်ရေး၊ ဖွံ့ဖြိုးရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေး၊ ဖွံ့ဖြိုးရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ နန်နင်းမြို့တွင်ကျင်းပမည့် (၁၃)ကြိမ်မြောက် တရုတ်-အာဆီယံပြပွဲသို့ တက်ရောက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# သမားရိုးကျစဉ်းစားမှုမှ တီထွင်ကြံဆမှုတို့ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၅**

လုပ်ငန်းအခြေခံနှင့် ကျွမ်းကျင်မှုအတွက် ပိုမိုအရည်အသွေးပြည့်ဝ ထက်မြက်လာရေး၊ စွမ်းဆောင်ရည်နှင့် အကျိုးသက်ရောက်မှု တိုးတက်စေရေးတို့ကို ရည်ရွယ်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေး ဦးစီးဌာန အရာထမ်း/အမှုထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှု(မွမ်းမံ)သင်တန်း အမှတ်စဉ်(၂/၂၀၁၆)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၁၁၁ ဦး တက်ရောက်ကြသည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၅ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ အမျိုးသားစာရင်းတွက်ချက်မှုနှင့် ထားသိုမှုစနစ်၊ စီမံကိန်းများရေးဆွဲခြင်း၊ အကောင်အထည်ဖော်မှုကို ကြီးကြပ်ခြင်းနှင့် စိစစ်သုံးသပ်ခြင်း၊ စီမံကိန်းများကို ပြန်လည်သုံးသပ်ခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ စီးပွားရေးပညာရပ်များ၊ စုစုပေါင်း ပြည်တွင်း အသားတင်ထုတ်လုပ်မှု၊ မေခရို စီးပွားရေးဆိုင်ရာ အချက်အလက်များကို ခန့်မှန်းခြင်း၊ လုပ်ငန်းစံသတ်မှတ်ချက်နှင့် လုပ်ငန်းအမျိုးအစားများ ခွဲခြားခြင်း၊ အပြည်ပြည်ဆိုင်ရာစံနှုန်းများအရ လုပ်ငန်းများကို ခွဲခြားခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပန်းတိုင်များ၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ၏ အရေးပါမှုများကို ပြည်တွင်း/ ပြည်ပ ပညာရှင်များက ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ခေတ်ပြိုင်သမိုင်းဆိုင်ရာစာပေ စာတမ်းဖတ်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၅**

ပြန်ကြားရေးဝန်ကြီးဌာနကကြီးမှူး၍ "ခေတ်ပြိုင်သမိုင်းဆိုင်ရာစာပေ စာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်"ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၊ ၂၊ ၃၊ ၄၊ ရက်တို့တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲတွင် စာတမ်းဖတ်ကြားလိုသူများသည် "၁၉၄၈ ခုနှစ်မှ မျက်မှောက်ကာလအထိ ခေတ်ပြိုင်သမိုင်းဆိုင်ရာစာပေ (နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအလိုက်)များ"ကို အောက်ခြေမှတ်စု၊ ကျမ်းကိုးစာရင်း စသည်တို့ ပြည့်စုံစွာဖော်ပြပြီး စာတမ်းအင်္ဂါရပ်နှင့်အညီ ရေးသားပြုစု၍ စာတည်းမှူးချုပ်၊ စာပေဗိမာန် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာ ၃၁ ရက် ညနေ ၄ နာရီခွဲနောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။

စာတမ်းများပေးပို့ရာတွင် ကိုယ်ရေးအကျဉ်းနှစ်စုံ(ဓာတ်ပုံကပ်လျက်)၊ ဆယ်သွယ်ရန်လိပ်စာအပြည့်အစုံ (ဖုန်းနံပါတ်အပါအဝင်)၊ စာတမ်း(မူရင်း) တစ်စုံ (A-4တွင် မျက်နှာတစ်ဖက်တည်း၌ PageMaker တွင် Win-Innwa (Size 15)ဖြင့် ရိုက်ထားသော စာမျက်နှာအများဆုံး ၃၀ သာပါရှိရမည်)၊ စာတမ်း Soft Copy တစ်စုံနှင့်အတူ ပေးပို့ကြရမည်ဖြစ်သည်။

ရောက်ရှိလာသော စာတမ်းများကို စာတမ်းစိစစ်ရွေးချယ်ရေးဆပ်ကော်မတီက စနစ်တကျရွေးချယ်ပြီး သဘာပတိအဖွဲ့သို့ ဆက်လက်တင်ပြ၍ သဘာပတိအဖွဲ့က အကောင်းဆုံးစာတမ်းများကို အတည်ပြုရွေးချယ်မည်ဖြစ်သည်။ သတ်မှတ်ရက်ထက် နောက်ကျရောက်လာသောစာတမ်းများ၊ စာတမ်းအင်္ဂါရပ်နှင့်မညီညွတ်သော စာတမ်းများ၊ လမ်းညွှန်ချက်နှင့်အညီမပေးပို့သော စာတမ်းများကို စဉ်းစားမည်မဟုတ်ကြောင်း၊ အဘယ့်ကြောင့် မရွေးချယ်ရသည်ကို ဖြေကြားရှင်းလင်းမည်မဟုတ်ကြောင်း စာတမ်းဖတ်ပွဲဖြစ်မြောက်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။ ရွေးချယ်ခံရသော စာတမ်းရှင်များသည် စာတမ်းဖတ်ပွဲတွင် တက်ရောက်ဖတ်ကြားနိုင်ရန် အချိန်မီအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၃၈၁၄၄၉၊ ၀၁-၃၇၄၅၃၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျောင်းပြင်ပမူလတန်းပညာရေး မြို့နယ်အဆင့် အခြေစိုက်စခန်းများဖွင့်

**ညောင်တုန်း စက်တင်ဘာ ၅**

အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာမပြီးဆုံးသူ အသက်(၁၀)နှစ်မှ (၁၇)နှစ်အတွင်း ကလေးသူငယ်များကို ဒုတိယအကြိမ်အခွင့်အလမ်းပေးသည့်အနေဖြင့် မြန်မာနိုင်ငံ စာမတတ်သူပပျောက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသောအားဖြင့် ကျောင်းပြင်ပ မူလတန်းပညာရေး(NFPE)အခြေစိုက်စခန်းများ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် သာသနာလင်္ကာရကျောင်းကြီးတိုက် ကုဏ္ဍလာရာမ သာသနာ့ဗိမာန်တော်ကြီး၌ စက်တင်ဘာ ၃ ရက် နံနက်ကကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်နီနီမိုးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန ကျောင်းပြင်ပမူလတန်းပညာရေး ဗဟိုညှိနှိုင်းရေးမှူး Project စီမံကိန်းဗဟိုအကြံပေးအရာရှိ ဆရာကြီး ဦးမင်းနိုင်(ညွှန်ကြားရေးမှူး-ငြိမ်း)က ကျောင်းပြင်ပ မူလတန်းပညာရေးသင်ကြားရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ကျောင်းပြင်ပ မူလတန်းပညာစစ်ဆေးရေးမှူး ဦးစိုးမြင့်(တိုင်းပညာရေးမှူး-ငြိမ်း)က ညောင်တုန်းမြို့နယ်အတွင်းရှိ အခြေစိုက်စခန်းများမှ ကျောင်းသား ကျောင်းသူများ၏ သုံးနှစ်တာကာလအတွင်း သင်ကြားမှု၊ အောင်မြင်မှုနှင့် အလယ်တန်းအဆင့်သို့ ရောက်ရှိပညာသင်ကြားနေမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်ချိုချို (လက်ထောက်ညွှန်ကြားရေးမှူး)က မြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် NFPE အခြေစိုက်စခန်းများနှင့် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် NFPE အခြေစိုက်စခန်းများရှိ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများသို့ တာဝန်ပေးလွှာများကို တစ်ဦးချင်း ပေးအပ်သည်။

ညောင်တုန်းမြို့နယ်အနေဖြင့် NFPE အခြေစိုက်စခန်းများထားရှိရာ ရွှေဟသာ်တောရအမက၊ ပနော်ခနာအမက၊ ချောင်းကြီးပြည်တော်သာစုအမက၊ တလုတ်ထော် ကုန်းအမက၊ ကဇန်းမူလွန်အမက၊ ကျိန်ချောင်း-အင်းမ အမကနှင့် နတ်ပေး-အပြင်ဂျိုးဂျိုးကျအမက အခြေစိုက်စခန်း ခုနစ်ခုတွင် ကြီးကြပ်ရေးမှူး နှစ်ဦး၊ ဆရာ ဆရာမ ၁၅ ဦးတို့က ကျောင်းသား ကျောင်းသူ ၁၉ ဦးတို့အား သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ကျောင်းပြင်ပမူလတန်း ပညာရေးကို သင်ကြားနေသည့် မြို့နယ်ပေါင်း ၁၀၅ မြို့နယ်အနက် မြန်မာနိုင်ငံတွင် ၁၀၃ မြို့နှင့် ထိုင်းနိုင်ငံမဲစောက်မြို့တွင် အခြေစိုက်စခန်းနှစ်ခုဖွင့်လှစ်ထားရှိပြီး ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်အားလုံး၌ သင်ကြားလျက်ရှိသည်။ **ဝင်းမြင့်ကျော်(ညောင်တုန်း)**

# ယာဉ်အန္တရာယ် ကင်းရှင်းရေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၅**

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၃ ရက် မွန်းတည့် ၁၂ နာရီက ရွှေပြည်သာမြို့နယ် အထကခွဲ(၂)ကျောင်းခန်းမ၌ မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုရဲမှူးဇော်လင်းက ဟောပြောခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# ဆီးရီးယား၌ အပစ်အခတ်သဘောတူညီချက်ရရှိရေး သမ္မတအိုဘားမားနှင့် သမ္မတပူတင်တို့ ဆွေးနွေး

**ဟန်ကျိုး စက်တင်ဘာ ၅**

စစ်ဒဏ်ကြောင့် ပျက်စီးနေသော ဆီးရီးယားနိုင်ငံ၌ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ်ရရှိရေးနှင့် ပတ်သက်၍ အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ စက်တင်ဘာ ၅ ရက်တွင် ဆွေးနွေးခဲ့ကြကြောင်း အမေရိကန်အစိုးရ အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပသော ဂျီ-၂၀ ထိပ်သီးညီလာခံ ကျင်းပစဉ်ကာလအတွင်း သမ္မတအိုဘားမားနှင့် သမ္မတပူတင်တို့ သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

အမေရိကန်နှင့် ရုရှားခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးပွဲမှာ အပြုသဘောဆောင်ကြောင်း၊ ဆီးရီးယားနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးပို့ရေး၊ အကြမ်းဖက်တိုက်ခိုက်မှုများ လျှော့ချနိုင်ရေး၊ စစ်သွေးကြွအုပ်စုများကို နှိမ်နင်းနိုင်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ရေး စသည်တို့နှင့်ပတ်သက်၍ ၎င်းတို့နှစ်ဦး မိနစ် ၉၀ ခန့်ကြာမျှ ဆွေးနွေးခဲ့ကြကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စက်တင်ဘာ ၅ ရက် အစောပိုင်းတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့တို့ တွေ့ဆုံခဲ့ကြရာတွင်လည်း ဆီးရီးယား၌ အပစ်အခတ်ရပ်စဲရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။



ဆီးရီးယား၌ မဝေးသော အနာဂတ်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုမရပါက ယင်းနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေး ကြိုးပမ်းချက်ကို မိမိတို့ စွန့်လွှတ်ရလိမ့်မည်ဖြစ်ကြောင်း အမေရိကန် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ရိုက်တာ။**

## ဖိလစ်ပိုင်၏ မူးယစ်ဆေးဝါးနှိမ်နင်းရေး စစ်ဆင်ရေးများတွင် လူပေါင်း ၂၈၀၀ ကျော် အသက်ဆုံးရှုံးခဲ့ဟုဆို

**မနီလာ စက်တင်ဘာ ၅**

တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်သူများအား နှိပ်ကွပ်ရေးအစီအစဉ်အရ လူပေါင်း ၂၈၀၀ ကျော်ကို ရဲတပ်ဖွဲ့က အသေဖမ်းဆီးခဲ့ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ယခုနှစ် ဇူလိုင် ၁ ရက်တွင် ဖိလစ်ပိုင်သမ္မတရာထူးတာဝန်ကို ဒူတာတေးက စတင် ထမ်းဆောင်ခဲ့ပြီးနောက် စက်တင်ဘာ ၄ ရက်အထိ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည်ဟု သံသယမကင်းဖြစ်ရသူ ၁၀၁၁ ဦးအား ဖိလစ်ပိုင်ရဲအဖွဲ့၏ စစ်ဆင်ရေးများအတွင်း သတ်ဖြတ်ခဲ့ကြောင်း ရဲအဖွဲ့ပြောရေးဆိုခွင့်ရှိသူ အထက်တန်းရဲအရာရှိ ဒီဟိုနာဒိုကားလို့စ်က ပြောကြားသည်။

၎င်းပြင် မူးယစ်ဆေးဝါးမှုဖြင့် သတ်ဖြတ်ခံရသူ ၁၈၀၅ ဦးတို့နှင့် ပတ်သက်နေသော အမှုများကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

မူးယစ်ဆေးဝါးရောင်းဝယ်မှုပြုသည်ဟု သံသယမကင်းသူ ၁၄၇၈၉ ဦးကို ဖိလစ်ပိုင် ရဲအဖွဲ့က ဖမ်းဆီးခဲ့ပြီး မူးယစ်ဆေးဝါးသုံးစွဲသူ ၆၈၅၇၄၀ တို့က ဖိလစ်ပိုင်အာဏာပိုင်များထံ လက်နက်ချ အဖမ်းခံခဲ့ကြကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **ဆင်ဟွာ။**




# မာသာထရီဇာကို သူတော်စင်အဖြစ် သတ်မှတ်ကြေညာ

**ဗာတီကန်စီးတီး စက်တင်ဘာ ၅**

ဆင်းရဲမွဲတေမှုနှင့် ငတ်မွတ်ခေါင်းပါးမှုဝေဒနာ ခံစားနေရသူများကို တစိုက်မတ်မတ် အကူအညီပေးစောင့်ရှောက်ခဲ့သည့် မာသာထရီဇာကို ရိုမန်ကတ်သလစ်ကျောင်းတော်က သူတော်စင်တစ်ဦးအဖြစ် သတ်မှတ်ပေးခဲ့သည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က စိန့်ပီတာရင်ပြင်တွင် တနင်္ဂနွေနေ့က ကျင်းပသည့် အခမ်းအနားတစ်ခုတွင် မာသာထရီဇာကို သူတော်စင်တစ်ဦးအဖြစ် သတ်မှတ်ကြေညာခဲ့သည်။

လူမျိုးမတူ၊ ကိုးကွယ်ယုံကြည်ရာဘာသာမတူ၊ ယဉ်ကျေးမှုနှင့် ဘာသာစကားမတူညီကြသော်လည်း မာသာထရီဇာကြောင့် လူသားအားလုံးအပေါ် အကြွင်းမဲ့ချစ်ခြင်းမေတ္တာထားရှိကြရမည်ဟု နားလည်ခဲ့ရကြောင်း ပုပ်ရဟန်းမင်းကြီးက ပြောကြားသည်။

စိန့်ပီတာရင်ပြင်တွင် မာသာထရီဇာ၏ ရုပ်ပုံကားချပ်ကြီးတစ်ခု ခင်းကျင်းပြသကာ လူထောင်ပေါင်းများစွာ တက်ရောက်၍ အခမ်းအနားတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။

မာသာထရီဇာကို မက်ဆီဒိုးနီးယားနိုင်ငံတွင် မွေးဖွားခဲ့ပြီး အသက်(၁၈)နှစ်အရွယ်တွင် ကတ်သလစ်ခရစ်ယာန်သီလရှင်ကျောင်းသို့ တက်ရောက်ခဲ့သည်။ မာသာထရီဇာသည် ၁၉၇၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံရှိ ဆင်းရဲငတ်မွတ်နေသူများကို ကိုယ်ရောစိတ်ပါ တစိုက်မတ်မတ် အကူအညီပေးစောင့်ရှောက်မှုများအတွက် နိုဘယ်ငြိမ်းချမ်းရေးဆုရရှိခဲ့သည်။

သူတော်စင်ဘွဲ့ဆိုသည်မှာ ကတ်သလစ်ဘာသာကို တက်ကြွစွာ သင်ကြားပြသပေးရင်း ၎င်းတို့၏ အလုပ်နှင့်ဘဝတစ်လျှောက်လုံး ဘာသာတရားကိုင်းရှိုင်းသူများကို ကတ်သလစ်ကျောင်းတော်က ပေးအပ်ချီးမြှင့်သည့် အမြင့်မြတ်ဆုံးဘွဲ့ဖြစ်သည်။

သူတော်စင်များသည် ကောင်းကင်ဘုံ၌ ထာဝရတည်ရှိပြီး လူသာမန်များ မစွမ်းဆောင်နိုင်သည့် အံ့ဖွယ်ဖြစ်ရပ်များကို လုပ်ဆောင်နိုင်သည်ဟုယုံကြည်ကြောင်း ကတ်သလစ်ကျောင်းတော်က သတ်မှတ်သည်။

ကင်ဆာဝေဒနာခံစားနေရသည့် အိန္ဒိယအမျိုးသမီးတစ်ဦးသည် မာသာထရီဇာထံ ဆုတောင်းပြီးနောက် ရောဂါဝေဒနာပျောက်ကင်းခဲ့ကြောင်းနှင့် ဘရာဇီးအမျိုးသားတစ်ဦးသည်လည်း ဦးနှောက်ပိုးဝင်သည့် ရောဂါဝေဒနာခံစားနေရမှုကို မာသာထရီဇာထံ ဆုတောင်းပြီး ပျောက်ကင်းခဲ့ရသည်ဟု ယုံကြည်ခဲ့ကြသည်။ မာသာထရီဇာသည် အသက်(၈၇)နှစ်အရွယ် ၁၉၉၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ ကွယ်လွန်ခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

## ဘရာဇီးသမ္မတသစ် ရာထူးမှ နုတ်ထွက်ပေးရန်နှင့် ရွေးကောက်ပွဲကျင်းပပေးရန် စုဝေးချီတက်ဆန္ဒပြ

**စောပေါ်လို စက်တင်ဘာ ၅**

ဘရာဇီးနိုင်ငံစောပေါ်လိုမြို့၌ လက်ဝဲယိမ်းသမ္မတ ဒိုင်လမာရူဆက်အား ပါလီမန်တွင် စွဲချက်တင်ကာ စုံစမ်းစစ်ဆေးခဲ့ပြီးနောက် ရာထူးမှဖယ်ရှားခဲ့ခြင်းနှင့်ပတ်သက်၍ စုဝေးချီတက်ကာ ဆန္ဒပြကြသူများကို ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးအသုံးပြု၍ လူစုခွဲလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

သမ္မတသစ်အဖြစ် ခန့်အပ်ခံရသူ မီချယ်တမ်မေယာ ရာထူးမှနုတ်ထွက်ပေးရန်နှင့် ရွေးကောက်ပွဲသစ်ကျင်းပပေးရန် တောင်းဆိုသည့်ဆန္ဒပြပွဲကို စုဝေးကာ ပြုလုပ်ခဲ့ကြသည်။

မီချယ်တမ်မေယာသည် ရူဆက်၏သမ္မတရာထူးသက်တမ်းကုန်ဆုံးချိန် ၂၀၁၈ ခုနှစ်အထိ သမ္မတအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် ဩဂုတ် ၃၁ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ကွန်ဆာဗေးတစ်ဝါဒီ ရှေ့နေတစ်ဦးဖြစ်သူ တမ်မေယာ ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီးချိန်နောက်ပိုင်း ၎င်းကို ဆန့်ကျင်သည့် ဆန္ဒပြပွဲများအနက် အကြီးကျယ်ဆုံးဆန္ဒပြပွဲဖြစ်သည်။ ရူဆက်၏ အလုပ်သမားများပါတီနှင့် မဟာမိတ်ပြုထားသော အလုပ်သမားသမဂ္ဂများမှ နိုင်ငံရေးလှုပ်ရှားသူများ ပါဝင်ခဲ့ကြသည်။

"တမ်မေယာ ရာထူးမှ နုတ်ထွက်ပေး"၊ "ရွေးကောက်ပွဲ ချက်ချင်းကျင်းပပေး" စသည့် စာတန်းများကို ကိုင်ဆောင်ကာ ဆန္ဒပြခဲ့ကြသည်။ စောပေါ်လိုမြို့အနောက်ပိုင်းရှိ ပြည်သူ့ရင်ပြင်ဆီသို့ ဦးတည်ကာ စုဝေးချီတက်ကြရာတွင် လူပေါင်း ၅၀၀၀၀ ခန့် ပါဝင်ကြောင်း ဆန္ဒပြပွဲစီစဉ်သူများက ပြောကြားကြသည်။ **ရိုက်တာ။**



# ကမ်းပြိုကမ်းစားမှုဖြစ်ပေါ်စေသော ငမိုးရိပ်ချောင်းမြစ်ကွေ့ ၂၅ ခု ပြုပြင်ခြင်းလုပ်ငန်းကို ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုပေါ်မူတည်ဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၅**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဒေါက်တာအောင်သူတို့က မေးခွန်း ၁၂ ခု ကို ရှင်းလင်းဖြေကြားကြသည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၏ **နိုင်ငံတော်၏ ဘဏ္ဍာငွေများစွာကုန်ကျခဲ့သော ပုံညာရထားဥမင်ကြီးအား ကားဥမင်အဖြစ်အသုံးပြုနိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်**က အရှည်ပေ ၅၆၁၀ ရှိ ရထားလမ်းဥမင်ကို ကားလမ်းဥမင်အဖြစ်အသုံးပြုမည်ဆိုပါက ဥမင်အတွင်း ယာဉ်တစ်စီးသာသွားလာနိုင်ခြင်း၊ အသွား၊ အပြန် ယာဉ်နှစ်စီးယှဉ်မောင်း၍မရခြင်း၊ တစ်ဖက်မှ ယာဉ်သွားနေပါက တစ်ဖက်ရှိ ယာဉ်များရပ်တန့်ပေးရမည်ဖြစ်ခြင်း၊ အပြန်အလှန်သွား၍မရခြင်း၊ စနစ်တကျတင်ဆောင်ခြင်းမရှိသည့် ကုန်ပစ္စည်းတင်ယာဉ်များအတွက် အန္တရာယ်ရှိခြင်း၊ ဥမင်အတွင်း ယာဉ်မတော်တဆဖြစ်ပါက ကရိန်းများဝင်ရောက်ဆောင်ရွက်ရန်ခက်ခဲခြင်း၊ အရှေ့ဘက် ဥမင်အဝမှ လက်ရှိ ကားလမ်းနေရာသို့လည်းကောင်း၊ အနောက်ဘက် ဥမင်အဝမှ လက်ရှိကားလမ်းနေရာသို့လည်းကောင်း ကားလမ်းအသစ်ဖောက်လုပ်ရန် တံတားများဆောက်လုပ်ရမည့်ပမာဏများပြားခြင်း၊ ဥမင်အတက်အဆင်းလမ်းမှာ အန္တရာယ်များသည့်လမ်းဖြစ်ခြင်းနှင့် ရထားလမ်းဥမင်နှင့် ကားလမ်းဥမင် ဒီဇိုင်းပုံစံသဘောသဘာဝမတူညီခြင်းတို့ကိုတွေ့ရပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက သဘောတူလွှဲပြောင်းရယူဆောင်ရွက်မည်ဆိုပါက လွှဲပြောင်းပေးရေးကို ကန့်ကွက်ရန်မရှိပါကြောင်း ဖြေကြားသည်။

တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာဦးစောနိုင်၏ **ငမိုးရိပ်ချောင်းအတွင်း ကုမ္ပဏီတစ်ခုမှ ပိုင်ရိုက်ကာရေစီးကြောင်း ပြောင်းစေပြီး ကမ်းနံရံခဲ့နေခြင်းကို သက်ဆိုင်ရာဌာနအနေဖြင့် ငမိုးရိပ်ချောင်း ရေရှည်ထိန်းသိမ်းခြင်းအတွက် မည်သို့စီစဉ်ထားသည်ကို သိလိုကြောင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဆာကူရာထရိတ်စင်တာကုမ္ပဏီလီမိတက်သည် မြေ ၈ ဒသမ ၉၉ ဧကပေါ်တွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနထံမှ အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ခွင့်ရရှိထားသော်လည်း ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုချက်၊ သဘောထားမှတ်ချက်နှင့် နည်းပညာအကူအညီများ တောင်းခံခြင်းမရှိသဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေဖြင့် တရားစွဲဆိုထားပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ကမ်းပြိုကမ်းစားမှုဖြစ်ပေါ်စေသော ငမိုးရိပ်ချောင်းမြစ်ကွေ့ ၂၅ ခု ပြုပြင်ခြင်းလုပ်ငန်းကို ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုပေါ်မူတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ငမိုးရိပ်ချောင်းဖွံ့ဖြိုးရေး ရေရှည်အစီအမံများ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာအောင်သူ

ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၏ **ကျောက်တော်မြို့နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်စေသည့် ရထားလမ်း၊ ကားလမ်းများအား ပြန်လည်စိစစ်ပြီး ရေစီးရေလာကောင်းမွန်အောင်ပြန်လည်ပြုလုပ်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ကျောက်တော်မြို့နယ်အတွင်းသာမက အခြားမြို့နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ရာတွင်ပါဝင်သည့် ရထားလမ်း၊ ကားလမ်းနေရာများကို ပြန်လည်စိစစ်ပြီး လိုအပ်သည့်နေရာများတွင် Box Culvert များ တိုးချဲ့တည်ဆောက်ခြင်း၊ Box Culvert အသစ်များ ထပ်မံတည်ဆောက်ခြင်း၊ တံတားများတိုးချဲ့တည်ဆောက်ခြင်း၊ တံတားနှင့် ရေပွန်များ၏ ချဉ်းကပ်လမ်းများတွင် ရေကာ၊ မြေကာနံရံများတည်ဆောက်ခြင်း၊ တံတားမှ ချောင်းအထက်ဘက် ( Up Stream )၊ ချောင်းကြမ်းပြင်( Bed Level )၊ ချောင်းအောက်ဘက်( Down Stream)တို့တွင် ရေစီးရေလာကောင်းမွန်စေရန် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ လိုအပ်ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၏ **သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာ၌ ပုံစံ(၇)အရ လယ်သမား ၁၃၂ ဦး၊ လယ်မြေ ၁၇၆၈ ဧက ရှိပြီး စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၄၁၉ သိန်း မထုတ်ပေးနိုင်မှုအပေါ် မည်သည့်ဌာန၊ ပုဂ္ဂိုလ်များ၌ တာဝန်ရှိပြီး မည်သို့အရေးယူမည်နှင့် နောင်ကာလများတွင် မည်သို့စီမံဆောင်ရွက်မည်ကို သိလိုကြောင်း**မေးခွန်းနှင့်စပ်လျဉ်း၍ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ**က တောင်သူလယ်သမားများကို ချေးငွေထုတ်ချေးရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ရင်းနှီးငွေလုံလောက်မှုမရှိသည့်အပြင် ငွေကြေးရရှိရေးကို အဆင့်ဆင့်ဆောင်ရွက်နေရသဖြင့် တောင်သူများသို့ ချေးငွေထုတ်ချေးရာတွင် ကြန့်ကြာမှုရှိတတ်ပါကြောင်း၊ ဝန်ထမ်းများပေါ့လျော့မှုနှင့် လွဲချော်မှုကြောင့်မဟုတ်ပါကြောင်း၊ လက်ရှိ ဝန်ထမ်းအင်အားမလုံလောက်မှုသည်လည်း ချေးငွေထုတ်ချေးခြင်းကို ကြန့်ကြာမှုဖြစ်ရပါကြောင်း၊ လုပ်ငန်းများ သွက်လက်မြန်ဆန်ချောမွေ့စေရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်သို့ထားရှိရန် စီမံဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ရရှိထားသော တောင်သူလယ်သမားများအား အချိန်မီစိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပဲခူးတိုင်းဒေသကြီးအတွက် ယခုနှစ်မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ခွင့်ပြုရန်ပုံငွေမှာ ကျပ် ၃၃၆၄၉၇ ဒသမ ၂၇ သန်း ဖြစ်သည့်အတွက် ယခင်နှစ် ချေးငွေထက် ကျပ် ၁၆၂၇၀ ဒသမ ၈၅ သန်းပိုမိုခွင့်ပြုထားပါကြောင်း၊ (ပုံစံ-၇) အမည်ပေါက်လက်ဝယ်ရှိပြီး ကြွေးကျန်မရှိသူများဖြစ်ပါက ယခင်နှစ် ငွေမချေးသည့် လူအသစ်များကိုလည်း သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ချေးငွေထုတ်ချေးပေးလျက်ရှိပါကြောင်း၊ ဘဏ်ချေးငွေညွှန်ကြားစာအရ ငွေချေးသည့်နေ့တွင် ငွေချေးယူသူသည် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ကို ဘဏ်သို့ပြသရန် ယူဆောင်လာရမည်ဖြစ်ကြောင်း၊ ဘဏ်ချေးငွေယူမည့်သူသည် သမဝါယမဌာနမှ လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူထားလျှင် (ပုံစံ-၇) မူရင်းကို အာမခံအဖြစ် တင်သွင်းထားသည့်အတွက် ချေးငွေထုတ်ပေးခြင်းကို မြို့နယ်သမဝါယမဦးစီးအရာရှိ၏ ထောက်ခံချက်နှင့် (ပုံစံ-၇)မိတ္တူတို့ဖြင့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးလျက်ရှိကြောင်း ဖြေကြားသည်။

သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး၏ **သာစည်မြို့နယ် လှိုင်းတက်ကျေးရွာအုပ်စု စိုက်ပျိုးရေးကျေးရွာပိုင်မြေနေရာကို ဝန်ကြီးဌာနပိုင်မြေအဖြစ်မှ စွန့်လွှတ်ပြီး ကျေးရွာပိုင်မြေနေရာအဖြစ်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လွှတ်တော်ကိုယ်စားလှယ်တင်ပြသည့် မြေနေရာကို ယခုအချိန်တွင် စွန့်လွှတ်ခြင်းမပြုနိုင်သေးသော်လည်း လာမည့်ကာလတွင် နိုင်ငံတစ်ခုလုံးအတွက် ခြုံငုံစဉ်းစား၍ သင့်လျော်သောမူဝါဒများချမှတ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းမူဝါဒများချမှတ်ပြီးပါက လက်ရှိနေထိုင်သူများအတွက် သင့်လျော်သည့် အခြေအနေကောင်းတစ်ရပ် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

# ပညာမီးအိမ်ပညာဒါနအဖွဲ့မှ ရေဘေးသင့်လက်ပန်အိုင့်နှင့် သံပုရာကုန်းကျေးရွာများသို့ စာရေးကိရိယာများ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၅**

ရေဘေးသင့်ကျေးရွာများဖြစ်သော လက်ပန်အိုင့်နှင့် သံပုရာကုန်းကျေးရွာတို့မှ ကျောင်းသား ကျောင်းသူများအတွက် ပညာရေး သင်ထောက်ကူအဖြစ် စေတနာရှင်များနှင့် MRTV၊ သတင်းစာတိုက်ဝန်ထမ်းများ စုဖွဲ့ပါဝင်သော ပညာမီးအိမ်ပညာဒါနအဖွဲ့က ဗလာစာအုပ်နှင့် စာရေးကိရိယာများကို စက်တင်ဘာ ၄ ရက်က သွားရောက်လှူဒါန်းခဲ့သည်။



ဩဂုတ် ၂၆ ရက် ညသန်းခေါင်ယံအချိန်မှစ၍ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ဆင်သေချောင်းရေ ရုတ်တရက်မြင့်တက်ခြင်းတို့ကြောင့် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ လက်ပန်အိုင့်ကျေးရွာနှင့် သံပုရာကုန်းကျေးရွာများ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ရသည်။ ထိုသို့ ရေကြီးနစ်မြုပ်မှုဒဏ်ကိုခံစားခဲ့ကြရသည့် သံပုရာကုန်း အထက(ခွဲ)ကျောင်းမှ ကျောင်းသား ကျောင်းသူ ၆၃၃ ဦးနှင့် လက်ပန်အိုင့်ကျေးရွာ မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၈၃ ဦး အတွက် ပညာမီးအိမ်ပညာဒါနအဖွဲ့မှ စာအုပ်၊ ခဲတံ၊ ဘောပင်၊ မိုးကာစနှင့် ဆန်တို့ကို သွားရောက်လှူဒါန်းခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ အခြားသော ပရဟိတအဖွဲ့များကလည်း လာရောက်လှူဒါန်းလျက်ရှိသည်။

အဆိုပါကျေးရွာများ၏တည်နေရာသည် ပြောင်းလဲလာသောရေမြေရာသီဥတုအနေအထားအရ ဘေးအန္တရာယ်ရှိနယ်မြေအဖြစ် သတ်မှတ်ပြီး လုံခြုံဘေးကင်းရာနေရာများသို့ ပြောင်းရွှေ့ရန် စီစဉ်ထားကြောင်း၊ ဆင်သေချောင်းကောလာခြင်း၊ မိုးသည်းထန်ခြင်း၊ ရိုးမတောင်ပေါ်မှ လက်လုပ်ဆည်များ ကျိုးပျက်ခြင်းတို့ကြောင့် ယခုကဲ့သို့ ကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်း၊ ရေကြီးမှုကြောင့် လူနှင့် လယ်ယာသုံး ကျွဲ၊ နွားများ အသက်အန္တရာယ်ထိခိုက်မှုမရှိသော်လည်း ကြက်၊ ဝက် အစရှိသော အိမ်မွေးတိရစ္ဆာန်များ ဆုံးရှုံးခဲ့ရကြောင်း သံပုရာကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်က ပြောသည်။

ရေဘေးသင့်ကျေးရွာများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဩဂုတ် ၃၀ ရက် ရေကျချိန်တွင် မြို့နယ်ကျန်းမာရေးဌာနများပူးပေါင်း၍ ရေသန့်ရှင်းရေးအတွက် ကလိုရင်းဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ကယ်ဆယ်ရေးစခန်းတွင် ကျန်းမာရေးသူနာပြုဆရာမနှစ်ဦးက နေ့စဉ်စောင့်ကြပ်ပြုစုကုသပေးလျက်ရှိပြီး ရာသီဖျားနှင့် ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားမှု တစ်ဦး၊ နှစ်ဦးခန့်သာရှိကြောင်း၊ ကူးစက်ဝမ်းရောဂါဖြစ်ပွားမှုမျိုး မရှိကြောင်း သံပုရာကုန်းကျေးရွာမှ ဆရာမ ဒေါ်အိအိထွန်းက ပြောသည်။

**သတင်း-နေသန်**
**ဓာတ်ပုံ-ကိုထက်**

# ဖျာပုံမြို့နယ် စာရေးဆရာအသင်းညီလာခံအတွေ့အကြုံရှင်း

**ဖျာပုံ စက်တင်ဘာ ၅**

မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ် ညီလာခံသို့ တက်ရောက်ခဲ့သည့် ညီလာခံကိုယ်စားလှယ်မှ အသင်းဝင်များအား ညီလာခံအတွေ့အကြုံ ပြန်လည်ရှင်းလင်းသည့်အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ဖျာပုံမြို့နယ်စာရေးဆရာအသင်းရုံး ဇော်ဂျီခန်းမ၌ကျင်းပရာ မြို့နယ် စာရေးဆရာအသင်းနာယကဆရာဦးမြင့်နိုင်(မောင်ဇမ္ဗူ)က ဦးစွာဩဝါဒစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုဦးစီးအဖွဲ့ဝင် ဒုတိယအကြိမ်ညီလာခံကိုယ်စားလှယ်၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ၊ ကဗျာဆရာဇေယျာဘုန်းမြင့်တို့က အဖွင့်စကားနှင့် ညီလာခံအတွေ့အကြုံများကို ပြန်လည်ရှင်းလင်းပြောကြားပြီး အသင်းဝင်သစ်များအတွက် အသင်းဝင်ကတ်ပြားနှင့် ရင်ထိုးတံဆိပ်ပေးအပ်ရာ အသင်းဝင်သစ်ကိုယ်စား စာရေးဆရာတင်နိုင်ဝင်း(ထမင်းဈေးမြို့)က လက်ခံရယူသည်။ ယင်းနောက် မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ်ညီလာခံသို့ တင်သွင်းသောအမှုဆောင်အဖွဲ့ အစီရင်ခံစာကိုဘဏ္ဍာရေးမှူး ဦးလှထွတ်(ဆရာလင်းသစ်)က ဖတ်ကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်းမှ လှူဒါန်းသောစာအုပ်များအား နာယကဆရာဦးမြင့်နိုင်(မောင်ဇမ္ဗူ)က ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်သို့ ဆက်လက်လှူဒါန်းရာ ရာပြည့်စာကြည့်တိုက်ကော်မတီမှ ဦးမြင့်အောင်(ဆရာဖိုးအောင်လေး)က လက်ခံရယူခဲ့ပြီး မြို့နယ်စာရေးဆရာအသင်း ဆိုင်းဘုတ်အသစ်ကို မြို့နယ်စာရေးဆရာအသင်းနာယက၊ ဥက္ကဋ္ဌနှင့် အသင်းဝင်များက အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဆိုင်းဘုတ်တင်ခဲ့ကြောင်း သိရသည်။

**(သပြေထွန်း)**

# ရဲလုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေး

**ဝန်းသို စက်တင်ဘာ ၅**

ကသာခရိုင် ဝန်းသိုမြို့နယ်တွင် ရဲဝန်ထမ်းများ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လူလူသန်းသည် ဩဂုတ် ၃၁ ရက်က ဝန်းသိုမြို့နယ်ရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်များနှင့် မိသားစုများအားတွေ့ဆုံပြီး ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းနှင့် ဒီမိုကရေစီရဲလုပ်ငန်းတို့အား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**လှိုင်မျိုးထွန်း(ဝန်းသို)**

# အတုအပသတိပြု

## အောင်ကျော်ညို(ဆင်ချဆိပ်)

အတုဟူသည် အစစ်အမှန်နှင့် ဆင်တူယိုးမှား မျက်စိလည်အောင်ပြုလုပ်ထားသည့် ပစ္စည်းများဖြစ်သည်။ အစစ်အမှန်ပစ္စည်းတစ်ခုခု တန်ဖိုးရှိလာပြီဆိုလျှင် ထိုအရာနှင့် ခွဲခြားမရအောင်ချွတ်စွပ်တူသော အတုအပပစ္စည်းကိုလည်း ဖန်တီးပြုလုပ်လာကြသည်။ မတော်မတရား ရယူလိုသည့် ဝိသမလောဘသမားများကြောင့် မိမိတို့ဝန်းကျင်တွင် အတုမျိုးစုံရှိလာရသည်။

တချို့က အတုနှင့်အစစ်ကို မခွဲခြားနိုင်၊ ခွဲခြားမရအောင်တူလွန်း၍လည်း ဖြစ်နိုင်သည်။ အရာရာတွင် ကိုယ့်စိတ်နှင့်နှိုင်း မရိုးဆိုသလို ယုံကြည်မှုကြောင့်လည်း လိမ်ညာမိနေကြရသည်။ အစစ်အမှန်ပစ္စည်းကို ပွားယူ၍ရသလို၊ အတုအယောင်ပစ္စည်းဆိုလည်း ထိုနည်းလည်းကောင်းပါ။ ဗုံးပေါလအောရှိနေသည်။ စားသောက်ကုန်များ၊ ဆေးဝါးများ၊ ငွေဒင်္ဂါးများ အားလုံးတွင် အတုများရောနှောပါဝင်နေပြီး မသမာမှုများရှိလာနေသည်ကို နေ့စဉ်ထုတ်သတင်းစာများတွင် ဖတ်နေရသည်။

နေ့စဉ်ထုတ်သတင်းစာတစ်စောင်တွင် တစ်နေ့တည်း အတုသုံးမျိုးဖမ်းဆီးရရှိမှု သတင်းပါလာသည်။ မျှော်စင်ကျွန်းတွင် ရှိုးပွဲလက်မှတ်အတုများ ရောင်းချနေသူကို ဖမ်းမိဟူသောသတင်း။ မျှော်စင်ကျွန်း NOD ရှိုးပွဲတွင် ပွဲဝင်ခွင့်လက်မှတ်အတုများကို လက်ဝယ်ကိုင်ကာ လိုက်လံရောင်းချနေသူ အမျိုးသားတစ်ဦးအား ကြိုတင်သတင်းရရှိကာ ဖမ်းဆီးမိကြောင်း သိရသည်။ အများသူငါ ပျော်ပွဲရွှင်ပွဲကျင်းပရာနေရာမှာ မသမာမှု လက်မှတ်အတုရောင်းချမှု။

တစ်လောကလည်း အသိတစ်ယောက်ရုပ်ရှင်ကြည့်ဖို့သွားရာတွင် နာရီဝက်ခန့်စော၍ ရောက်ပါလျက် ကောင်တာတွင် လက်မှတ်မရှိတော့ပြီ။ အပြင်မှောင်ခိုတွင်ကား လိုသလောက်ဝယ်၍ရနေသည်ဟုဆိုသည်။ ပုံမှန်ဈေး တစ်ထောင်တန်ကို မှောင်ခိုထံမှ သုံးထောင်ပေးဝယ်ကြည့်ခဲ့ရသည်ဟု မချင့်မရဲဆိုလာသည်။ မှောင်ခိုဆို၍ မှောင်ရိပ်ခို တိုးတိုးတိတ်တိတ်ရောင်းနေသူများမဟုတ်။ ရုပ်ရှင်ရုံဧရိယာလူမြင်ကွင်းမှာ ပေါ်ပေါ်တင်တင်ရောင်းချနေကြခြင်း။ ထိုလက်မှတ်များအတုအစစ်ကို မည်သို့ခွဲခြားနိုင်မည်နည်း။

နောက်သတင်းတစ်ပုဒ်မှာ ဧရာဝတီတိုင်းဒေသကြီး၏ မြို့နယ်တစ်ခုမှာ တစ်သောင်းတန်ငွေစက္ကူအတုများ ဖမ်းမိခြင်း၊ အသုဘအိမ်တစ်အိမ်တွင် ဖဲကစား၍ ရလာသည့် ငွေနှင့်ဈေးသွားဝယ်ရာမှ အတုဟုသိရပြီး ဖြန့်ဝေသူများအား ဖမ်းဆီးရမိခြင်း။ "အဆင့်မြင့်နည်းပညာနှင့် လုပ်သလား၊ ဓာတ်ပုံမိတ္တူနှင့်အတုလုပ်သလား၊ သေချာသိရဖို့ ဆက်လက်စုံစမ်းနေပါတယ်" တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး၏ ရှင်းပြချက်။

နည်းပညာအားနည်းသော မိမိတို့နိုင်ငံတွင် ဤငွေစက္ကူအတုများကို နည်းပညာသုံး ကိုယ်တိုင်လုပ်သည်ဆိုပါက နည်းပညာကို တလွဲဆံပင်ကောင်းလုပ်ရပ်မို့

> **အတုအပဟူသည် ကောင်းကျိုးပေးရိုးထုံးစံမရှိသည်ကများသည်။ မိမိတို့ သံသယကင်းကင်းနှင့် သုံးစွဲခွင့်ရနိုင်ဖို့ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ နိုင်သည့်ဝန်ကို ထမ်းကြရမည်မှာ စားသုံးသူပြည်သူအားလုံး၏ တာဝန်ဖြစ်လာပါပြီ**

မဖြစ်သင့်သော လုပ်ရပ်မှား။ ငွေထုတ်ကတ်အတုသုံးပြီး ဘဏ်များမှ ငွေခိုးထုတ်ယူနေသူများမှာ ဖမ်းမိသလောက် တစ်ယောက်မှ မိမိတို့နိုင်ငံသားများမဟုတ်ကြပါ။ ယခုငွေအတုကို နည်းပညာသုံးလုပ်တတ်နေပြီဆိုလျှင် မိမိတို့ နိုင်ငံသားများအတွက် ရှက်ဖွယ်လိလိလုပ်ရပ်ဖြစ်သွားရပြီ။

နောက်သတင်းတစ်ပုဒ်မှာ စားသုံးသူပြည်သူများအတွက် အန္တရာယ်အများဆုံးအတုပြုလုပ်မှု "FDA မှတ်တမ်းအရ ၈၀ ရာခိုင်နှုန်းက စံမညီတဲ့ဆေးတွေကို တွေ့ရတယ်"ဆိုစကား ပြောကြားလာသူမှာ နှယ်နှယ်ရရပုဂ္ဂိုလ်မဟုတ်။ FDA ညွှန်ကြားရေးမှူးကိုယ်တိုင်ဖြစ်နေသည်။ ရက် ၁၀၀ စီမံချက်အရ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆေးဆိုင်များကိုဝင်ရောက်စစ်ဆေးရာ မေလအတွက် စစ်ဆေးပြီး ဆေးဆိုင် ၉၂ ဆိုင်အနက် ဆိုင်ပေါင်း ၉၀ တွင် တရားမဝင်ဆေးဝါးများနှင့် သက်တမ်းလွန် ဆေးများသိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ မိန့်ကြားခဲ့သောစကား။

ဆေးဝါးလက်လီလက်ကားဖြန့်ချိရာ အဓိကမြို့ကြီးများတွင် စံမမီဆေးဝါးများရှိနေမှုက တစ်နိုင်ငံလုံးရှိ ဆေးဆိုင်များအတွက် သံသယပွားစရာဖြစ်လာခဲ့ရပြီ။ ရက် ၁၀၀ ၏ပွင့်လင်းမြင်သာအကျိုးဆက်ဟုဆိုရမည်။ အတုအပဟူသည် ကောင်းကျိုးပေးရိုးထုံးစံမရှိသည်ကများသည်။ မိမိတို့သံသယကင်းကင်းနှင့်သုံးစွဲခွင့်ရနိုင်ဖို့ တာဝန်ရှိသူများနှင့်ပူးပေါင်းကာ နိုင်သည့်ဝန်ကို ထမ်းကြရမည်မှာ စားသုံးသူပြည်သူအားလုံး၏ တာဝန်ဖြစ်လာပါပြီ။ ။



## ဘာသာရပ်ဆိုင်ရာအရည်အသွေးမြှင့်တင်ရေး ခရိုင်အဆင့်အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**အင်းတော် စက်တင်ဘာ ၅**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် အလယ်တန်းဆင့် ဘာသာရပ်ဆိုင်ရာအရည်အသွေးမြှင့်တင်ရေး ခရိုင်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ အထက ရွှေရတုခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အင်းတော်မြို့နယ်နှင့် ဗန်းမောက်မြို့နယ်ရှိ အဌမတန်းသင် ဆရာ၊ ဆရာမ ၃၉၁ ဦး တက်ရောက်ပြီး ဘာသာရပ်ခြောက်ဘာသာအား အဖွဲ့များခွဲ၍ နည်းပြဆရာ ၁၂ ဦးဖြင့် ဆွေးနွေးဝိုင်းပြုလုပ်ပြီး ကြီးကြပ်ဆွေးနွေးခဲ့ကြောင်းနှင့် ယင်းဆွေးနွေးပွဲအား စက်တင်ဘာ ၃ ရက်မှ ၅ ရက်အထိ သုံးရက်ကြာကျင်းပခဲ့ကြောင်း သိရသည်။

**(ကျော်သီဟ)**

## လျှပ်စစ်ဓာတ်အားသုံးစွဲယူနစ်မှန်ကန်စေရေး ဒစ်ဂျစ်တယ်မီတာတပ်ဆင်သုံးစွဲမှု ဖျာပုံမြို့၌ ဆွေးနွေး

**ဖျာပုံ စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲယူနစ် မှန်ကန်စေရေးအတွက် Digital Meter တပ်ဆင်သုံးစွဲမှုဆွေးနွေးပွဲကို ယနေ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူးအစည်းအဝေးခန်းမတွင် ကျင်းပရာ Same Sky ကုမ္ပဏီမှ GM ဦးဟန်ဝင်း၊ ဖျာပုံခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် Same Sky ကုမ္ပဏီမှ GMI ဦးဟန်ဝင်းက မြန်မာနိုင်ငံတစ်ဝန်းရှိပြည်သူများ၏ နေအိမ်များတွင် ယခင်က တပ်ဆင်အသုံးပြုထားသော Analog မီတာများသည် Meter Unit ကွာခြားမှုများပြားပြီး မီတာချွတ်ယွင်းမှုများနှင့် ယူနစ်မတက်စေရန် ပြုပြင်သုံးစွဲမှုများကြောင့် နိုင်ငံတစ်ဝန်းတွင် ပျောက်ဆုံးယူနစ်ကွာခြားမှုများပြားနေ၍ ဓာတ်အားဆုံးရှုံးမှုများကြောင့် အမှန်တကယ်သုံးစွဲသည့် ပြည်သူများလျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်မှုမရှိခြင်းနှင့် ဝန်နှင့်အားမျှတမှုမရှိ၍ သက်ဆိုင်ရာ Transformer များ လောင်ကျွမ်းခြင်းများမရှိစေရန်အတွက် ယခုလို ဒစ်ဂျစ်တယ်မီတာများတပ်ဆင်အသုံးပြုရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့အပြင် ယခုတပ်ဆင်အသုံးပြုသော ဒစ်ဂျစ်တယ်မီတာများသည် ဓာတ်အား Error Percentage 0.5 ယူနစ်ခန့်သာရှိပြီး လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်အတွက် ကိုရီးယားနည်းပညာနှင့်ထုတ်လုပ်ထား၍ နေအိမ်ပြင်ပရှိ ဓာတ်တိုင်များတွင် စုပေါင်းတပ်ဆင်ထားပြီး မီတာဖတ်သည့် လျှပ်စစ်ဝန်ထမ်းမှ အဝေးထိန်းမီတာဖတ်စက်ဖြင့် သတ်မှတ်ဆုံရပ်နေရာမှ မီတာလုံးရေများစွာကို စုပေါင်းဖတ်နိုင်ပြီး တစ်ရက်တည်းဖြင့် မီတာလုံးရေ ၅၀၀၀ ခန့်ဖတ်နိုင်၍ အချိန်ကုန်သက်သာကာ အလုပ်တွင်ကျယ်ကြောင်း၊ ယခုအသုံးပြုနေသောစနစ်မှာ Off Site Meter Reading စနစ်ဖြစ်ပြီး နောင်ကာလများတွင် နိုင်ငံတော်စီမံချက်ဖြင့် ဓာတ်တိုင်များတွင် GPS စနစ်တပ်ဆင်ပြီး Auto Meter Reading စနစ်ဖြင့် အခြေစိုက်လျှပ်စစ်ရုံးမှ တစ်နေရာတည်းမီတာဖတ်ရှုသွားမည်ဖြစ်ကြောင်းတို့ကို Same Sky ကုမ္ပဏီမှ GM နှင့် တာဝန်ရှိသူများက ပရိုဂျက်တာဖြင့် ပွင့်လင်းမြင်သာစွာတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတက်ရောက်လာသူများက မိမိတို့တပ်ဆင်သုံးစွဲနေသော Digital မီတာများ၏ အားနည်းချက်၊ အားသာချက်များနှင့် တပ်ဆင်သုံးစွဲရာတွင် ဖြစ်ပေါ်နေသော အခက်အခဲများအပြင် သုံးစွဲသည့်ဓာတ်အားယူနစ်အမှန်ဖြစ်ပေါ်စေရေးနှင့် သုံးစွဲရာတွင် လိုက်နာရမည့်အချက်များကို ဆွေးနွေးတင်ပြကြရာ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ခရိုင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က ပွင့်လင်းမြင်သာစွာ အသေးစိတ်ပြန်လည်၍ ဖြေရှင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ချမ်းသာ)**

## လယ်ယာသုံးစက်ကိရိယာ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းပြုပြင်မှု တောင်သူစက်ပြင်(အခြေခံ)သင်တန်းဖွင့်

**မကွေး စက်တင်ဘာ ၅**

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲနေချိန်တွင် ကျေးရွာနေတောင်သူများ လယ်ယာသုံးစက်ကိရိယာများအား ကျွမ်းကျင်စွာကိုင်တွယ်မောင်းနှင်နိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနက ဦးစီးပြီး လယ်ယာသုံး စက်ကိရိယာကိုင်တွယ်မောင်းနှင်ထိန်းသိမ်းပြုပြင်မှုတောင်သူစက်ပြင်(အခြေခံ)သင်တန်း (၂/၂၀၁၆) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မကွေးမြို့ အမှတ်(၃)အလတ်စား စက်ပြင်အလုပ်ရုံ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်နှင့် မကွေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ဇင်တို့က အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၃)အလတ်စားစက်ပြင်အလုပ်ရုံမှ စက်ရုံမှူး ဦးအောင်မျိုးသွင်က ကျေးရွာနေပြည်သူများအတွက် အဓိကထားဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာကိုင်တွယ်မောင်းနှင် ထိန်းသိမ်းပြုပြင်မှု တောင်သူစက်ပြင်(အခြေခံ)သင်တန်း (၂/၂၀၁၆) ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းသင်တန်းတွင် လယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းပြုပြင်မှုများကို အမှတ်(၃)အလတ်စားစက်ပြင်အလုပ်ရုံမှ ကျွမ်းကျင်ဝန်ထမ်းနည်းပြများက စာတွေ့လက်တွေ့သင်ကြား ပို့ချမည်ဖြစ်သည်။ အဆိုပါသင်တန်းကို မကွေးခရိုင်အတွင်းရှိ မြို့နယ်၊ ကျေးရွာများမှ သင်တန်းသား ၃၇ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ စက်တင်ဘာ ၃ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ကျေးရွာများမှ တောင်သူများ အများဆုံးတက်ရောက်သဖြင့် ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာစေပြီး ကိုယ်တိုင်မောင်းနှင်နိုင်ခြင်း၊ မိမိကိုယ်တွယ်မောင်းနှင်သည့် စက်ကိရိယာများကို ကိုယ်တိုင်ပြုပြင်ထိန်းသိမ်းနိုင်သည့် အကျိုးကျေးဇူးများရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**



# အပန်းရဲ့ ဖြေစရာ

ထိုက်

### မိုးသည်းသည်းအောက်မှာ

ပြီးခဲ့တဲ့အပတ် တနင်္ဂနွေတစ်ရက်မှာ ဝယ်စရာလေးနည်းနည်းရှိတာနဲ့ ကျွန်မနေထိုင်တဲ့ ပုဇွန်တောင်ရေကျော်ကနေ မြန်မာပလာဇာကို ထွက်ဖြစ်ခဲ့တယ်။ ထုံးစံအတိုင်း သဲကြီးမဲကြီးရွာနေတဲ့ မိုးထဲမှာ ယာဉ်ကြောပိတ်ဆို့တာ နည်းနိုင်တဲ့နေရာတွေကို ဘယ်လိုမှ ရှာမရတာမို့ ကားကျပ်မယ်ဆိုတာ သိသိကြီးနဲ့ ပြည်သူ့ရင်ပြင်နားကပဲ ဖြတ်မောင်းဖြစ်ခဲ့တယ်။ အားလုံး သိကြတဲ့အတိုင်း ရွှေတိဂုံစေတီနားက အခါကြီး ရက်ကြီးတွေမှာ တိုးမပေါက်အောင် ကြိတ်ကြိတ်တိုးစည်ကားနေတတ်ပါတယ်။ ဒါပေမယ့် အခုနောက်ပိုင်းမှာတော့ အဲလိုနေ့ရက်တွေမှာတင်မဟုတ်တော့ဘဲ စနေ၊ တနင်္ဂနွေပိတ်ရက်တွေ၊ ကြားရက်တွေမှာတောင် လူတွေ ပြည့်ကျပ်နေတာ တွေ့လာရပါတယ်။ အဲဒီနေ့ကလည်း ဒီလောက် ပြောင်းဆန်နေအောင် ရွာနေတဲ့ မိုးရေကြားမှာ ထီးလေးတွေနဲ့ စုံတွဲလေးတွေ၊ သူငယ်ချင်းအဖွဲ့လိုက်တွေ၊ ဘုရားနား၊ ပြည်သူ့ရင်ပြင်နား၊ ပန်းခြံနားမှာ အများကြီးတွေ့ရတယ်။ ထီးဆောင်းထားပေမယ့် သည်းလွန်းတဲ့မိုးအောက်မှာ ဘယ်လိုလုံနိုင်မှာလဲ၊ အကုန်စိုရွှဲနေကြတာပါ။ (ကျွန်မပြောချင်တာက ပိုကီမွန်ဂိမ်းကစားနေသူတွေကို မဟုတ်ပါ) သူတို့ကို ကြည့်ရင်း မြန်မာပြည်မှာ ပြည်သူတွေ အပန်းဖြေသွားလာနိုင်တဲ့ နေရာတွေ မရှိသလောက်နည်းနေပြီလို့ တွေးမိပါတယ်။

### တစ်နေရာတည်းမှာ လာစုမနေတော့

တခြားနိုင်ငံတွေမှာဆိုရင်တော့ ရပ်ကွက်တစ်ခုစီတိုင်းမှာ ရှော့ပင်းမော၊ ပန်းခြံ၊ ကလေးကစားကွင်း စသည်ဖြင့် ပြည်သူတွေ နှစ်သက်ရာကိုရွေးပြီး အပန်းဖြေနိုင်ဖို့ နေရာတွေလုပ်ပေးထားကြပါတယ်။ အဲဒီလိုလုပ်ပေးထားတဲ့အတွက် ပြည်သူတွေ သွားလာရေးအဆင်ပြေသလို လူတွေက တစ်နေရာတည်းမှာ လာစုမနေတော့ဘဲ ကိုယ့်နေရာတစ်ဝိုက်မှာ မရနိုင်တာမျိုးကို သွားချင်၊ ဝယ်ချင်တဲ့အချိန်ကျမှသာ ကျန်တဲ့နေရာတွေကို သွားဖြစ်ကြတာမို့ ကားပိတ်ဆို့မှုပြဿနာကိုလည်း အလိုလိုလျှော့ချပြီးသား ဖြစ်သွားပါတယ်။

### ဘုရားတွေမှာပဲ သွားစုနေရတယ်

ကျွန်မတို့ဆီမှာတော့ အခုနောက်ပိုင်းမှသာ ရှော့ပင်းမောတွေက နေရာတော်တော်များများမှာ ဖွင့်လာကြပေမယ့် ပန်းခြံတို့၊ ကလေးကစားကွင်းတို့ဆိုတာ နိုင်ငံလူဦးရေနဲ့ အချိုးချကြည့်မယ်ဆိုရင် မရှိသလောက် နည်းပါသေးတယ်။ ကိုယ်နဲ့ နီးစပ်တဲ့နေရာတွေလောက်ကို ပြန်ကြည့်ရင်တောင် ပုဇွန်တောင်ဘက်မှာ ရွှေဘုန်းပွင့်ဘုရား၊ ဗိုလ်တထောင်ဘက်မှာ ဗိုလ်တထောင်ဘုရား၊ မြို့ထဲမှာ ဆူးလေဘုရား စသည်ဖြင့် ဘုရားတွေပဲ ရှိပါတယ်။ ဘုရားသွားတာ ကောင်းတာပေါ့၊ ကုသိုလ်တောင် ရသေးတယ်လို့ ပြောမယ်ဆိုရင် မှန်ပါတယ်။ ဒါပေမယ့် ဘုရားပေါ်မှာ ကလေးကစားလို့ ဖြစ်မှာလား၊ သမီးရည်းစားတွေ သွားနေလို့ သင့်တော်မှာတဲ့လား။ ဘုရားဆိုတာက အေးအေးဆေးဆေး ကုသိုလ်ကောင်းမှုပြုစရာ၊ သီလဘာဝနာ ပွားများရာ နေရာပဲဖြစ်သင့်ပါတယ်။ ဖြစ်တာ မဖြစ်တာ၊ သင့်တော်တာ မသင့်တော်တာထက် ပိုက်ဆံမကုန်ဘဲသွားလို့ရတာ ဒီနေရာတွေပဲရှိတာမို့ လူတွေက ဘုရားတွေမှာပဲ သွားစုနေကြရတာပေါ့။

### ကစားကွင်း ရှားလှတယ်

ဟိုတလောက စင်ကာပူကပြန်လာတဲ့ အသိတစ်ယောက်က သူ့သမီးလေး တစ်နှစ်ခွဲလောက်ကို ကစားကွင်းပို့ချင်လို့ ဘယ်နားမှာ ကစားကွင်းကောင်းကောင်းရှိသလဲလို့ လူမှုကွန်ရက်ကနေ လိုက်စုံစမ်းနေပါတယ်။ ခက်တာက ဘောလုံးကွင်းမှာ ဘောလုံးမကစားရလို့ တားမြစ်ဆိုင်းဘုတ်ထောင်ခဲ့တဲ့ အုပ်ချုပ်မှုအောက်မှာ နေခဲ့ကြရသူတွေဆိုတော့ ကစားကွင်းမရှိတာများ တခုတ်တရ စကားထဲထည့်ပြောစရာလားလို့တောင် ပြန်မေးခံရဦးမှာ။ ရှော့ပင်းမောတွေက ကစားကွင်းလေးတွေကို သွားလို့တော့ရပါတယ်။ ဒါပေမယ့် အလကားကစားလို့ရတဲ့နေရာမဟုတ်တဲ့အတွက် လက်လုပ်လက်စားပြည်သူတွေအတွက် ဒီနေရာတွေက ဘယ်လိုလက်လှမ်းမီနိုင်ပါမလဲ။

ကျွန်မတို့ ငယ်ငယ်ကလည်း မြို့လယ်က တိုက်ခန်းကျဉ်းလေးထဲမှာ ကြီးပြင်းလာရသူများမို့ ကစားစရာနေရာက လမ်းမပေါ်ပဲရှိခဲ့ပါတယ်။ လမ်းမပေါ် ထုပ်ဆီးတိုး၊ လမ်းမပေါ် ဘောလုံးကန်နဲ့ ကားကို လူကရှောင်၊ လူက ကားကိုရှောင်ရင်းနဲ့ ကြီးပြင်းလာခဲ့ကြသူချည်းပါ။ တစ်ခု ကံကောင်းတာက ကျွန်မတို့အိမ်က မဟာဗန္ဓုလပန်းခြံနဲ့ နီးတာမို့ ရုံးပိတ်ရက်တွေမှာ မိသားစုလိုက် အိမ်ကချက်ပြုတ်သွားကြပြီး ပျော်ပွဲစားရင်း၊ အပန်းဖြေရင်း စိတ်ကြိုက်ပြေးလွှားဆော့ကစားလို့ ရခဲ့ပါတယ်။ အဲဒီပန်းခြံက ၈၈ အရေးအခင်းနောက်ပိုင်း ပျက်စီးယိုယွင်းခဲ့တာ နှစ်ပေါင်းကြာခဲ့ပြီး အခုနောက်ပိုင်း နှစ်တွေမှာမှ ပြန်ဖွင့်ပေးထားတာ တော်တော်သာသာယာယာ စိမ်းစိမ်းစိုစိုနဲ့ အပန်းဖြေနေကြတဲ့သူတွေကို မြင်ရတော့ စိတ်ချမ်းသာရပါတယ်။ တကယ်သာ လုပ်ချင်ရင် လုပ်လို့ရတာပဲ မဟုတ်လား။

**အခုပြောနေတာ ရန်ကုန်မြို့တစ်ခုတည်းကိုသာ ဦးတည်ပြောနေတာပါ။ တကယ်ကတော့ ရန်ကုန်မှာ အပန်းဖြေဖို့ကောင်းတဲ့ နေရာတွေအများကြီးရှိပါတယ်။ မရှိတဲ့နေရာတွေမှာ အသစ်ဖန်တီးပေးနိုင်ဖို့ကို ထားလိုက်ပါဦး။ အဲဒီလိုရှိခဲ့ပြီးသားလေးတွေကို တောင် မထိန်းသိမ်းနိုင်တာကြောင့် ပျက်စီးတာက ပျက်စီး၊ ပျောက်ပျက်တာက ပျောက်ပျက်ကုန်ပြီး သိပ်နှမြောဖို့ ကောင်းလှပါတယ်။**

### လုံခြုံစေချင်ရင် လုံခြုံရေးထားပေါ့

စင်ကာပူမှာဆိုရင်တော့ နာမည်ကြီး ဆမ်တိုစာကမ်းခြေကိုထားပါဦး။ နိုင်ငံရဲ့ အရှေ့ အနောက် အရပ်လေးမျက်နှာက လူနေရပ်ကွက်တွေမှာ ကမ်းခြေတွေ ဖန်တီးပေးထားပါတယ်။ အကင်ကင်စားလို့ရတဲ့ နေရာလေးတွေ၊ ဝိုင်းဖွဲ့စကားပြောလို့ရတဲ့ ထိုင်ခုံတွေတင်မကဘဲ ရွက်ဖျင်တဲထိုးပြီး ညအိပ်ချင်ရင်တောင် ခွင့်ပြုချက်တင်ပြီး နေခွင့်ပေးထားပါတယ်။ ဘယ်လောက်ရှည်တဲ့ ကမ်းခြေဖြစ်ပါစေ လုံခြုံရေးတွေက မပြတ်လှည့်နေသလို မသင်္ကာဘူးထင်ရင်လည်း အချိန်မရွေးစစ်ဆေးပြီး ထွက်သွားဖို့ နှင်ထုတ်ခွင့်ကိုလည်း ပေးထားတာပါ။ ပြစ်မှုအကြီးအသေးပေါ်မှာ မူတည်ပြီးလည်း ထောင်ဒဏ်၊ ငွေဒဏ်၊ ကြိမ်ဒဏ်တွေက အဆင်သင့်စောင့်နေတာမို့ တော်ရုံနဲ့လည်း အပြစ်မလုပ်ရဲကြပါဘူး။

### ပိတ်ပင်တားဆီးပြီး ဖြေရှင်းတဲ့နည်းတွေ ရပ်သင့်ပြီ

မြန်မာပြည်မှာတော့ လုံခြုံရေးစိတ်မချဘူးဆိုရင် အကောင်းဆုံးဖြေရှင်းနည်းက အဲဒီနေရာတွေကို လုံးဝပိတ်ပစ်လိုက်တာပါပဲ။ ဆူပူမှုတွေ ဖြစ်မှာကြောက်လို့ ထစ်ခနဲဆို ကျောင်းတွေ၊ တက္ကသိုလ်တွေကို ပိတ်ပစ်လိုက်တာမျိုး၊ အင်းလျားကန်ပေါင်နဲ့ တခြားပန်းခြံတွေကို ညဘက်ဆို လမ်းတောင်လျှောက်ခွင့်မရှိတော့တာမျိုးတို့ပေါ့။ တကယ်ကတော့ လူမြင်ကွင်းမှာ မဖွယ်မရာပြုနေတယ်ဆိုလည်း ထိထိရောက်ရောက်အရေးယူလိုက်ပေါ့။ သိပ်တောင်လုပ်စရာမလိုပါဘူး။ နှစ်ခါ၊ သုံးခါလောက်ပဲ ပြတ်ပြတ်သားသား လုပ်ပြကြည့်လိုက်ပါ။ မီးရောင်တွေကိုလည်း လုံလောက်အောင် ထွန်းပေးထားလိုက်ရင် မှောင်ရိပ်ခိုပြီး မကောင်းမှုလုပ်ချင်တဲ့သူတွေ ကိုယ်ရှိန်တန့်သွားပါလိမ့်မယ်။ အခုလို ပိတ်ထားပြီး ဖြေရှင်းတဲ့နည်းမျိုးတွေက အတိတ်မှာပဲထားခဲ့ဖို့ သင့်ပါပြီ။

### ထွက်ပေါက်ပိတ်ထားတဲ့ လှိုင်တက္ကသိုလ်

ဒီရက်ထဲမှာ MICT Park ထဲမှာ အစည်းအဝေးတစ်ခုရှိလို့ သွားဖြစ်တယ်။ ရုံးဆင်းချိန်မှ စနိုင်တာမို့ ပြီးချိန်က ည ၈ နာရီခွဲ ကျော်နေပါပြီ။ အဲဒီကနေ ပြန်ထွက်တဲ့အချိန်မှာ လှိုင်တက္ကသိုလ်ရဲ့ ဝင်ပေါက်၊ ထွက်ပေါက်တံခါးတွေ အားလုံးပိတ်ထားတာ တွေ့ရတယ်။ တက္ကသိုလ်ဝင်းတစ်ခုလုံးဟာလည်း မီးရောင်တစ်ခုမှမတွေ့ရအောင် မှောင်မည်းနေတာပါပဲ။ ကျွန်မတို့လိုပဲ မသိလို့ ထွက်ပေါက်ပိတ်နေတဲ့ ကားတွေဟာလည်း အထဲမှာ တလည်လည်နဲ့ တံခါး လိုက်ရှာနေတာတွေ့ရတယ်။ နောက်ဆုံးမှ ပါရမီဘက်ကိုထွက်တဲ့ အပေါက်ဖွင့်ထားသေးလို့ ပြန်ထွက်နိုင်ခဲ့တာ။ အဲဒီတံခါးတောင် တစ်ဖက်ကို စပိတ်ထားပါပြီ။

### ဘာရည်ရွယ်ချက်နဲ့ ဘယ်သူက ခုထိ ပိတ်ထားရတာလဲ

တက္ကသိုလ်တွေကို အငြိုးတကြီးနဲ့ မြို့ပြင်တွေ မောင်းထုတ်ပစ်ပြီး အရင်က တက္ကသိုလ်နေရာတွေကို ပိတ်ထားခဲ့တာ အရင်အစိုးရလက်ထက်မှာ မထူးဆန်းခဲ့ပါဘူး။ အခုအချိန်အထိ ဆက်ပိတ်ထားတဲ့ ရည်ရွယ်ချက်ကတော့ ဘာကြောင့်ဆိုတာ စဉ်းစားလို့ကိုမရပါဘူး။ အတွဲတွေမရှိစေချင်တာကြောင့်ဆိုရင်လည်း အဲဒီမှောင်မည်းနေတဲ့အောက်မှာ ကားမီးထိုးလိုက်ရင် ဘယ်အချိန်ကတည်းက အဲဒီထဲမှာ ခိုကျန်နေခဲ့မှန်းမသိတဲ့ စုံတွဲတွေ အစီအရီတွေ့နေရတာပါပဲ။ ပိတ်ထားပါတယ်ဆိုတဲ့ ဆိုင်းဘုတ်တွေ၊ ဘယ်အချိန်ဆိုရင် ပိတ်ပါတယ်ဆိုတဲ့ သတိပေးစာသားတွေလည်း တစ်ခုမှမတွေ့ရသလို ဆိုင်းဘုတ်ရှိရင်တောင် ဘာမှမမြင်ရအောင် မှောင်နေတဲ့နေရာမှာ ဘယ်လိုမှ ဖတ်လို့ရမှာ မဟုတ်ပါဘူး။ တံခါးပေါက်တွေနားမှာ၊ လမ်းတစ်လျှောက်မှာ မေးမြန်းစုံစမ်းစရာ လုံခြုံရေးရယ်လို့လည်း တစ်ယောက်မှ မတွေ့မိပါဘူး။ ဒုစရိုက်မှုကျူးလွန်ချင်သူတွေအတွက်ကတော့ အင်မတန်အကြိုက်တွေ့မယ့် စားကွက်ကောင်းတစ်ခုပေါ့။ ကျန်တဲ့တက္ကသိုလ်တွေမှာလည်း အဲဒီလိုမျိုးတွေ လုပ်ထားဦးမယ်လို့ ထင်တာပါပဲ။

### သိပ်လှခဲ့တဲ့ နေရာတစ်ခု ပျက်စီးခဲ့ပြီ

တကယ်ဆိုရင် လှိုင်တက္ကသိုလ်ဆိုတာ သိပ်လှခဲ့တဲ့ နေရာတစ်ခုပါ။ အဲဒီက အဆောင်တွေမှာ နံရံကပ်ထားတဲ့ အုတ်ကလေးတွေက တခြားနဲ့မတူ၊ အင်မတန်လှသလို ဆွဲဆောင်မှုသိပ်ရှိပါတယ်။ သေချာသာ ပြုပြင်လိုက်မယ်ဆိုရင် ရေစပ်လေးမှာ ခုံတန်းလေးတွေ၊ မြက်ခင်းလေးတွေနဲ့ အပန်းဖြေစရာ သိပ်ကောင်းမယ့် ပတ်ဝန်းကျင်ပါ။ သမိုင်းဝင် အထင်ကရနေရာတစ်ခုလည်း ဖြစ်တာမို့ နိုင်ငံခြားသားတွေလည်း လာလေ့လာချင်စရာကောင်းမယ့် နေရာတစ်ခုပါ။ အခုတော့ တကယ့်ကိုနှမြောစရာ၊ စိတ်မကောင်းစရာ မြို့ပျက်ကြီး တစ်ခုလိုပါပဲ။ အဲဒီလိုအဖြစ်တွေ မြန်မာပြည်မှာ အများကြီးရှိနေပါတယ်။

### ထိန်းသိမ်းမှုညံ့လို့ ပျက်စီးမှုတွေ

ဒါတောင် အခုပြောနေတာ ရန်ကုန်မြို့ တစ်ခုတည်းကိုသာ ဦးတည်ပြောနေတာပါ။ တကယ်ကတော့ ရန်ကုန်မှာ အပန်းဖြေဖို့ကောင်းတဲ့နေရာတွေ အများကြီးရှိပါတယ်။ မရှိတဲ့နေရာတွေမှာ အသစ်ဖန်တီးပေးနိုင်ဖို့ကို ထားလိုက်ပါဦး။ အဲဒီလိုရှိခဲ့ပြီးသားလေးတွေကိုတောင် မထိန်းသိမ်းနိုင်တာကြောင့် ပျက်စီးတာက ပျက်စီး၊ ပျောက်ပျက်တာက ပျောက်ပျက်ကုန်ပြီး သိပ်နှမြောဖို့ ကောင်းလှပါတယ်။

### အပန်းဖြေစရာ နေရာတဲ့လား

တကယ်ဆိုရင် ကန်တော်ကြီး ကရဝိက်နားက တံတားရယ်၊ ပန်းခြံရယ်ဟာ သေသေချာချာသာ ပြင်ဆင်လိုက်မယ်ဆိုရင် အင်မတန်လှပတဲ့ နေရာကောင်းတစ်ခုပါ။ ကျွန်မတို့ငယ်ငယ်ကဆိုရင် ကရဝိက်က နာမည်ကြီး ရေခဲမုန့်စားပြီး မြက်ခင်းတွေမှာ ဆော့လို့ သိပ်ကောင်းခဲ့တာပေါ့။ အခုတော့ သစ်သားတွေ ကျိုးပဲ့နေလို့ အားကစားအတွက် အပြေးလေ့ကျင့်ဖို့နေနေသာသာ လမ်းတောင်မှ မြန်မြန်မလျှောက်ရဲတဲ့ တံတားရယ်။ ညနေ နေဝင်တာကို ထိုင်ကြည့်ပြီး တစိမ့်စိမ့်ခံစားဖို့နေနေသာသာ နေရောင်ပျောက်သွားတာနဲ့ မီးအလင်းရောင် မရှိ၊ ရှိရင်လည်း ဝါကျင့်ကျင့်မီးရောင်အောက်မှာ မှောင်မည်းနေတဲ့ ပတ်ဝန်းကျင်ရယ်၊ ပြုပြင်ထိန်းသိမ်းမှုမရှိလို့ ညစ်ပတ်နေတဲ့ လျှောက်လမ်းတွေရယ်က ဒီနေရာမှာ အပန်းဖြေဖို့ကောင်းတယ်လို့ ဘယ်လိုမှ ယုံချင်စရာမကောင်းတာ အမှန်ပါ။

အခုတော့ နိုင်ငံခြားသားဧည့်သည်တွေကို လိုက်ပြမယ်ဆိုရင် ညဘက် မှောင်နေတဲ့အောက်မှာ မီးထွန်းထားတဲ့ ကရဝိက်ကိုပဲ ကားလမ်းပေါ်က လှမ်းကြည့်ခိုင်းလိုက်တာ ဘေးအကင်းဆုံးပါ။ ဒါတောင် တစ်ခါတလေ ကရဝိက်တောင်မှ မီးအပြည့်မထွန်းတာမျိုးနဲ့ ကြုံရသေးတယ်။ နာမည်ကျော် အင်းလျားကန်ဆိုလည်း အတူတူပါပဲ။ ကန်ပေါင်ဘေးက အကြော်တဲတွေရဲ့သန့်ရှင်းမှုမရှိသလို ကန်ထဲကို အိုးခွက်ပန်းကန်တွေ ဆေးချတဲ့ ရေတွေကြောင့် ကန်ရေကလည်း မကြည်လင်နိုင်တော့သလို အေးအေးလူလူ အပန်းဖြေချင်သူတွေအတွက်လည်း ထိုင်စရာ ခုံတန်းမရှိတော့အောင် စုံတွဲတွေက နေရာယူထားကြတော့တယ်။ သိပ်နေရာကောင်းလှတဲ့ ကမ္ဘာအေးဘုရားဝင်းကြီးဆိုရင်လည်း သေချာသာ ပြင်ဆင်မွမ်းမံတတ်ရင် အခုလိုမျိုး ယိုင်နဲ့နဲ့ဈေးဆိုင်တွေ၊ သန့်ရှင်းမှုအားနည်းတဲ့ စားသောက်ဆိုင်တွေနဲ့ ပြည့်နေတဲ့ မြင်ကွင်းမျိုးထက်တော့ ပိုကောင်းတဲ့၊ သိပ်သာယာမယ့် နေရာတစ်ခုအဖြစ် ပြောင်းပစ်လို့ရပါတယ်။

### အပန်းဖြေတာနဲ့ အချိန်ဖြုန်းတာ မတူ

အမှန်ဆို ပန်းခြံဆိုတာမျိုးက စိမ်းစိမ်းစိုစို သစ်ပင်ပန်းမန်တွေ၊ မြက်ခင်းစိမ်းလေးတွေ ရှိနေရမယ်။ အခုတော့ မြက်တွေဆိုရင်လည်း မိုးတွေရွာတော့ ပျက်စီးကုန်တယ်။ ပန်းခြံထဲကို လာတယ်ဆိုတာ အပန်းဖြေရင်းနဲ့ relax ဖြစ်ချင်လို့လာကြတာလေ။ များသောအားဖြင့် မပြည့်စုံတဲ့ အိမ်ထောင်စုတွေဆိုရင် အိမ်မှာ မွန်းကျပ်မှုတွေကြောင့် လမ်းပေါ်ထွက်နေတာကမှ ကောင်းသေးတယ်ဆိုတဲ့ လူငယ်တွေရှိပါတယ်။ ထမင်းနပ်မှန်အောင် စားဖို့တောင် မနည်းရုန်းကန်နေရတာ အပန်းဖြေဖို့ကိစ္စကို ဘာလို့ ရေးကြီးခွင်ကျယ်လုပ်နေသလဲလို့ ဆိုချင်ကြပါမယ်။ တကယ်က ရုန်းကန်နေရတဲ့သူတွေအတွက် အပန်းဖြေဖို့က ပိုတောင်အရေးကြီးပါသေးတယ်။ ဒီနေရာမှာ အပန်းဖြေတယ်ဆိုတဲ့ အဓိပ္ပာယ်ကိုတော့ သေချာသဘောပေါက်ဖို့ လိုပါမယ်။ အပန်းဖြေတာနဲ့ အချိန်ဖြုန်းတာနဲ့တော့ မရောထွေးစေချင်ပါဘူး။ မှန်ကန်တဲ့ အပန်းဖြေနည်းမရနိုင်ခဲ့ရင် လွဲမှားတဲ့ထွက်ပေါက်တွေဘက်ကို ရောက်သွားမှာပါပဲ။

### ပံ့ပိုးမှုတော့ လုပ်ပေးကြရမယ်

လူအများ လမ်းလျှောက်ဖြစ်ဖို့ဆိုရင် ပလက်ဖောင်းကောင်းကောင်းတွေ၊ လူအများ စုပေါင်းလှုပ်ရှားမှုပြုနိုင်တဲ့ အားကစားကွင်းလို နေရာတွေ၊ လူအများ အပန်းဖြေနိုင်တဲ့ ဥယျာဉ်ပန်းခြံတွေကို တည်ဆောက်ပေးရပါမယ်။ တစ်နာရီ သုံးထောင်ပေးရတဲ့ အလုံပိတ်အခန်းတွေကို မသွားစေချင်ရင် အပြင်လောကကို ရောက်အောင်ဆွဲဆောင်ရပါမယ်။ ဖုန်းပဲ ငုံ့ကြည့်နေကြတာ၊ ဂိမ်းဆော့နေကြတာကို မကြိုက်ရင် စာဖတ်ချင်စိတ်ဖြစ်လာအောင် စာကောင်းပေမွန်လေးတွေရှိတဲ့ စာဖတ်ခန်းလေးတွေ များများပေါ်လာအောင် ပံ့ပိုးပေးကြရပါမယ်။

### သေးငယ်ကြုံလှီတဲ့ မျိုးဆက်သစ်တွေ

ဖုန်း၊ ကွန်ပျူတာ၊ တီဗွီ စသဖြင့် စကရင်တွေကို အချိန်ပြည့် မျက်နှာအပ်နေတဲ့ လူငယ်တွေ၊ အဲဒီစကရင်တွေကို ငုံ့ကြည့်နေရင်းနဲ့ ဘာဗဟုသုတ ပညာတွေများ ရသွားကြပြီလဲ။ တန်ဖိုးနားလည်သူတွေက ငါးကင်ရောင်းရင်း စာကြည့်တိုက်လေးတွေ ဖွင့်ပေးနေတဲ့ လူငယ်ကလေး ကိုဇော်ဇော်ကို ဆုပေးနေချိန်မှာ တန်ဖိုးမသိသူတွေကတော့ ဒီလိုစိတ်ကူးယဉ် အတုအယောင် ကမ္ဘာ (virtual world) တွေထဲမှာပဲ အချိန်တွေ နစ်မျောကုန်ဆုံးနေကြတာကတော့ တိုင်းပြည် နစ်နာလှပါတယ်။ ဒီလိုသာ ဆက်သွားနေမယ်ဆိုရင် ဦးနှောက်ရော၊ ကိုယ်ခန္ဓာပါ သေးငယ်ကြုံလှီတဲ့ မျိုးဆက်သစ်လူငယ်တွေ အင်မတန်များလာပါတော့မယ်။

### အပန်းလည်းပြေ၊ ဝင်ငွေလည်းရ

တာဝန်ရှိသူတွေဘက်က မဖြစ်သင့်တာတွေ မြင်ရ၊ ကြားရရင် ပြတ်ပြတ်သားသား တားဆီးအရေးယူသင့်သလို ပံ့ပိုးသင့်တာတွေကိုလည်း ပံ့ပိုးစေချင်ပါတယ်။ တကယ်သာ စေတနာအပြည့်နဲ့ လုပ်ချင်တယ်၊ လုပ်တတ်တယ်ဆိုရင် အပန်းဖြေနေရာတွေက ကိုယ့်ပြည်သူတွေအတွက်တင်မဟုတ်ဘဲ နိုင်ငံခြားသားတွေပါ ဝင်လာချင်အောင် လုပ်နိုင်မယ်ဆိုရင် ဝင်ငွေကောင်းတဲ့ လုပ်ငန်းတစ်ခုတောင် ဖြစ်ပါတယ်။ တန်အောင်တော့ ကိုယ့်ဘက်က ဝန်ဆောင်မှုကောင်းကောင်း ပြန်ပေးရမှာပေါ့။

### အကြံဉာဏ်တွေ ယူကြပါ

စကရင်ဖန်သားပြင်တွေရဲ့ ဘေးဘီပတ်ဝန်းကျင်ကို ကြည့်ချင်လာအောင်၊ ကြည့်လို့ကောင်းအောင် ပြုပြင်ကြရအောင်။ ဒီအတွက် တတ်ကျွမ်းနားလည်တဲ့ ပညာရှင်တွေဆီက အကြံဉာဏ် အကူအညီတွေ ယူသင့်ပါတယ်။ စိတ်ကူးယဉ် အတုအယောင်ကမ္ဘာမဟုတ်တဲ့ အပြင်ဘက် တကယ့်လောကကြီးမှာ သန့်ရှင်းတဲ့လေကို ရှူရှိုက်ရင်း ကောင်းကင်ပြာအောက်က မြက်ခင်းစိမ်းစိမ်းပေါ်မှာ၊ လုံခြုံစိတ်ချရတဲ့ ပတ်ဝန်းကျင်မှာ ပြည်သူတွေ စိတ်ရောကိုယ်ပါ အနှောင့်အယှက်ကင်းကင်းနဲ့ တကယ်အပန်းဖြေနိုင်မယ့် နေရာကလေးတွေ ဖန်တီးပေးကြရအောင်ပါ။ ။

# ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပန်းချီဘွဲ့ရကျောင်းသူများ၏ ပန်းချီပြပွဲပြသ



**ရန်ကုန် စက်တင်ဘာ ၅**
ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)တွင် ၁၉၉၃ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ပန်းချီပညာ သင်ယူခဲ့ပြီးနောက် နယ်ပယ်အသီးသီးတွင် အသက်မွေးဝမ်းကျောင်း ပြုလုပ်လျက်ရှိသော ပန်းချီဘွဲ့ရကျောင်းသူ ၁၁ ဦးနှင့် ဆရာနှစ်ဦးတို့၏ (၉၃) အမည်ရှိအမှတ်တရအုပ်စုလိုက် ပန်းချီပြပွဲ 93 Art Exhibition ကို ရန်ကုန်မြို့ ယောမင်းကြီးလမ်း ခြံအမှတ် (၆၅)တွင် စက်တင်ဘာ ၃ ရက်မှ စက်တင်ဘာ ၅ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအတွင်း ခင်းကျင်းပြသခဲ့သည်။

အဆိုပါပြပွဲတွင် ပါဝင်ရေးဆွဲပြသခဲ့သူ လက်ရှိဖက်ရှင်ဒီဇိုင်နာ မဝတ်ရည်ဦးက "ကျောင်းပြီးကတည်းက ပန်းချီကို မဆွဲဖြစ်တာ အနှစ် ၂၀ လောက်ရှိပြီ။ ဒီပွဲမှာ သူငယ်ချင်းတွေ စုစည်းပြသတဲ့ပွဲဖြစ်တာကြောင့် ဝင်ရောက်ဆွဲဖြစ်တာပါ။ Acrylic အမျိုးအစားကိုဆွဲခဲ့တယ်။ ပန်းချီပညာရပ်ကလက်ရှိလုပ်နေတာနဲ့လည်း ဆက်စပ်ပါတယ်။ အခြေခံသဘောတရားတွေအားလုံးက အတူတူပါပဲ။ ပန်းချီပညာကလူတစ်ယောက်ရဲ့ ပုံသဏ္ဌာန်ကို ပိုမြင်တဲ့ အရည်အချင်းရှိတယ်။ ဘယ်အရောင်နဲ့ဆိုလိုက်မယ်၊ မလိုက်ဘူးခံစားလို့ရတယ်။ အစ်မဖန်တီးတဲ့အထဲမှာ ဝတ်စုံဒီဇိုင်းတွေကိုပန်းချီပညာနဲ့ ဖန်တီးလို့ရတယ်ဆိုတာလည်း ပြသထားတယ်။ ပန်းချီပညာဆိုတာက အခြေခံပဲတတ်တတ် ဝါသနာပဲပါပါ အလွန်ကောင်းပါတယ်။ အမြဲတမ်း ပျော်ရွှင်စေတဲ့ အနုပညာရပ်တစ်ခုဖြစ်ပါတယ်"ဟု ဆိုသည်။

ယနေ့ပြသသည့် (၉၃) အမည်ရှိအမှတ်တရအုပ်စုလိုက် ပန်းချီပြပွဲတွင် ပန်းချီကားပေါင်း ၆၉ ကားပါဝင်ပြသကာ မြန်မာ့ရိုးရာယဉ်ကျေးမှု ထုံးတမ်းဓလေ့ကိုဖော်ကျူးသည့် ပန်းချီများကို အဓိကရေးဆွဲပြသထားကြောင်းသိရသည်။ ပန်းချီကားများမှာ ဆီဆေး၊ ရေဆေး၊ Acrylic အမျိုးအစားများဖြစ်ပြီး Acrylic ပန်းချီကားက ပိုမိုများပြားသည်။

ပြပွဲစီစဉ်သူပန်းချီဆရာ ဦးသိန်းဝင်းက "ဒီပွဲမှာရေးဆွဲဖြစ်တာက မြန်မာ့ရိုးရာထုံးတမ်းဓလေ့ကို သိရှိအောင် ပြန်လည်စုစည်းပြီးပြသတာပါ။ Acrylic အမျိုးအစားနဲ့ ရေးဆွဲထားတာပါ။ Acrylic က သုံးရလွယ်တယ်။ ဝယ်ယူရလည်းလွယ်တာကြောင့် တော်တော်များများသုံးကြတယ်" ဟု ဆိုသည်။

လက်ရှိပန်းချီကားများ၏ ဈေးကွက်နှင့်စပ်လျဉ်းပြီး "ဈေးကွက်အနေအထားက ကောင်းတဲ့အခါလည်း ကောင်းတယ်။ မကောင်းတဲ့အခါလည်းမကောင်းဘူး။ အဓိကကတော့ ပြပွဲပြသဖို့ နေရာအခက်အခဲပါပဲ။ တချို့က ပြပွဲပြဖို့နေရာမရှိဘူး။ တချို့ပြခန်းတွေက ဈေးကြီးတာကလည်း အပါအဝင်ပါပဲ။ ပြခန်းတွေဈေးနှုန်းချို သာရင် ဒီထက်မက ပြပွဲတွေ စည်စည်ကားကားဖြစ်လာမယ်ဆိုရင် ပိုကောင်းလိမ့်မယ်"ဟု ၎င်း၏အမြင်ကိုသုံးသပ်ခဲ့သည်။

93 Art Exhibition ပြပွဲတွင် ရှုမျှော်ခင်း၊ လူပုံတူ၊ သစ်ပင်ပန်းမန်၊ လူမှုဘဝတို့အပြင် မြန်မာ့ရိုးရာနှင့် နိုင်ငံတကာ ရေးဆွဲဟန်များဖြစ်သည့် သင်္ကေတဟန်၊ သရုပ်မှန်၊ မော်ဒန်၊ အိပ်စ်ပရက်ရှင်၊ ဒြပ်မဲ့ပုံစံ စသည့် ပန်းချီဆရာများ၏ စိတ်ကူးစိတ်သန်းများကို ရသမျိုးစုံပါဝင်ရေးဆွဲထားသည်ကို တွေ့ရသည်။

ယခု သုံးရက်တာ ကျင်းပလျက်ရှိသည့် ပန်းချီအုပ်စုပြပွဲမှရရှိလာမည့် ရလဒ်များကို သုံးသပ်ပြီး နောင်နှစ်များတွင်လည်း ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ စီနီယာကျောင်းသူများ၏ အုပ်စုလိုက်ပန်းချီပြပွဲများကို ဆက်လက်တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝင်းစန္ဒီ)**

# ရထားတိုက်မှုမဖြစ်ပွားစေရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၅**
ရထားရဲတပ်ဖွဲ့အမှတ်(၁၂)တပ်ခွဲ၊ တပ်စု(၂)တိုးကြောင်ကလေးမှ တပ်စုမှူး ဒုရဲအုပ်သန်းအေး ဦးစီး ရထားရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာ့မီးရထားဝန်ထမ်းများပူးပေါင်း၍ တိုးကြောင်ကလေးဘူတာနှင့် ငမိုးရိပ်ဘူတာကြား မိုင်တိုင်အမှတ်(၇/၁-၂) ရထားသံလမ်းကူးဂိတ်(၁)၌ စက်တင်ဘာ ၄ ရက် ညနေ ၄ နာရီက ဖြတ်သန်းမောင်းနှင်သွားလာလျက်ရှိသော မော်တော်ယာဉ်မောင်းများနှင့် ခရီးသည်များအား ရထားတိုက်မှုမဖြစ်ပွားစေရေးအတွက် ပညာပေးဆွေးနွေးခြင်းများနှင့် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၁၁၈)**

# မြို့နယ်စာရေးဆရာအသင်း ညီလာခံအတွေ့အကြုံရှင်းလင်း

**ရန်ကုန် စက်တင်ဘာ ၅**
ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် စာရေးဆရာအသင်း ညီလာခံအတွေ့အကြုံရှင်းလင်းပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက ထောက်ကြန့်တောင်ပိုင်းရပ်ကွက် လမ်းသစ်လမ်းရှိ မြို့နယ်စာရေးဆရာအသင်းရုံးခန်းမတွင် ပြုလုပ်သည်။

### အတွေ့အကြုံများ

ရှေးဦးစွာ နာယကကြီး ဦးအောင်သူရိန် (အောင်သူရိန်-ပုလဲ) က အဖွင့်အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဦးငွေစိုး (ငွေစိုး-ရွှေကြန့်မြေ)က စာရေးဆရာအသင်း ဗဟိုညီလာခံမှ အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

### စည်းကမ်းချက်များ

ဆက်လက်၍ အတွင်းရေးမှူး ဦးနေလင်း (မောင်နေလင်း-တက္ကစီမင်း) က စာရေးဆရာများ သိသင့်သိထိုက်သည့် စည်းကမ်းချက်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(ဌေးကြိုင်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသမီးဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၅**
တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းများ၌ ကျင်းပလျက်ရှိရာ ယနေ့ညနေ ၃ နာရီက ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းတွင် ရန်ကုန်တိုင်းဒေသကြီးဘောလုံးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအသင်းက ခြောက်ဂိုး-သုံးဂိုးဖြင့် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ဧရာဝတီတိုင်းဒေသကြီး ဘောလုံးအသင်းနှင့် ကချင်ပြည်နယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီး ဘောလုံးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

စက်တင်ဘာ ၆ ရက်တွင် ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းတွင် ကယားပြည်နယ် ဘောလုံးအသင်းနှင့် ရခိုင်ပြည်နယ် ဘောလုံးအသင်းတို့သည်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၃)၌ မန္တလေးတိုင်းဒေသကြီး ဘောလုံးအသင်းနှင့် ပဲခူးတိုင်းဒေသကြီး ဘောလုံးအသင်းတို့လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

■

### ○ (၄၃)ကြိမ်မြောက်မှ

(၅၀-၂၂)မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(ခ)မှ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက (၇၈-၄) မှတ်ဖြင့် လည်းကောင်း၊ ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက (၃၇-၂၄) မှတ်ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဆက်လက်၍ ကွာတားဖိုင်နယ်(အမျိုးသား)ပွဲစဉ်များအဖြစ် ရှမ်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက (၈၄-၅၆) မှတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက (၇၁-၆၇)မှတ်ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက (၆၉-၆၆)မှတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်အသင်းက (၅၅-၄၈) မှတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။ **(မောင်မောင်ဇော်)**



စင်ကာပူနိုင်ငံ TANAH MERAH COUNTRY CLUB ဂေါက်ကွင်းတွင် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၈ ရက်တွင်ကျင်းပမည့် ASEAN GOLF FEDERATION ANNUAL GENERAL MEETING နှင့် စက်တင်ဘာ ၆ ရက်မှ ၉ ရက်အထိကျင်းပမည့် 2016 SOUTH EAST ASIAN AMATEUR GOLF TEAM CHAMPIONSHIP ပြိုင်ပွဲတို့ကို ပါဝင်ယှဉ်ပြိုင်ရန်သွားရောက်မည့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေး ဦးဆောင်သောအဖွဲ့အား စက်တင်ဘာ ၄ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ (ဖိုးသော်ဇင်)

### ❖ MAI မှ

ပျံသန်းလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ လာရောက်လည်ပတ်ချင်စရာကောင်းသော နေရာများအနက် အထက်မြန်မာပြည်ဘက်တွင်လည်း များစွာရှိပြီး ယခုမန္တလေးမြို့ကို အခြေပြုပျံသန်းနေသောကြောင့် မန္တလေးမြို့အပါအဝင် ပုဂံ၊ စစ်ကိုင်း၊ မုံရွာ စသည့် အထင်ကရနေရာများသို့ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလာရောက်နိုင်မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် ၁၉၉၃ ခုနှစ်မှစတင်ကာ ပြည်ပခရီးစဉ်များ ပျံသန်းခဲ့ပြီး လက်ရှိတွင် ရန်ကုန်မြို့မှ ဗန်ကောက်၊ စင်ကာပူ၊ ကွာလာလမ်ပူ၊ ကွမ်ကျိုးနှင့် ဂယာမြို့များသို့ Airbus A 320 (လူဦးရေ ၁၈၀ ဆံ့)၊ Airbus A 319 (လူဦးရေ ၁၂၀ ဆံ့) လေယာဉ်များဖြင့် ပုံမှန်ပျံသန်းပေးလျက်ရှိပြီး စင်းလုံးငှားခရီးစဉ်များလည်း ပြည်ပနိုင်ငံများအတွက် ငှားရမ်းနိုင်ကြောင်း သိရသည်။ ယခု မန္တလေး-ဗန်ကောက်-မန္တလေး ခရီးစဉ်တွင် လေယာဉ်ပေါ်၌ ကံစမ်းမဲထည့်ဝင်၍ MAI ၏ မည်သည့်ခရီးစဉ်မဆိုစီးနင်းနိုင်သော အသွား၊ အပြန် လက်မှတ်နှစ်စောင် ထပ်မံရရှိနိုင်မည်ဖြစ်ပြီး ကံစမ်းမဲများကို အပတ်စဉ်ကြေညာပေးသွားမည်ဖြစ်သည်။ **(ဖိုးသော်ဇင်)**

❁ ကျောဖုံးမှ

ရေရှည်တည်တံ့ခိုင်မြဲရန် အဓိက ဦးစားပေး ဆောက်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ ၁၉၇၄ ခုနှစ် မတိုင်မီက မှတ်တမ်းများ၊ ၁၉၇၄ ခုနှစ်တွင် ပြန်လည်ပြုပြင်ပြီးသည့် မှတ်တမ်းများ၊ ဒုတိယအကြိမ်မြောက် ထိခိုက်ပျက်စီးဆုံးရှုံးမှုအား ပြန်လည်ပြုပြင်မွမ်းမံပြီး အနေအထား မှတ်တမ်းများကို သေချာစွာစုဆောင်းထားရှိရန် အကြံပြုတိုက်တွန်းလိုပါကြောင်း၊ ဘုရား ပုထိုး စေတီများ ပြန်လည်ပြုပြင်မွမ်းမံရေးလုပ်ငန်းများတွင် ကဏ္ဍပေါင်းစုံမှနေပြီး ပူးပေါင်းပါဝင်ကြသည့် ဌာနဆိုင်ရာနှင့် ယူနက်စကို အပါအဝင် အဖွဲ့အစည်းမျိုးစုံ၊ အလှူရှင်၊ စေတနာရှင် ပုဂ္ဂိုလ်များ အားလုံးအား နိုင်ငံတော်၏ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။



ယင်းနောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ လှူဒါန်းငွေကျပ်သိန်း ၁၀၀၀ ကို ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုထံပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူထံ စီဘီဘဏ်မှ ငွေကျပ်သိန်း ၁၀၀၀ နှင့် သီရိပစ္စယာဟိုတယ်မှ ဒေါ်လာ ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် Myanmar Tourism Federation မှ ငွေကျပ်သိန်း ၅၀၀ နှင့် ဦးရန်ဝင်းက ငွေကျပ်သိန်း ၁၀၀၊ ပုဂံဇုန်ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ ငွေကျပ် ၇၅ သိန်း နှစ်သောင်းနှင့် ဦးအောင်မျိုးမင်းဒင်က ငွေကျပ်သိန်း ၃၀၊ ဦးညီညီက ငွေကျပ် ၂၅ သိန်း၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကောဝိဒ ဆရာတော်က ငွေကျပ်သိန်း ၆၀ နှင့် မစုသက်နွယ်က ဒေါ်လာ ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ဦးအုန်းမောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးတို့က လက်ခံကြသည်။

ပုဂံစေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရာတွင် လိုအပ်ပါက အသုံးပြုနိုင်ရန် အုတ်များကို Mother Industrial Co., Ltd.က သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ သဗ္ဗညုဘုရား၊ စေတနာကြီးဘုရား၊ စူဠာမဏိဘုရား၊ ဂူပြောက်ကြီးဘုရားတို့၌ ပြုပြင်ထိန်းသိမ်းရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်းရှိ စေတီပုထိုးပေါင်း ၃၂၅၂ ဆူအနက် ၄၄၉ ဆူ ထိခိုက်ပျက်စီးခဲ့သည်။ အဆိုပါစေတီပုထိုးများ ပြန်လည်ပြုပြင်နိုင်ရန်အတွက် စေတနာရှင်ပြည်သူများက စက်တင်ဘာ ၄ ရက်အထိ ငွေကျပ်သိန်းပေါင်း ၁၈၆၁၇ သိန်းကျော်နှင့် အမေရိကန်ဒေါ်လာ ၁၇၀၀ တို့ကို လှူဒါန်းထားကြောင်း သိရသည်။

ထိခိုက်ပျက်စီးခဲ့သည့် စေတီပုထိုးများအား စက်တင်ဘာ ၄ ရက်အထိ ဆောင်ရွက်ထားမှုများမှာ အရေးပေါ် အမိုးအကာအုပ်ခြင်း အဆူ ၄၀၊ အပျက်အစီးများ ရှင်းလင်းဆဲ ငါးဆူ၊ ရှင်းလင်းပြီး ၁၇ ဆူ၊ အရေးပေါ်ထိန်းသိမ်းပြုပြင်ရန် ဝါးငြမ်းဆင်ပြီး နှစ်ဆူ၊ ငြမ်းဆင်ဆဲ ရှစ်ဆူ၊ ဝင်ရောက်ခြင်းမပြုရန် ဆိုင်းဘုတ်တပ်ဆင်ခြင်း ၅၇ ဆူ၊ အသေးစိတ်စာရင်းကောက်ယူခြင်း အဆူ ၃၅၀ တို့ကို ဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# မကွေးမြို့ လူထုစုပေါင်းစက်ဘီးစီးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၅**

စက်ဘီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ်စက်ဘီးအားကစားသမားများ ပေါ်ထွက်လာစေရန်တို့အတွက် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် မကွေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့ နံနက် ၆ နာရီတွင် လူထုစုပေါင်းစက်ဘီးစီးပွဲကို ကျင်းပသည်။ ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့ပြီး မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ပါဝင်သော ကျောင်းသား ကျောင်းသူအင်အား ၃၅၀ ခန့်သည် မကွေးမြို့ လမ်းငါးသွယ်အတိုင်းတာထွက်၍ မြို့တစ်ပတ်အတိုင်း လှည့်လည်စီးနင်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မကွေးတိုင်းဒေသကြီး ငါးခရိုင် အမျိုးသား အမျိုးသမီး အလေးမပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**မကွေး စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ငါးခရိုင် အမျိုးသား အမျိုးသမီး အလေးမပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက တိုင်းဒေသကြီး မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အလေးမပြိုင်ပွဲကို စက်တင်ဘာ ၃ ရက်မှ ၄ ရက်ထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် အမျိုးသမီးအလေးမပြိုင်ပွဲအဖြစ် ၅၃ ကီလိုတန်းအောက်၊ ၅၃ ကီလိုတန်းအထက် ပြိုင်ပွဲများနှင့် အမျိုးသားအလေးမပြိုင်ပွဲတွင် ၅၆ ကီလိုအောက်၊ ၅၆ ကီလို၊ ၆၉ ကီလိုတန်းကြားနှင့် ၆၉ ကီလိုအထက်ပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့သည်။ ၅၃ ကီလိုအောက် အမျိုးသမီး အလေးမပြိုင်ပွဲတွင် ပထမဆုကို မကွေးခရိုင်၊ ဒုတိယဆုကို ဂန့်ဂေါခရိုင်နှင့် တတိယဆုကို ပခုက္ကူခရိုင်တို့က ဆုများအသီးသီးရရှိခဲ့ပြီး ၅၃ ကီလိုအထက် အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုကို ပခုက္ကူခရိုင်၊ ဒုတိယဆုကို ဂန့်ဂေါခရိုင်တို့က ရရှိခဲ့ကြသည်။

အမျိုးသားပြိုင်ပွဲတွင် ၅၆ ကီလိုအောက်တွင် ပထမဆုကို မင်းဘူးခရိုင်ကလည်းကောင်း၊ ဒုတိယဆုကို ပခုက္ကူခရိုင်ကလည်းကောင်း၊ တတိယဆုကို သရက်ခရိုင်ကလည်းကောင်း ရရှိခဲ့ပြီး ၅၆ ကီလိုနှင့် ၆၉ ကီလိုကြားပြိုင်ပွဲတွင် ပထမဆုကို မင်းဘူးခရိုင်၊ ဒုတိယဆုကို သရက်ခရိုင်နှင့် တတိယဆုကို ပခုက္ကူခရိုင်တို့က ရရှိခဲ့သည်။ ၆၉ ကီလိုအထက်ပြိုင်ပွဲတွင် ပထမဆုကို မင်းဘူးခရိုင်ကလည်းကောင်း၊ ဒုတိယဆုကို ဂန့်ဂေါခရိုင်ကလည်းကောင်း၊ တတိယဆုကို ပခုက္ကူခရိုင်ကလည်းကောင်း ဆုများအသီးသီးရရှိခဲ့ကြပြီး အမျိုးသား အမျိုးသမီး အလေးမပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော မင်းဘူးခရိုင်အသင်းအား မကွေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်ဦးက တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

# သတ်မှတ်အမြန်နှုန်းကျော်လွန်မောင်းနှင်သော မော်တော်ယာဉ် ၂၁ စီးကို ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၅**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် သတ်မှတ်အမြန်နှုန်း ကျော်လွန်မောင်းနှင်သော မော်တော်ယာဉ်များကို ဖမ်းဆီးအရေးယူလျက်ရှိရာ ယနေ့တွင် မော်တော်ယာဉ် ၂၁ စီးကို ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။



သတ်မှတ်အမြန်နှုန်းထက် ပိုမိုအရှိန်ပြင်းမောင်းနှင်သော မော်တော်ယာဉ်များကို ယနေ့နံနက် ၇ နာရီမှ ညနေ ၅ နာရီအတွင်း အရှိန်နှုန်းတိုင်းတာစက်များ အသုံးပြုတိုင်းတာ၍ (၂၀၁) မိုင်တွင် ရဲအုပ်ဇော်လှိုင်ထွန်း ဦးစီး၍လည်းကောင်း၊ နေပြည်တော်တိုးဂိတ် (စီလမ်းဆုံ)တွင် အမြန်လမ်းရဲတပ်ဖွဲ့မှ ရဲမှူးရန်နောင်ဝင်း ဦးစီး၍ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့ဝင်များသည်လည်းကောင်း၊ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ် ၂၁ စီးကို ဖမ်းဆီးစစ်ဆေးပြီး ဇမ္ဗူသီရိမြို့နယ် ယာဉ်စည်းကမ်းတရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့သည်။

ထိုသို့ တရားစွဲဆိုတင်ပို့ရာတွင် အရှိန်နှုန်းလွန်ယာဉ် ၂၁ စီးအနက် ကိုးစီးကို နေ့ချင်းပြီး တရားစွဲတင် ဒဏ်ငွေချမှတ် အရေးယူခဲ့ပြီး ကျန်ယာဉ် ၁၂ စီးကို ဇမ္ဗူသီရိမြို့နယ် ယာဉ်စည်းကမ်းတရားရုံးသို့ ဒဏ်ကြေးငွေပေးဆောင်စေခြင်းဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

ယခုဖမ်းဆီးအရေးယူမှုသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအတွင်း ပထမအဆင့်အနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် ညပိုင်း၌ အရက်သေစာသောက်စားခြင်းတိုင်းတာသည့် ကိရိယာများဖြင့်ပါတိုင်းတာ၍ စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

# မြန်မာယူ-၁၆ အမျိုးသမီးအသင်း အာရှခြေစစ်ပွဲမအောင်မြင်

**ရန်ကုန် စက်တင်ဘာ ၅**

ထိုင်းနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၇ အရှယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ အုပ်စု(က) နောက်ဆုံးနေ့ပွဲများကို ယနေ့ ညနေပိုင်းကကျင်းပရာ မြန်မာယူ-၁၆ အမျိုးသမီးအသင်းသည် အိမ်ရှင် ထိုင်းယူ-၁၆ အမျိုးသမီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး ခြေစစ်ပွဲမအောင်ခဲ့ပေ။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ယခုပွဲ ဂိုးပြတ်အနိုင်ရရှိမှ ခြေစစ်ပွဲအောင်ရန် မျှော်လင့်နိုင်မည်ဖြစ်သော်လည်း ထိုင်းအသင်းကို ပထမပိုင်းနှင့် ဒုတိယပိုင်းတွင် တစ်ဂိုးစီပေးရကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ အုပ်စု(က) ပွဲစဉ်များအပြီးတွင် ထိုင်းအသင်းက ၁၂ မှတ်၊ လာအိုအသင်းက ကိုးမှတ်၊ မြန်မာအသင်းက ခြောက်မှတ်၊ ဂျော်ဒန်အသင်းက သုံးမှတ်၊ ဂူအမ်အသင်းက ပွဲတိုင်းရှုံးကာ အမှတ်မရရှိခဲ့ပေ။ ထိုင်းအသင်းသည် အုပ်စုပထမရခဲ့သော်လည်း နောက်ဆုံးအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သောကြောင့် ဒုတိယရခဲ့သည့် လာအိုအသင်းက ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ **(ရဲရင့်ရှိုင်း)**

# စာကြည့်တိုက်သစ်ထူထောင်ဖွင့်လှစ်နိုင်ရေး စာအုပ်များလှူဒါန်း

**လားရှိုး စက်တင်ဘာ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက် (၉) ဘူတာလမ်းရှိ ပြည်လုံးချမ်းသာဓမ္မာရုံ၌ စာကြည့်တိုက်သစ် ထူထောင်ဖွင့်လှစ်နိုင်ရေးအတွက် စာကြည့်တိုက်ကော်မတီဖွဲ့စည်းခြင်းနှင့် စာအုပ်များ မတည်လှူဒါန်းခြင်းအခမ်းအနားကို စက်တင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားမှ စာကြည့်တိုက်ကော်မတီနာယက ခြောက်ဦးနှင့် ဥက္ကဋ္ဌ ဦးတင်ထွန်း၊ စာကြည့်တိုက်မှူး ဦးမောင်မောင် (နေဥက္ကာ) တို့ပါဝင်သော စာကြည့်တိုက် အမှုဆောင်ကော်မတီကို ရွေးချယ်ဖွဲ့စည်းခဲ့ကြသည်။

ထို့နောက် စာကြည့်တိုက်သစ်အတွက် မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ် စာပေညီလာခံ ကိုယ်စားလှယ် ဦးသောင်းလွင်(နေမျိုးနွယ်-လားရှိုး)က ငွေကျပ် ခုနစ်သိန်းဖိုးရှိ စာအုပ်မျိုးစုံ ၄၅၀ နှင့် စေတနာရှင်များက ကွန်ပျူတာ ပရင်တာတစ်စုံ၊ စာအုပ်ဗီရိုတစ်လုံးတို့ကို မတည်လှူဒါန်းကြသည်။

အဆိုပါစာကြည့်တိုက်သစ် ဖွင့်ပွဲအခမ်းအနားကို ပြည်လုံးချမ်းသာဓမ္မာရုံ၌ စက်တင်ဘာ ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မည်သူမဆို စာအုပ်များကို အခမဲ့ ဖတ်ရှုငှားရမ်းနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သီပေါ(ကိုလတ်)**

# တရားမဝင် တမလန်းသစ်များ သိမ်းဆည်းရမိ

**ဖောင်းပြင် စက်တင်ဘာ ၅**

ဖောင်းပြင်မြို့နယ် ရဲတပ်ဖွဲ့မှူး၏စီစဉ်ညွှန်ကြားမှုဖြင့် ဖောင်းပြင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် မောင်မောင်သီဟ ဦးစီးသည့်အဖွဲ့သည် သက်သေ (ချင်းတွင်းဒေသ သယံဇာတ စောင့်ကြည့်ရေးအဖွဲ့)မှ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၄ ရက် ညနေ ၅ နာရီက သတင်းအရစောင့်ဆိုင်းနေစဉ် မှန်ပင်ကျေးရွာအုပ်စု မှန်ပင်ကျေးရွာအနီး ပင်လည်ဘူး-ဖောင်းပြင်ကားလမ်းတွင် တရားမဝင် တမလန်းသစ်များသယ်ဆောင်လာသည့် မော်တော်ယာဉ်သုံးစီးနှင့်အတူ ယာဉ်မောင်းနှင့် ပစ္စည်းပိုင်ရှင်သုံးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖမ်းဆီးရမိသော တရားမဝင်သစ်များနှင့် တွေ့ရှိသူသုံးဦးထံမှ သိမ်းဆည်းရမိသော သစ်များကို သစ်တောဦးစီးဌာနနှင့်ပူးပေါင်း၍ အသေးစိတ်တိုင်းတာလျက်ရှိပြီး ပသပ ၆(၁)အရ အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန် ၅ လ၊ ၆ လခန့်မှစ၍ တစ်ပတ်သုံးကြိမ် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ရန် လိုအပ်

**ရန်ကုန် စက်တင်ဘာ ၅**
ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်ဆောင်ကာလအတွင်း ကျန်းမာဖျတ်လတ်စေရန်အတွက် ကိုယ်ဝန် ၅ လ၊ ၆ လခန့်မှစ၍ တစ်ပတ်သုံးကြိမ် ပုံမှန်လေ့ကျင့်ခန်း ပြုလုပ်သင့်ကြောင်း ကျန်းမာပျော်ရွှင် မွေးမိခင်ခေါင်းစဉ်ဖြင့် ပြုလုပ်ခဲ့သည့် ကိုယ်ဝန်ဆောင်မိခင်အသိပညာပေး ဟောပြောပွဲမှ သိရသည်။

ကိုယ်ဝန်ဆောင်မိခင်တို့အတွက် "Pregnant Pregnancy Education Journal" ကိုယ်ဝန်ဆောင်ပညာပေးဟောပြောပွဲကို ဩဂုတ် ၂၇ ရက်က ရန်ကုန်မြို့ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တွင် ကျင်းပခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင် ၅၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကာ မီးယပ်နှင့်သားဖွားအထူးကုဆရာဝန်ကြီး ဒေါက်တာစိုးလွင်က ကျန်းမာပျော်ရွှင် မွေးမိခင်ခေါင်းစဉ်ဖြင့် ကိုယ်ဝန်ဆောင် အသိပညာပေး ဟောပြောခဲ့သည်။

ကိုယ်ဝန်ဆောင်မိခင်များအတွက် အရေးကြီးသော ဗဟုသုတများ မျှဝေခဲ့သည့်အပြင် ကိုယ်ဝန်ဆောင်ကာလအတွင်း မိခင်ကျန်းမာဖျတ်လတ်စေရန်အတွက် ကိုယ်ဝန်ဆောင်ကာလ ၅ လ၊ ၆ လမှ စတင်ကာ တစ်ပတ်လျှင် သုံးကြိမ် ပုံမှန်လေ့ကျင့်ခန်း ပြုလုပ်သင့်ပြီး သင့်တော်သော လေ့ကျင့်ခန်းအနေဖြင့် Prenagen Bellydance ဖြစ်ကြောင်း၊ Bellydance လေ့ကျင့်ခန်းသည် အရှေ့အလယ်ပိုင်းမှ စတင်ပေါ်ပေါက်ခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်တို့အတွက် သင့်လျော်သောကြောင့် လူသိများလာခဲ့သည်ဟု သိရသည်။ အဆိုပါလေ့ကျင့်ခန်းသည် ပျော်ရွှင်စရာကောင်းပြီး တင်ပါးဆုံကြွက်သား၊ ခါးပိုင်းနှင့် အစာအိမ်ကြွက်သားများကို သန်မာစေခြင်း၊ ဝမ်းဗိုက်နှင့် ပေါင်ကြွက်သားများ၏ ထိန်းညှိမှုကို တိုးမြှင့်ပေးသည့်အတွက် ကိုယ်ဝန်ဆောင်ချိန်နှင့် မွေးဖွားချိန်တွင် ခါးနာခြင်းကို လျှော့ချပေးခြင်း၊ ကိုယ်ခန္ဓာအနေအထား မှန်ကန်စေခြင်း၊ ကလေးမွေးဖွားရာတွင် လွယ်ကူစေခြင်းနှင့် စိတ်ဖိစီးမှုများကို လျှော့ချပေးခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေသည်ဟု အဆိုပါဟောပြောပွဲမှ သိရသည်။

"ဒီပွဲပြုလုပ်ရခြင်းရဲ့ရည်ရွယ်ချက်က မိခင်တို့ရဲ့ ဘဝခရီးကို ထိန်းသိမ်းစောင့်ရှောက်ပေးမယ့် PRENAGEN ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကိုယ်ဝန်ဆောင်မိခင်တွေအတွက် အကျိုးများတဲ့ အသိပညာပေးဟောပြောပွဲကို ပြုလုပ်တာပါ။ PRENAGEN က မိခင်တို့ရဲ့ ဘဝခရီးကို ထိန်းသိမ်းစောင့်ရှောက်မယ့် ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲတွေကိုလည်း ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု Kalbe International မှ Brand Manager မနွယ်နွယ်စိုးက ပရိနာဂင်အကြောင်းနှင့် ဟောပြောပွဲပြုလုပ်ရခြင်း အကြောင်းကို ရှင်းပြခဲ့သည်။

အဆိုပါ ဟောပြောပွဲအစီအစဉ်တွင် မီးယပ်နှင့်သားဖွားအထူးကုဆရာဝန်ကြီး ဒေါက်တာစိုးလွင်က ကျန်းမာပျော်ရွှင် မွေးမိခင်ခေါင်းစဉ်ဖြင့် ကိုယ်ဝန်ဆောင် အသိပညာပေးဟောပြောပေးခဲ့ပြီး Prenagen မှ Belly Dance လေ့ကျင့်ခန်းကို သရုပ်ပြသခဲ့ကာ ကိုယ်ဝန်ဆောင်မိခင်များက လေ့ကျင့်ခန်းအား လိုက်ပါလေ့ကျင့်ခဲ့ကြောင်း အဆိုပါဟောပြောပွဲမှ သိရသည်။

**(၀၀၁)**

World First Aid Day – 10 September 2016

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ - ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်

"First Aid for and by children"

"ကလေးများအတွက် ရှေးဦးပြုစုရေး၊ ကလေးများလည်း ပါဝင်ပေး"

# ကျန်းမာရေးပညာပေးခြင်းနှင့် ဆေးကုသမှုဆောင်ရွက်

**ကသာ စက်တင်ဘာ ၅**
ကသာခရိုင် မြို့နယ်တိုင်းရင်းဆေးကုဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ကသာမြို့နယ် မိဿလင်းအုပ်စု နလယ်အင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းဆေးကုသမှုများကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်ရာ အဘိုးအဘွားနှင့် ကျန်းမာရေးစောင့်ရှောက်ရန်လိုအပ်သော ဝေဒနာရှင် ၈၀ ခန့်အား အရိုးအကြောပြင်ပေးခြင်း၊ ဆေးစည်းပေးခြင်း၊ ကြပ်ထုပ်ထိုးပေးခြင်းနှင့် ဆေးဝါးများအခမဲ့ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းကုသရာတွင် ခရိုင်/မြို့နယ်တိုင်းရင်းဆေးကုဌာန၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ငြိမ်းနှင့်အဖွဲ့ဝင်များ၊ မိဿလင်းအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြင့်ကေခိုင်(ပြန်/ဆက်)**

# ကြံတစ်တန် ကျပ်လေးသောင်းခန့်ပေး၍ ဝယ်မည့်သတင်းကြောင့် ကြံစိုက်ပျိုးရန် တောင်သူများ စိတ်ဝင်စားမှုမြင့်တက်

**ရေတာရှည် စက်တင်ဘာ ၅**
ကြံတစ်တန်လျှင် ကျပ်လေးသောင်းဝန်းကျင်အထိ တိုးမြှင့်ဝယ်ယူရန် စက်ရုံများက တရားဝင်ကမ်းလှမ်းလာသည့်အတွက် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် ကြံစိုက်ပျိုးရန်စိတ်ဝင်စားမှု မြင့်တက်လာနေကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းမြင့်က ပြောကြားသည်။

စပါး၊ ပဲအမျိုးမျိုးနှင့်အခြားသော စိုက်ပျိုးသီးနှံများ ဈေးနှုန်းကောင်းမွန်ခြင်းကြောင့် တစ်နှစ်တွင် တစ်ခါသာ ဝင်ငွေရရှိနိုင်သည့် ကြံသီးနှံစိုက်ပျိုးခြင်းကို တောင်သူများက စိတ်ဝင်စားမှုလျော့ကျခဲ့ပြီး လွန်ခဲ့သော သုံးနှစ်ခန့်က ရေတာရှည်မြို့နယ်၌ ကြံစိုက်ပျိုးသည့် ဧကနှစ်သောင်းခွဲကျော်ရှိခဲ့သော်လည်း လွန်ခဲ့သည့်နှစ်ပိုင်းမှစတင်ကာ ဧက ရှစ်ထောင်အထိ ကျဆင်းသွားခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကြံစိုက်ပျိုးသည့် ဧကအလိုက် ရောင်းလိုအားနှင့် ဝယ်လိုအားကွာခြားခြင်းကြောင့် တောင်သူများ ထိခိုက်ဆုံးရှုံးမှုကြီးမားခြင်းမှာ စိုက်ဧကလျော့ကျခြင်း၏ အဓိကအကြောင်းအရင်းဖြစ်ကြောင်း တောင်သူများက ပြောသည်။ "ကြံစိုက်တာက ရောဂါပိုးမွှား၊ ရာသီဥတုအတွက် ဘာမှပူစရာမလိုပါဘူး။ အချိန်တန်လို့ စက်ရုံကိုရောင်းချရတဲ့အပိုင်းမှာကျတော့ အခက်အခဲတွေအများကြီး ကြုံကြရတယ်။ နေပူပြင်းတဲ့အချိန်မှာ ရောင်းချခွင့်က အတော်နဲ့မရတော့ နေပူမိပြီး အလေးချိန်လျော့ကျတဲ့အခါမှာ အများကြီးနစ်နာမှုတွေဖြစ်ရတာ ခုလိုဈေးနှုန်းလည်း ကောင်းမယ်၊ ရောင်းချတဲ့အခါမှာ အခက်အခဲတွေမရှိဘူးဆိုရင် တောင်သူတွေပြန်စိုက်ကြမှာပါ"ဟု ဆင်ငွေကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ဌာနကို စာဝင်ထားတာရှိပါတယ်။ စက်ရုံတွေက တစ်တန်ကို လေးသောင်း စက်ရုံအရောက်ဈေးနဲ့ဝယ်မယ်။ နောက်မှ ဈေးနှုန်းမြှင့်ပေးဦးမယ်လို့လည်းသိရလို့ တောင်သူတွေအတွက် အများကြီးအဆင်ပြေနိုင်မှာပါ" ဟု စိုက်ပျိုးရေးဌာန ဦးစီးမှူး ဦးဝင်းမြင့်က ရှင်းလင်းပြောကြားသည်။

**ကိုလွင်(ဆွာ)**



# ကမ်းပြိုမှုကာကွယ်ရေး ကျောက်စီတမံတည်ဆောက်ခြင်းလုပ်ငန်း ၆၀ ရာခိုင်နှုန်းပြီးစီး

**ဝိုင်းမော် စက်တင်ဘာ ၅**
ဝိုင်းမော်မြို့နယ် ရပ်ကွက်(၁)ရှိ ဧရာဝတီမြစ်ကမ်းနံဘေးတွင် ရေတိုက်စားမှုကြောင့် နေအိမ်နှင့် ဌာနဆိုင်ရာ အဆောက်အအုံများ အန္တရာယ်ကင်းဝေးစေရေး၊ ကမ်းပြိုမှုကာကွယ်ရေး ကျောက်စီတမံ တည်ဆောက်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ တည်ဆောက်မှုလုပ်ငန်း ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း အင်ခိုင်ဘွမ်ဆောက်လုပ်ရေးကုမ္ပဏီမှ ဒါရိုက်တာ ဦးဇေယျာထွန်းထံမှ သိရသည်။

အဆိုပါ ကမ်းပြိုကာကွယ်ရေး ကျောက်စီရေထိန်းတမံတည်ဆောက်ခြင်းကို ဇွန်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ဦးဇေယျာထွန်းက "နိုင်ငံတော်အစိုးရရဲ့ ရက် ၁၀၀ စီမံချက်အရ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၂၈ သန်း အကုန်အကျခံပြီး ဝိုင်းမော်မြို့ရပ်ကွက်(၁) ဧရာဝတီမြစ်ကမ်းနံဘေးမှာ ကျောက်စီတမံ ရေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီလုပ်ငန်းမှာ အဆင့်သုံးဆင့်ပါရှိပြီး အဆင့်တိုင်းမှာ သံကူကွန်ကရစ်ရေထိန်းနံရံများကို တည်ဆောက်ပေးသွားမှာဖြစ်ပါတယ်။ ပထမအဆင့်မှာ အမြင့် ခုနစ်ပေခွဲ၊ အောက်ခြေ အကျယ်ငါးပေ၊ အပေါ်မျက်နှာပြင် နှစ်ပေခွဲအကျယ်နဲ့ ကွန်ကရစ်တာပေါင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေတာဖြစ်ပြီး ၁၈ ပေအကွာစီမှာ အခုလိုပဲ ကျောက်စီရေထိန်းနံရံနှစ်ခုကိုတည်ဆောက်ပြီး တစ်ခုနဲ့တစ်ခုအကြားကိုလည်း ကျောက်တုံးကြီးတွေ စီသွားမှာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

ကမ်းပြိုကာကွယ်ရေး ကျောက်စီတမံတည်ဆောက်မှုလုပ်ငန်းခွင်မှာ အရှည်ပေ ၄၆၀ရှိပြီး မြစ်ရေတိုးတက်လာသည့်အခါ မြစ်ကမ်းရှိ ရုံးအဆောက်အအုံများနှင့် နေအိမ်များ ပြိုကျပျက်စီးမှုမရှိစေရေးနှင့် စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်အချိန်အတွင်းပြီးစီးရေးအတွက် စက်ယန္တရားများဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နေရပြီး မြစ်ရေမြင့်တက်မှုများကြောင့် လုပ်ငန်းကြန့်ကြာမှုများ တွေ့ကြုံနေရကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

# ရွှေဘို၌ မိုးစပါးရွှေဘိုပေါ်ဆန်းမွှေး ယမန်နှစ်ကထက် ဈေးနိမ့်နေပြီး နွေစပါးဈေးကွက်အေးနေ

**ရွှေဘို စက်တင်ဘာ ၅**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ဒေသ၌ မိုးစပါးရွှေဘိုပေါ်ဆန်းမွှေး ယခင်နှစ်ကာလတူအချိန်ထက် ဈေးနှုန်းနိမ့်နေပြီး နွေစပါးလည်း ဝယ်ယူသူမရှိသည်အထိ ဈေးကွက်အေးနေကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။

အဆိုပါဒေသသည် သဖန်းဆိပ်ဆည်ရေဖြင့် လယ်မြေဧကပေါင်း ငါးသိန်းခန့်ကို စိုက်ပျိုးခဲ့ရာတွင် ဧကလေးသိန်းနီးပါးမှာ အခြားသောစပါးများထက် ဈေးနှုန်းနှစ်ဆနီးပါးရသည့် ရွှေဘိုပေါ်ဆန်းမွှေးစပါးများသာ စိုက်ပျိုးကြသည်။ ယခင်နှစ်က ရွှေဘိုပေါ်ဆန်းမွှေးစပါးများကို စပါးတင်း ၁၀၀ လျှင် ကျပ် ၁၄ သိန်းဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း လက်ရှိအချိန်တွင် စပါးတင်း ၁၀၀ လျှင် ကျပ် တစ်ဆယ့်နှစ်သိန်းခွဲဝန်းကျင်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြကြောင်းသိရသည်။

ထို့ပြင် မူဆယ်ရှိတရုတ်ဆန်ဈေးကွက် ပျက်နေမှုကြောင့် ရွှေဘိုဒေသ၌ နွေစပါးများလည်း ဝယ်ယူသူမရှိသည်အထိ ဈေးကွက်အေးနေပြီး နွေစပါးဈေးမှာ စပါးတင်း ၁၀၀ လျှင် ကျပ် ၅၃၀၀၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြသည်။ သို့ရာတွင် နွေစပါးများမှာ ဝယ်ယူသူမရှိလောက်အောင် စပါးဈေးအေးနေသည့်အတွက် တောင်သူများ မိုးစပါးစိုက်ပျိုးစရိတ် ရင်းနှီးမြှုပ်နှံရန်အတွက် အဆင်မပြေမှုများ ဖြစ်နေကြသည်။

ရွှေဘိုဆန်ဈေးကွက်တွင် ပေါ်ဆန်းဆန် တစ်အိတ်(၂၄ ပြည်ဝင်)လျှင် ကျပ် ၄၄၀၀၀ ဝန်းကျင်၊ မိုးသုခရှယ် တစ်အိတ်(၂၄ ပြည်ဝင်)လျှင် ကျပ် ၂၆၅၀၀ ဝန်းကျင်၊ ပေါ်ဆန်းနယ်စုံ တစ်အိတ်(၂၄ ပြည်ဝင်)လျှင် ကျပ် ၃၃၀၀၀ ဝန်းကျင်၊ နွေရက် ၉၀ ဆန် တစ်အိတ်(၂၄ ပြည်ဝင်)လျှင် ကျပ် ၂၁၅၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**(ရောင်နီတင်ဝင်း)**

# စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းဖွင့်

**ဒီးမော့ဆို စက်တင်ဘာ ၅**
ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးဌာနမှ ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အထောက်အကူပြုစေရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်း (၂/၂၀၁၆) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ဆင်တောင်ကျေးရွာအုပ်စု ဝီးသဲကူး(မြောက်)ရွာ ခန်းမဆောင်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒု-ဦးစီးမှူး ဦးစိန်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒု-ဦးစီးမှူး ဒေါ်ခင်သန်းနုက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၅ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းကာလအတွင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့က (GAP) ၁၄ ချက်နှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာအချိန်ကိုက်အချိုးကျရောစပ်သုံးစွဲနည်းများ၊ မြေဆီလွှာနှင့် မြေချဉ်ငန်ဓာတ်အကြောင်း၊ မျိုးစေ့နှင့် မျိုးကောင်းမျိုးသန့်ထားရှိသုံးစွဲမှု၊ သီးနှံပင်များ ပိုးမွှားရောဂါဆိုင်ရာ အဓိကပြုလုပ်/သုံးစွဲဆောင်ရွက်ခြင်း နည်းပညာများဆွေးနွေးခြင်း၊ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ရောဂါများကို ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါသင်တန်းကို သင်တန်းသား ၃၀ တက်ရောက်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဘွဲ့ရပြီးအလုပ်ရရှိရန်နှင့် ကုမ္ပဏီများလူ့စွမ်းအားအရင်းအမြစ်ရရှိရန် ဒုတိယအကြိမ် Job Fair ကို မုံရွာစီးပွားရေးတက္ကသိုလ်၌ ပြုလုပ်



**မုံရွာ စက်တင်ဘာ ၅**

ပုဂ္ဂလိကလုပ်ငန်းရှင်များက မိမိတို့၏လုပ်ငန်းများကို မုံရွာစီးပွားရေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများ သိရှိစေပြီး လုပ်ငန်းကုမ္ပဏီများတွင် လိုအပ်နေသော လူ့စွမ်းအားအရင်းအမြစ်များကို ခေါ်ယူခန့်ထားနိုင်ရန်နှင့် မုံရွာစီးပွားရေးတက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် အတွက် ဒုတိယအကြိမ် Job Fair ကို စက်တင်ဘာ ၁ ရက်က မုံရွာစီးပွားရေးတက္ကသိုလ် မိုးလုံလေလုံခန်းမ၌ ကျင်းပခဲ့သည်။

"ကျောင်းသား ကျောင်းသူတွေအနေနဲ့ ဘွဲ့ရတဲ့ အချိန်မှာ အလုပ်အကိုင်ရှာဖွေနေရမယ့်အစား တစ်ခါတည်း အလုပ်တန်းရစေပါတယ်။ ကုမ္ပဏီတွေဘက်ကလည်း လေ့ကျင့်ပျိုးထောင်ပြီးသားကို အရန်သင့်ရရှိစေတဲ့အတွက် နှစ်ဦးနှစ်ဖက်အကျိုးရှိစေပါတယ်။ ကုမ္ပဏီအနေနဲ့ စီးပွားရေးတက္ကသိုလ်က သင်ပေးထားတဲ့ အဓိကဘာသာရပ်ကြီး ငါးရပ်ထဲကကြိုက်ရာကို ကုမ္ပဏီနဲ့ကိုက်ညီတာနဲ့ ရွေးချယ်ခန့်ထားခွင့်ရစေပါတယ်။ အခုဟာက နှစ်ဖက်စလုံး WIN&WIN System နဲ့သွားတော့ အများကြီး အဆင်ပြေစေပါတယ်။ မနှစ်က ပထမအကြိမ်လုပ်တုန်းကလည်း ကလေးတွေဆီက လျှောက်လွှာပေါင်း ၄၀၀ လောက်ရတယ်လို့သိရပါတယ်။ နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူတွေအားလုံးရဲ့ တစ်ဝက်လောက်ရသွားတယ်လို့ သိရပါတယ်။ ဒီကုမ္ပဏီတွေမှာ ဘယ်လောက်ကြာအောင်နေတယ်။ မနေဘူးဆိုတာ အဖြေရှာစောင့်ကြည့်ရမှာပါ" ဟု မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်ခင်ထွေးက ပြောသည်။

မုံရွာစီးပွားရေးတက္ကသိုလ်၏ ဒုတိယအကြိမ် Job Fair ဖွင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီက မုံရွာစီးပွားရေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် CDC(Career Development Consultancy) ;Mobile One;CMHL(City Mart Holding Co;Ltd);Jobs inMyanmar တို့အပါအဝင် ကုမ္ပဏီပေါင်း ၁၄ ခုတို့ ပူးပေါင်းကျင်းပရာ ပါမောက္ခချုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ဖိတ်ခေါ်ထားသော ကုမ္ပဏီများက လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဒုတိယအကြိမ် Job Fair ကို မုံရွာ စီးပွားရေး တက္ကသိုလ်နှင့် အခွင့်အလမ်းဂျာနယ်တို့ပူးပေါင်းပြီး စီးပွားရေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကို ချိတ်ဆက်ပေးရန် ကျင်းပခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်က ပထမအကြိမ် Job Fair ကို ကုမ္ပဏီ ၁၁ ခုဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မြောင်းမြမြို့နယ်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ်ပေးအပ်

**မြောင်းမြ စက်တင်ဘာ ၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန မြောင်းမြမြို့နယ် သစ်တောဦးစီးဌာနမှ ကျောက်ကုန်းကြိုးဝိုင်းအတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ် ပေးအပ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၄ ရက် မွန်းလွဲ ၂ နာရီက မုဆိုးကွင်းကျေးရွာအုပ်စု ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။



သစ်တောကြိုးဝိုင်းများအတွင်း ရှေးယခင်ကတည်းက နေထိုင်လျက်ရှိသူများကို နိုင်ငံတော်က တရားဝင်နေထိုင်ခွင့်ရရှိအောင် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး သစ်တောမြေအတွင်း စည်းကမ်းနှင့်အညီ လုပ်ကိုင်နေထိုင် စားသောက်ရန် နှစ် ၃၀ လုပ်ကိုင်ခွင့်ပေးအပ်ခြင်းဖြစ်ကြောင်း မြောင်းမြခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်၏ ပြောကြားချက်အရ သိရသည်။

ဒေသခံပြည်သူများ ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာပြီး ဆင်းရဲနွမ်းပါးမှုလျော့နည်းစေရန်၊ သစ်တောဖုံးလွှမ်းသည့်ဧရိယာများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး ရေရှည်တည်တံ့လာစေရန်၊ ပြည်သူများ ပူးပေါင်းပါဝင်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်ကို မြှင့်တင်ရန်၊ သစ်တောပြုန်းတီးခြင်းနှင့် အရည်အသွေး ကျဆင်းခြင်းတို့ကို ကာကွယ်ထိန်းသိမ်းရန် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး အဆိုပါ ဒေသခံပြည်သူများ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့် လက်မှတ်ပေးအပ်ပွဲတွင် ကျောက်ကုန်းကြိုးဝိုင်း အကွက်ကြီး(၁)အတွင်းရှိ မုဆိုးကွင်းကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာနေ ဦးကံမြင့်ပါ ၁၅ ဦး၏ ယာမြေ ၁၉ ဒသမ ၁၇ ဧကနှင့် အကွက်ကြီး(၁/၂)အတွင်းရှိ ဦးသန်းမြင့်ပါ ငါးဦး၏ယာမြေ ၅ ဒသမ ၄ ဧကအတွက် သီးနှံသစ်တောရောနှော စနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း တည်ထောင်ခွင့် လက်မှတ်များကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျတို့က လုပ်ကိုင်ခွင့်လက်မှတ်များ ပေးအပ်ခဲ့ကြပြီး ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

# သပိတ်ကျင်းမြို့နယ်တွင် မူခင်းကျဆင်းရေးလုပ်ငန်းများ ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်

**သပိတ်ကျင်း စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်ရဲတပ်ဖွဲ့သည် တရားဥပဒေစိုးမိုးရေး၊ မှုခင်းကင်းစင်ရေးတို့အတွက် မှုခင်းကျဆင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းမှစတင်၍ မြို့နယ်အတွင်းရှိ ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မှုခင်းကျဆင်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန့်ဇင်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဇရပ်ကွင်းကျေးရွာ ရွှေရတနာဈေး ဈေးသူ ဈေးသားများ၊ ဈေးသွား ဈေးလာများ၊ ကားဂိတ်နှင့် ဆိုင်ကယ်ကယ်ရီမောင်းသူများအား မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များနှင့် မှုခင်းများဖြစ်ပေါ်လာပါက ဆက်သွယ်ရမည့် ရဲစခန်း၊ ရဲကင်းနှင့် အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၏ ဖုန်းနံပါတ်များ ပါဝင်သော လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့အပြင် ဇရပ်ကွင်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အတူ ရာအိမ်မှူးနှင့် ရပ်ကွက်နေပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ပုလဲမြို့သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်

**ပုလဲ စက်တင်ဘာ ၅**

ပုလဲမြို့ တောင်ပိုင်းရပ်ကွက် ပါရမီရပ်ရှိ လမ်းဘေး ဝဲ၊ ယာရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းများပြန်လည်တူးဖော်ခြင်းနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက ဒု-ရဲမှူးထွန်းကျော်ဦးဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ ပုလဲမြို့ မြသိန်းတန်ဘုရား၌ အတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများနှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ကိုလည်း စက်တင်ဘာ ၂ ရက်က မြို့မရဲစခန်းမှူး ဒု-ရဲမှူးထွန်းကျော် ဦးဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# ရွှေလှေချောင်ကျေးရွာ တိုးမြစ်ရေတိုက်စား၍ ကမ်းပါးများဆက်တိုက်ပြိုကျ၊ ကမ်းမြေထိန်းနံရံပြုလုပ်ပေးရန်လို

**တွံတေး စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရွှေလှေချောင်ကျေးရွာသည် တိုးမြစ်၊ မအူပင်မြစ်နှင့် တွံတေးတူးမြောင်းတို့၏ ရေစွယ်ထိုးမှုကြောင့် စက်တင်ဘာ ၂ ရက်အထိ ကမ်းပါးများ ဆက်တိုက်ပြိုကျနေကြောင်း ဒေသခံတစ်ဦးထံမှ သိရသည်။

အဆိုပါကျေးရွာ တိုးမြစ်၊ မအူပင်မြစ်နှင့် တွံတေးတူးမြောင်းရေစွယ်ထိုးမှုကြောင့် ဇူလိုင် ၂၃ ရက်မှစတင်၍ တဖြည်းဖြည်းပြိုကျလျက်ရှိသဖြင့် ဒေသခံများက စိုးရိမ်နေကြကြောင်း သိရသည်။

"ကမ်းပြိုကျတာက နေ့စဉ်ဖြစ်နေတယ်။ ဒီထက်ပိုဆိုးလာရင် ဒေသခံတွေအတွက် သက်ဆိုင်ရာက တစ်ခုခုလုပ်ပေးမှ အဆင်ပြေမယ်" ဟု ရွှေလှေချောင်ကျေးရွာမှ ဒေသခံ ဒေါ်နွယ်နီက ပြောသည်။

တိုးမြစ်၊ မအူပင်မြစ်နဲ့တွံတေးတူးမြောင်း ရေစွယ်ထိုးမှုကြောင့် ဇူလိုင်လမှ စက်တင်ဘာလအထိ ကမ်းများဆက်လက်ပြိုကျခဲ့ပြီး လူနေအိမ်ခြေ ၁၂ လုံးခန့် ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

"ဆက်လက်ပြီး ပြိုကျမယ်ဆိုရင် လိုအပ်တာကို ကျွန်တော်တို့ဘက်က ကူညီရမှာပါ"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ရွှေက ပြောသည်။

ရွှေလှေချောင်ကျေးရွာ၌ အိမ်ခြေ ၇၄ အိမ်ရှိပြီး လူဦးရေ ၃၅၀ ခန့် နေထိုင်ကြကြောင်း သိရသည်။ ကမ်းပါးဆက်လက်ပြိုကျနေသဖြင့် ကမ်းပါးမပြိုကျရေးအတွက် ကမ်းထိန်းနံရံပြုလုပ်ပေးရန် ဒေသခံများ လိုလားလျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်(ရွှေဈေး) ၈၅၆၀၀၀ - ၈၅၇၀၀၀၊ မန္တလေး(ရွှေဈေး) ၈၅၅၅၀၀ - ၈၅၆၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၅၆၀/၅၈၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၁၀/ ၆၂၀ ကျပ်၊ | ၆၈၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၃၀/၅၄၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၆၀/၅၈၀ ကျပ်၊ | ၆၁၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၃၅ ကျပ်၊

အောက်တိန်း 92 တစ်လီတာ ၄၈၇ ကျပ်

**၂၉-၈-၂၀၁၆ ရက်နေ့မှ ၂-၉-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၁၂ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၅၁၀ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေး ပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၁၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၅၀. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၁. ၁၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၄. ၉၅၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၆. ၅၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၁၁၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၆၅. ၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၈. ၉၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၆. ၆၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၉၀. ၆၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**



ကြေးမုံ

စက်တင်ဘာ ၆၊ ၂၀၁၆



# Xi'an Silk Road ရုပ်ရှင်ပွဲတော်တွင် ပြောရေးဆိုခွင့်ရှိသူတစ်ဦးအဖြစ် ဂျက်ကီချန်းအား ခန့်အပ်

ကွန်ဖူးစူပါစတား အက်ရှင်မင်းသား ဂျက်ကီချန်းအား တတိယအကြိမ်မြောက်အဖြစ်ကျင်းပမည့် Xi'an Silk Road International Film Festival တွင် ပြောရေးဆိုခွင့်ရှိသူတစ်ဦးအဖြစ် ခန့်အပ်ခဲ့ကြောင်း အဆိုပါပွဲစီစဉ်သူများက စက်တင်ဘာပထမပတ်က သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါရုပ်ရှင်ပွဲတော်ကို လာမည့် စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ Shaanxi ပြည်နယ်၏မြို့တော် Xi'an တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ အထင်ကရရုပ်ရှင်ပွဲတော်များအနက် တစ်ခုဖြစ်သည့် အဆိုပါရုပ်ရှင်ပွဲတော်ကို နှစ်စဉ်ကျင်းပလေ့ရှိပြီး ရုပ်ရှင်ကဏ္ဍမှ တာဝန်ရှိသူများနှင့် အလှည့်ကျပြည်နယ်နှစ်ခု၏ အစိုးရအဖွဲ့တို့က စီစဉ်ကျင်းပပေးသည့် ရုပ်ရှင်ပွဲတော်တစ်ခုလည်းဖြစ်သည်။

အဆိုပါရုပ်ရှင်ပွဲတော်သည် အာရှနှင့်ဥရောပကို ဆက်သွယ်ထားသည့် ပိုးလမ်းမကြီးကိုအသုံးပြုကာ ရုပ်ရှင်ရုံများနှင့် ယဉ်ကျေးမှုဆိုင်ရာမတူကွဲပြားမှုများကိုပါ မီးမောင်းထိုးပြသည့်ပွဲတော်တစ်ခုလည်းဖြစ်ကြောင်း သိရသည်။

ဂျက်ကီချန်းအနေဖြင့် အဆိုပါ လမ်းမကြီးနှင့် ၎င်း၏သမိုင်းကြောင်းခိုင်မာမှုကို ၂၀၁၅ ခုနှစ်က ထွက်ရှိခဲ့သည့် Dragon Blade ဇာတ်ကားတွင် ဖော်ပြခဲ့သည်။ ယင်းဇာတ်ကားသည် အဆိုပါပိုးလမ်းမကြီးတစ်လျှောက်တွင် ဖြစ်ပွားခဲ့သည့် တရုတ်နှင့်ရောမတို့၏ ဒဏ္ဍာရီစစ်ပွဲတစ်ပွဲအကြောင်းကို အခြေခံရိုက်ကူးထားသော တရုတ်-ဟောင်ကောင် သမိုင်းမှတ်တမ်းအက်ရှင်ဇာတ်ကားဖြစ်သည်။ ယင်းဇာတ်ကားတွင် ဂျက်ကီချန်းက စစ်သည်ရဲမက်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

မျိုးစန္ဒာမောင် - စုစည်းသည်

# Miss Myanmar International အလှမယ်သရဖူကို အင်ကြင်းထူး ဆွတ်ခူး

**ရန်ကုန် စက်တင်ဘာ ၅**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင်ကျင်းပမည့် Miss International Beauty Pageant အလှမယ်ပြိုင်ပွဲကြီးတွင် နိုင်ငံကိုယ်စားပြုဝင်ရောက် ယှဉ်ပြိုင်နိုင်စေရန်အတွက် အရည်အချင်းပြည့်ဝပြီး ထူးချွန်ထက်မြက်သည့် အမျိုးသမီးတစ်ဦး ရွေးချယ်ပေးမည့် Miss Myanmar International 2016 ပြိုင်ပွဲအခမ်းအနားကို စက်တင်ဘာ ၄ ရက် ညပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Melia ဟိုတယ်၌ ကျင်းပခဲ့သည်။

မြန်မာအမျိုးသမီးငယ်တို့၏ လှပတင့်တယ်မှု၊ ပင်ကိုစွမ်းရည်၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုတို့ကို စိစစ်ရွေးချယ်ပေးခဲ့ပြီး ဝင်ရောက်ယှဉ်ပြိုင်သည့် အလှမယ် ၂၀ ထဲမှ Miss Myanmar International သရဖူကို အင်ကြင်းထူးက ရရှိပိုင်ဆိုင်ခဲ့ပြီး 1st Runner Up ဆုကို တင်စန္ဒာမျိုးနှင့် 2nd Runner Up ဆုကို နေကြာခင်ခင်တို့က အသီးသီး ရရှိခဲ့ကြသည်။ ယင်းအပြင် ပြိုင်ပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သည့် ဗဟုသုတကြွယ်ဝသော Miss Green ဆုကို နေကြာခင်ခင်၊ ပရိသတ်အကြိုက် အများဆုံးမဲပေးခံရသည့် Miss Popular ဆုကို သရဖူရရှိခဲ့သော အင်ကြင်းထူးက ရရှိခဲ့ပြီး Talent Show တွင် အကောင်းဆုံးတင်ဆက်ပြသနိုင်သည့် Miss Talent ဆုကို နိုးထက်ထက်နိုင်တို့က အသီးသီးရရှိခဲ့ကြသည်။

ယင်းပြိုင်ပွဲကြီးကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းက ပဉ္စမအကြိမ်မြောက် ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲကျင်းပရခြင်းမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ယခုကဲ့သို့ အလှမယ်များကို ကမ္ဘာ့အဆင့်မီပြိုင်ပွဲများသို့ နိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ် ပြိုင်စေခြင်းဖြင့် မြန်မာနိုင်ငံအတွင်းမှ စိတ်ဝင်စားဖွယ်ရာဒေသများကို နိုင်ငံတကာက သိရှိနိုင်မည့်အပြင် မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကဏ္ဍများတွင် အမျိုးသမီးများက



တစ်တပ်တစ်အားပါဝင်လာခြင်းကို မြှင့်တင်နိုင်ခြင်း စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၂ ခုနှစ်က စတင်ကျင်းပခဲ့သည့် Miss Myanmar International ပြိုင်ပွဲတွင် သရဖူကို ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် နန်းခင်ဇေယျာ၊ ၂၀၁၃ ခုနှစ်တွင် အလှမယ် ဂုဏ်ရည်အေးကျော်၊ ၂၀၁၄ ခုနှစ်တွင် 1st Runner up ဆုရှင် မေဘရဏီသော်နှင့် ၂၀၁၅ခုနှစ်တွင် အမရာငြိမ်းတို့ကို နိုင်ငံကိုယ်စားပြုအဖြစ် အသီးသီးစေလွှတ်ခဲ့ပြီးဖြစ်ရာ ယခုနှစ်အတွက် Miss Myanmar International 2016 သရဖူရရှိသူ အင်ကြင်းထူးသည် အောက်တိုဘာ၂၇ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပမည့် Miss International Beauty Pageant ပြိုင်ပွဲကြီးသို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရတော့မည် ဖြစ်သည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-မီချိုကိုဟန်**









(၁၆) ကြိမ်မြောက်အဖြစ် ကျင်းပသည့် ဟောင်ကောင်ဖိနပ်ဒီဇိုင်းပြိုင်ပွဲ၏ ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက်က ကျင်းပခဲ့ရာ ဆုရရှိခဲ့ကြသည့် ဖိနပ်ဒီဇိုင်းများကို မော်ဒယ်များက ပြသကြစဉ်။

# ရုပ်မြင်သံကြားအစီအစဉ်များ

[၆- ၉ -၂၀၁၆ (အင်္ဂါနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

**ညနေပိုင်း**

၆း၀၀ အဖွင့်
-မိုးလေဝသအစီအစဉ်
-နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၆း၁၅ X Sports
၆း၄၅ MRTV Entertainment Music
၇း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့နေ့သစ်ဆီ" (အပိုင်း-၇၈)
၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ကိုယ့်ဘဝကိုယ့်အိပ်မက်" (အပိုင်း-၃၈)
၈း၂၀ MRTV Entertainment Music
၈း၂၅ နိုင်ငံခြားရုပ်ရှင် "Bbuddsh Huga Terra Baap"
၁၀း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း "ဘာဘီအရုပ်ကလေး"

**၇-၉-၂၀၁၆ (ဗုဒ္ဓဟူး) နံနက်(၀၀း၀၀)မှ (၀၆း၀၀) ထိကို အထက်ဖော်ပြပါအတိုင်း ပြသပါသည်။ နံနက် (၀၆း၀၀)မှ (၀၈း၂၅) ထိကို အမှတ်စဉ် (၁) မှ(၆) ထိ ပြသပါသည်။**

**နံနက်ပိုင်း**

**၀၈း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း "ဘာဘီအရုပ်ကလေး"**
**၁၀း၀၅ နိုင်ငံခြားရုပ်ရှင် "Bbuddsh Huga Terra Baap"**

**နေ့လယ် (၁၂း၀၀) မှ(၀၄း၀၅) ထိကို အမှတ်စဉ်(၁)မှ(၆)ထိနှင့်(၉)ပြသပါသည်။**

**ညနေပိုင်း**

၄း၀၅ ပြည်သူ့နီတိ "အချက်မသိတော့"
၄း၂၅ မြန်မာအက "ကောင်းကြီးသဒ္ဒါ"
၄း၃၀ ကာတွန်းအစီအစဉ် "SWEET LOST NIGHT"
၆း၀၀ အစီအစဉ်ပြီး၏။

## MRTV-4

၅း၀၀ ပဋ္ဌာန်းပါဠိတော် + မေတ္တာသုတ်
၅း၄၀ "အနန္တကျေးဇူးရှင်များသို့" တရားတော် [ဆရာတော်အရှင်ဝေပုလ္လဇောတိ(ခိုနားရာ ဆရာတော်)]
၈း၀၀ "မင်္ဂလာပါ" The Morning Show
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၅ သွားမယ်စားမယ် (HOTEL PARAMI-PIANO BAR)
၁၂း၃၅ အနုပညာမိုးကောင်းကင်
၃း၄၀ "သီလဝတောင်ပြုံးသွားတယ်" [ရန်ပိုင်စိုး၊ နေဆန်း၊ ကင်းကောင်၊ ကြယ်သီး၊ကြူကြူသင်း (ဒါရိုက်တာ-ဇာဂနာ)]
၄း၀၅ Cartoon Series (English Play Ground)
၆း၁၀ Health Fix
၈း၁၀ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၀၁)
၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိမိန်းမလှလေး" (အပိုင်း-၂၆)
၁၀း၀၅ MRTV-4 Stage
၁၀း၃၀ Asian Qualifiers Thailand Vs Japan (Delay)

## မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၇း၁၅ မေတ္တာပို့
၇း၂၀ ဓမ္မပူဇာတေး
၈း၄၅ ခရီးလည်းသွားစကားလည်းဆို
၉း၁၀ World Wide Web
၉း၄၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၁၀း၁၅ Books Guide
၁၀း၃၀ Guide For You
၁၀း၄၅ သီချင်းလက်ဆောင်
၁၁း၁၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
၁၁း၂၅ Sportcast
၁၁း၄၅ လူတိုင်းကျန်းမာသိမှတ်စရာ
၁၂း၂၅ ကျန်းမာသုတ
၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ အင်္ဂလိပ်စာသုတ
၅း၀၀ Sport Review
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မင်းသမီးနဲ့ကျွန်တော် (အပိုင်း-၅၂)
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အရုဏ်ဦးရဲ့ချစ်ပန်းသခင် (အပိုင်း-၅၃)
၆း၁၀ Let's GoTo
၆း၃၅ DreamTeamရဲ့ စိန်ခေါ်မှုများ
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-မြဝတီရုပ်မြင်သံကြားသတင်း
-အမျိုးသားရေးတေးကဗျာ
-ဒို့တာဝန်အရေး(၃)ပါး
-နိုင်ငံတကာသတင်း
-မိုးလေဝသသတင်း
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-ဟာသရုပ်စုံ
-ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-မြဝတီရုပ်မြင်သံကြားသတင်း

## mitv

07:26 Insight Myanmar "ILO-SIYB Project (Episode-I)
07:45 The Recycle Art: Tyre
08:26 Myanmar Traditional Instruments - Myanma Harp (Episode-2)
08:51 Today Myanmar
09:26 Culture Show: Abdication of King Thibaw
09:43 A Way of Life: Karate-do
10:26 Yatana Theinga City and Shwe Bon Yatanamingalar Palace
10:45 Amazing: Magician Sak Kaw Ma
07:27 A Day Out With Sarah (EP-6)
08:26 A Glance At A Naga Family Life
08:44 Chef Life: Avi Bitton (Israeli Chef)

# ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ဂျာမနီနှင့် အင်္ဂလန်တို့ နိုင်ပွဲကိုယ်စီရရှိ




ရုရှားနိုင်ငံတွင် ၂၀၁၈ ခုနှစ် ဇွန် ၁၅ ရက်မှ ဇူလိုင် ၁၅ ရက်အထိ ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ခြေစစ်ပွဲစဉ်များကို စက်တင်ဘာ ၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်အသင်းနှင့် လက်ရှိကမ္ဘာ့ဖလားချန်ပီယံ ဂျာမနီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။

အုပ်စု(C)၏ ခြေစစ်ပွဲစဉ်များဖြစ်ကြသည့် ဆမ်မာရီနိုအသင်းနှင့် အဇာဘိုင်ဂျန်အသင်းတို့ ပွဲစဉ်တွင် အဇာဘိုင်ဂျန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ နော်ဝေအသင်းနှင့် ဂျာမနီအသင်းတို့ပွဲစဉ်တွင် ဂျာမနီအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြပြီး ချက်အသင်းနှင့် မြောက်အိုင်ယာလန်အသင်းတို့ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

လက်ရှိကမ္ဘာ့ဖလားချန်ပီယံ ဂျာမနီအသင်းသည် နော်ဝေအသင်းနှင့် ပွဲစဉ်တွင် ပထမပိုင်းမှာပင် သောမတ်စ်မူလာနှင့် ကင်မစ်ချ်တို့၏ သွင်းဂိုးနှစ်ဂိုးဖြင့် ဦးဆောင်ကစားနိုင်ခဲ့ပြီး ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၆၀ တွင် သောမတ်စ်မူလာ၏ ဒုတိယမြောက်သွင်းဂိုး ထပ်မံရရှိခဲ့ခြင်းကြောင့် ဂျာမနီအသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဂျာမနီအသင်းသည် ယခုပွဲစဉ်တွင် အနိုင်ရရှိခဲ့ခြင်းကြောင့် ခြေစစ်ပွဲယှဉ်ပြိုင်လျက်ရှိသည့် အုပ်စု(C)တွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။ ဂျာမနီအသင်းသည် ပြင်သစ်နိုင်ငံတွင် ကျင်းပခဲ့သည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲအဆင့်၌ အိမ်ရှင်ပြင်သစ်အသင်းကို ရှုံးနိမ့်ခဲ့ရပြီး ဆုဖလားနှင့်လွဲခဲ့ရသော်လည်း ၂၀၁၈ ကမ္ဘာ့ဖလားတွင် ဆုဖလားဆွတ်ခူးရယူကာ လက်ရှိကမ္ဘာ့ချန်ပီယံအဖြစ် ဆက်လက်ရပ်တည်သွားနိုင်ရေး နည်းပြ ဂျိုအားချင်လိုက မျှော်လင့်ထားသည်။

အုပ်စု(E)တွင်မူ ဒိန်းမတ်အသင်းသည် အာမေးနီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ကာဇက်စတန်အသင်းနှင့် ပိုလန်အသင်းတို့ ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့် လည်းကောင်း၊ ရိုမေးနီးယားအသင်းနှင့် မွန်တီနီဂရိုးအသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေရလဒ်ဖြင့် လည်းကောင်း ပွဲပြီးဆုံးခဲ့သည်။

အုပ်စု(F)၏ ခြေစစ်ပွဲစဉ်များဖြစ်ကြသည့် လစ်သူရေးနီးယားအသင်းနှင့် ဆလိုဗေးနီးယားအသင်းတို့ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ပြီး ဆလိုဗက်ကီးယားအသင်းနှင့် အင်္ဂလန်အသင်းတို့ပွဲစဉ်တွင် အင်္ဂလန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ မော်လ်တာအသင်းနှင့် စကော့တလန်အသင်းတို့ပွဲစဉ်တွင် စကော့တလန်အသင်းက ငါးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အင်္ဂလန်အသင်းနှင့် ဆလိုဗက်ကီးယားအသင်းတို့ပွဲစဉ်တွင် ဆလိုဗက်ကီးယားအသင်းခေါင်းဆောင် မာတင်စကာတယ် ပွဲကစားချိန် ၅၇ မိနစ်တွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသော်လည်း အင်္ဂလန်အသင်းသည် သာမန်ပွဲကစားချိန် မိနစ် ၉၀ အတွင်း ဂိုးသွင်းနိုင်ခြင်းမရှိခဲ့ဘဲ နာကျင်အချိန်ပိုရောက်မှသာ လယ်လာနာ၏ သွင်းဂိုးကြောင့် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဆလိုဗက်ကီးယားအသင်းနှင့် အင်္ဂလန်အသင်းတို့သည် ၂၀၁၆ ခုနှစ် အတွင်း ဒုတိယအကြိမ်ထပ်မံတွေ့ဆုံခြင်းဖြစ်ပြီး ယူရို ၂၀၁၆ အုပ်စုအဆင့်တွင် ထိပ်တိုက်တွေ့ဆုံရာ၌ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည့် အသင်းနှစ်သင်းဖြစ်သည်။ ယခုကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် အင်္ဂလန်အသင်းအနိုင်ရရှိခဲ့ခြင်းကြောင့် နည်းပြသစ် ဆမ်အလာဒိုက်စ်အတွက် အင်္ဂလန်အသင်းနှင့်အတူ ပထမဆုံးနိုင်ပွဲအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး အင်္ဂလန်အသင်းအား ကိုင်တွယ်သည့် နည်းပြများအနက် ပထမဆုံးကိုင်တွယ်ခွင့်ရသည့်ပွဲစဉ်တွင် အနိုင်ရရှိခဲ့သည့် ကိုးဦးမြောက်နည်းပြလည်း ဖြစ်လာခဲ့သည်။

ဆလိုဗက်ကီးယားအသင်းနှင့်ပွဲစဉ်တွင် ပါဝင်ပွဲထွက်ခွင့်ရရှိခဲ့သည့် အသင်းခေါင်းဆောင်ရွန်းနီမှာ အင်္ဂလန်အသင်းအတွက် ကစားပေးခဲ့သည့် ၁၁၆ ပွဲမြောက်ပွဲစဉ်လည်း ဖြစ်လာခဲ့သည်။ အင်္ဂလန်အသင်းသည် လာမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ် အောက်တိုဘာ ၈ ရက်တွင် မော်လ်တာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(ငွေကြယ်)

# အင်္ဂလန်အသင်းအတွက် ကစားရသည့် အခန်းကဏ္ဍကို ဝိန်းရွန်းနီကာကွယ်

အင်္ဂလန်အသင်းခေါင်းဆောင် ဝိန်းရွန်းနီက အင်္ဂလန်လက်ရွေးစင်အသင်းတွင် တိုက်စစ်နေရာတွင်မကစားရဘဲ ကွင်းလယ်နေရာတွင် ကစားနေရသော်လည်း ကျေနပ်ပျော်ရွှင်ပြီး ယင်းနေရာမှာ မိမိကစားလိုသည့်နေရာပင်ဖြစ်ကြောင်း ကာကွယ်ပြောကြားလိုက်သည်။ ဆမ်အလာဒိုက်စ်က ဆလိုဗက်ကီးယားနှင့် ပွဲစဉ်မတိုင်မီ ရွန်းနီအား တိုက်စစ်နေရာတွင်သာ နေရာချသွားမည်ဖြစ်ကြောင်း မီဒီယာများသို့ အသိပေးထားခဲ့သော်လည်း တကယ်တမ်းကစားသည့်အချိန် ကွင်းလယ်နေရာတွင်သာ ကစားခိုင်းသည့်အတွက် ယင်းကိစ္စရပ်မှာ သတင်းစာမျက်နှာများ၏ ထိပ်ပိုင်းတွင်နေရာယူသော သတင်းဖြစ်လာခဲ့သည်။

ရွန်းနီက ယင်းမှာ ကျောနံပါတ်(၁၀)ဝတ်ကစားသမားများ ကစားနေကျနေရာပင်ဖြစ်ပြီး ယခုကဲ့သို့ အသင်း၏ ကစားကွက်ပုံဖော်သည့်နေရာတွင် ကစားကာ အနိုင်ရရှိရေး ဖန်တီးပေးနိုင်သဖြင့် ကျေနပ်မိကြောင်း တုံ့ပြန်လိုက်သည်။ အင်္ဂလန်နည်းပြသစ် ဆမ်အလာဒိုက်စ်က ရွန်းနီနှင့် ဆွေးနွေးတိုင်ပင်ပြီးမှ ၎င်းနှင့် အလိုက်ဖက်ဆုံးနေရာကို ကစားစေခဲ့ခြင်းဖြစ်ကာ ဒယ်လီအယ်လီ ဝင်ရောက်လာပြီးနောက် ရွန်းနီ၏အခန်းကဏ္ဍ ပိုမိုပီပြင်လာခဲ့ကြောင်း ပွဲအပြီးတွင် ရှင်းလင်းပြောကြားလိုက်သည်။

ရွန်းနီမှာ ဗဟိုကွင်းလယ်၊ ညာတောင်ပံတိုက်စစ်၊ ဗဟိုတိုက်စစ်စသည့် နေရာစုံတွင် ကစားနိုင်သူဖြစ်သော်လည်း ကွင်းလယ်နေရာတွင်ကစားရသည့်အခါ တိုက်စစ်ပိုင်းတွင် နေရာလွတ်များနည်းလာတတ်သဖြင့် အသင်း၏ သွင်းဂိုးများလည်း နည်းပါးလာတတ်သည်။ မန်ယူနည်းပြဟောင်း ဗန်ဟားလ်က ပြီးခဲ့သည့် ဘောလုံးရာသီပြီးဆုံးခါနီးအချိန်တွင် ရွန်းနီအား ကွင်းလယ်နေရာတွင်ထားကာ ကစားစေခဲ့သော်လည်း နည်းပြသစ် မော်ရင်ဟိုရောက်ရှိလာချိန် ရွန်းနီအား နောက်ချန်တိုက်စစ်မှူးအဖြစ် နေရာချခဲ့သည့်အတွက် မန်ယူကစားကွက်ပိုမို အသက်ဝင်လာခဲ့ပြီး ရလဒ်ပိုင်းလည်း တောက်လျှောက်ကောင်းမွန်လာခဲ့သည်။ ယူရို ၂၀၁၆ ပြိုင်ပွဲမတိုင်မီ အင်္ဂလန်နည်းပြ ရွိုင်းဟော့ဂ်ဆန် ရွန်းနီကို မည်သည့်နေရာတွင် ထားကစားမည်လဲဆိုသည်မှာ အားလုံးစိတ်ဝင်စားစရာ မေးခွန်းဖြစ်နေခဲ့ပြီးဖြစ်သည်။ အင်္ဂလန်အသင်းသည် ဆိုလိုဗက်ကီးယားနှင့်ပွဲစဉ်တွင် အနိုင်ရလဒ် အတွက် ရုန်းကန်ခဲ့ရပြီး ပွဲချိန်မိနစ် ၉၀ အပြီး နာကျင်အချိန်ပိုရောက်မှသာ လယ်လာနာ၏ နောက်ကျဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ရာ ရွန်းနီအား ကွင်းလယ်နေရာတွင် ကစားခိုင်းခြင်းအတွက် ယခုကဲ့သို့ ဝေဖန်ချက်များ ထွက်လာခဲ့ ခြင်းဖြစ်သည်။ **(ရွှင်ယန်ဟောဒင်)**






## မူလာသာ ယူရိုပြိုင်ပွဲအတွင်း ဂိုးသွင်းနိုင်လျှင် ပိုပြီးကျေနပ်ပျော်ရွှင်ရမည် ဂျိုအားချင်လို

ဂျာမနီတိုက်စစ်မှူး သောမတ်စ်မူလာမှာ နော်ဝေအား အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အနိုင်ဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း မူလာသာ ယူရိုပြိုင်ပွဲအတွင်း ဂိုးသွင်းယူနိုင်မည်ဆိုလျှင် ပို၍ကျေနပ်ပျော်ရွှင်မိမည်ဖြစ်ကြောင်း ဂျာမနီလက်ရွေးစင်အသင်းနည်းပြ ဂျိုအားချင်လိုက ပြောကြားလိုက်သည်။ မူလာမှာ ၂၀၁၄ ကမ္ဘာ့ဖလားတွင် သွင်းဂိုး ငါးဂိုးအထိ သွင်းယူနိုင်ခဲ့သော်လည်း ၂၀၁၆ ယူရိုပြိုင်ပွဲအတွင်း ပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့သည်ကိုပင် ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ဘဲ ဂိုးပေါက်ပျောက်ခဲ့သူဖြစ်သည်။ ဂျိုအားချင်လိုက မူလာဂိုးသွင်းသည့် အချိန်အနည်းငယ်နောက်ကျသွားခဲ့ကြောင်း ပွဲအပြီး ဟာသနှောကာ ပြောကြားလိုက်သည်။

"သူသာ ယူရို ၂၀၁၆ ပြိုင်ပွဲမှာ ဂိုးသွင်းယူနိုင်ရင် ကျွန်တော် ပိုပြီးကျေနပ်မိမှာပါ။ ပြင်သစ်ကို ရှုံးနိမ့်ခဲ့တဲ့ပွဲမှာ ကျွန်တော်တို့အသင်း လိုအပ်ချက်တွေရှိနေပြီး ဒီထက်ပိုပြီး ကောင်းကောင်း စွမ်းဆောင်ပြနိုင်ဖို့ လိုအပ်တယ်ဆိုတာ ကျွန်တော်သဘောပေါက်ခဲ့ပါတယ်" ဟု ဂျိုအားချင်လိုက ဆိုခဲ့သည်။ (ရွှင်ယန်ဟောဒင်)

# လက်ရွေးစင်အသင်းမှအနားယူရန် အစီအစဉ်မရှိဟု ဝေလအသင်းခေါင်းဆောင် ဝီလျံပြောကြား

အသက်(၃၂)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည့် ဝေလ လက်ရွေးစင်အသင်းခေါင်းဆောင် အက်ရှ်လေဝီလျံမှာ နိုင်ငံအသင်းအတွက် ကစားခြင်းမှ အနားယူရန် အစီအစဉ်မရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အင်္ဂလန်အသင်းခေါင်းဆောင် ဝိန်းရွန်းနီမှာ ၂၀၁၈ ကမ္ဘာ့ဖလား ပြီးလျှင် လက်ရွေးစင်အသင်းမှ အနားယူမည်ဖြစ်ကြောင်း မကြာသေးခင်ကာလကပင် အတည်ပြုခဲ့ပြီးဖြစ်သည်။ ဝီလျံမှာ ရွန်းနီထက် အသက်နှစ်နှစ်ကြီးသူဖြစ်သော်လည်း လက်ရွေးစင်အသင်းအတွက် ကစားပေးနေရသည်ကို ကျေနပ်နေပြီး ယခုလောလောဆယ်အနားယူရန် အစီအစဉ်မရှိသေးဘဲ မည်သည့်အချိန်တွင် အနားယူမည်ဆိုသည်ကို အတိအကျမပြောနိုင်သေးကြောင်း ဆိုခဲ့သည်။

ဝီလျံသည် ယခုနှစ်နွေဈေးကွက်အတွင်း ဆွမ်ဆီးမှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီး ယင်းဆုံးဖြတ်ချက်က သူ၏ခြေစွမ်းကို ပိုမိုတိုးတက်အောင် အထောက်အပံ့ပြုနိုင်မည်ဟု ယုံကြည်ထားသည်။ ဝေလအသင်းသည် ယူရို၂၀၁၆ ပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့ပြီးနောက် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ရေးအတွက် အားထုတ်သွားမည်ဖြစ်ကြောင်းလည်း ဝီလျံက ဆက်လက်ပြောကြားခဲ့သည်။ **(ရွှင်ယန်ဟောဒင်)**

# ဆီမြွန်နီနှင့် မခွဲအတူရှိနေမယ့် ဂရစ်ဇ်မန်း

အက်သလက်တီကိုတိုက်စစ်မှူး ဂရစ်ဇ်မန်းက နည်းပြ ဆီမြွန်နီ အက်သလက်တီကိုမှ ထွက်မှသာလျှင် မိမိလည်း အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ဆိုလိုက်သည်။ ဂရစ်ဇ်မန်းသည် ပြီးခဲ့သည့်ဘောလုံးရာသီအတွင်း အက်သလက်တီကိုအသင်းနှင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲအထိရောက်ရှိခဲ့သလို ပြင်သစ်လက်ရွေးစင်အသင်းနှင့်လည်း ယူရို၂၀၁၆ ဗိုလ်လုပွဲအဆင့်ထိ တက်လှမ်းနိုင်ခဲ့သည်။ ဂရစ်ဇ်မန်းမှာ ဘီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့တော့မည်ဟု အစောပိုင်းကသတင်းများ ထွက်ခဲ့သော်လည်း အက်သလက်တီကိုအသင်းနှင့်သာ စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်ခဲ့ပြီးနောက် ကောလာဟလများလည်း ငြိမ်သက်သွားခဲ့သည်။ ဂရစ်ဇ်မန်းက ကလပ်အသင်းတွင်သာ ဆက်ရှိနေရန် ဆုံးဖြတ်ချက်၏ အဓိက တွန်းအားတစ်ရပ်မှာ နည်းပြဆီမြွန်နီပင်ဖြစ်ပြီး ၎င်းထံမှ သင်ယူလေ့လာစရာများစွာကျန်နေခြင်းကြောင့် ဆီမြွန်နီအသင်းပြောင်းမှသာလျှင် မိမိလည်း အသင်းပြောင်းမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ ပီအက်စ်ဂျီအသင်းသည် လောရင့်ဘလန့်နေရာတွင် ဆီမြွန်နီအား အစားထိုးခန့်အပ်လိုသော်လည်း အဆင်မပြေခဲ့၍သာ ဆီဗီလာနည်းပြ အမ်မရီကို ခေါ်ယူခဲ့ရခြင်းဖြစ်သည်။ **(ရွှင်ယန်ဟောဒင်)**

# ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသည့် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ ဘုရားစေတီများထဲမှ တစ်ဆူ (သို့) နှစ်ဆူပြန်လည်ပြုပြင် နိုင်ရန်အတွက် မကွေးမြို့သားများ စုပေါင်းလှူဒါန်းမည်

**မကွေး စက်တင်ဘာ ၅**

မကွေးမြို့ မဟာဝိသုတာရာမ (တောင်စာသင်တိုက်) ဦးစီးနာယကဆရာတော် ဦးသာသနဦးဆောင်ကာ မကွေးမြို့နယ်အတွင်း ပရဟိတအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၏ လှူဒါန်းထည့်ဝင်ငွေများဖြင့် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားစေတီများထဲမှ တစ်ဆူ သို့မဟုတ် နှစ်ဆူကို ပြန်လည်ပြုပြင်နိုင်ရန်အတွက် စုပေါင်းလှူဒါန်းမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ချောက်မြို့၏ အနောက်ဘက် ၁၂ မိုင်အကွာမှ ဗဟိုပြု၍ ရစ်ချက်စကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီခန့်က လှုပ်ခတ်သွားမှုကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးပေါင်း ၁၈၇ ဆူ ပြိုကျပျက်စီးသွားခဲ့ပြီးနောက်ပိုင်း ယင်းလှူဒါန်းမှုများပြုလုပ်သွားရန် ဩဂုတ် ၂၆ ရက်က စုပေါင်းဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

"ဩဂုတ် ၂၆ ရက်က မဟာဝိသုတာရာမ (တောင်စာသင်တိုက်) ဦးစီးနာယကဆရာတော် ဦးသာသနက မကွေးမြို့ပေါ်မှာရှိတဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ၊ ပရဟိတအသင်းတွေ အကုန်လုံး ဖိတ်ကြားပြီး ငလျင်ဒဏ်ကြောင့် ပြိုပျက်သွားတဲ့ ဘုရားများတွေထဲက တစ်ဆူသို့မဟုတ် နှစ်ဆူကို မကွေးမြို့က တာဝန်ယူပြီး ပြုပြင်ဖို့အတွက် အစည်းအဝေးလေးလုပ်ခဲ့ပါတယ်။ ဒီအစည်းအဝေးကနေပြီး ဗဟိုဦးစီးကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ၊ ပြန်ကြားရေးနဲ့ လှုံ့ဆော်ရေးကော်မတီ ဆိုပြီးတော့ ကော်မတီသုံးခု ဖွဲ့ခဲ့ပါတယ်။

ဒီလိုလုပ်တဲ့နေရာမှာ မြို့နယ်အုပ်ချုပ်ရေးမှူးကလည်း ဒီလို ပုဂံဘုရားတွေ ပြုပြင်တဲ့နေရာမှာ အုပ်ချုပ်ရေးပိုင်းအနေနဲ့ လိုအပ်တဲ့အကူအညီတွေပေးမယ်။ မကွေးမြို့ပေါ်က စီးပွားရေးလုပ်ငန်းရှင်တွေကို သီးခြားဖိတ်ပြီးတော့ အလှူငွေကောက်ခံမယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေဦးစီးပြီးတော့၊ ပရဟိတအဖွဲ့တွေပါ ပါဝင်ပူးပေါင်းပြီးတော့ ရပ်ကွက်တွေအလိုက် အလှူငွေကောက်ခံခြင်းတွေကို လုပ်ပါမယ်" ဟု သဒ္ဓါရှင်၊ ရှင်သန်မှုကူညီရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးနေမိုးဆွေကျော်က ပြောသည်။

စက်တင်ဘာ ၃ ရက် မွန်းတည့် ၁၂ နာရီတွင် နှိုင်းမရစားသောက်ဆိုင်စုရပ်၌ စတိတ်မော်တော်ယာဉ်ပြင်ဆင်ပြီး ညနေ ၄ နာရီမှစ၍ မြို့ပတ်လမ်း၊ ဗိုလ်ချုပ်လမ်း၊ နတ်စင်လမ်း၊ ဘုရားလမ်း၊ နံကပ်ကျွန်းအုပ်စု၊ ဘုရားလမ်း၊ ကမ်းနားလမ်း၊ လမ်းမတော်လမ်း၊ ပြည်တော်သာလမ်း လမ်းကြောင်းများအတိုင်းလည်းကောင်း၊ စက်တင်ဘာ ၄ ရက်တွင် မြို့ပတ်လမ်း၊ အ. ထ. က(၁)လမ်း၊ လမ်းငါးသွယ် အဝိုင်းပတ်မှ တက္ကသိုလ်လမ်း၊ မြင်ကင်းလမ်း၊ အောင်မေတ္တာ(က) အဝိုင်းပတ်မှ သစ်တောလမ်း၊ အဝေရာလမ်း၊ တောင်တွင်းလမ်း၊ သစ္စာလမ်း၊ နတ်မောက်လမ်း၊ ဗိုလ်ချုပ်လမ်း စသည့်လမ်းကြောင်းများအတိုင်းလည်းကောင်း နှိုးဆော်မှုများ ဆောင်ရွက်ကာ ဘုရားပုထိုးများပြုပြင်ရေးအတွက် ၁၅ ရက်ခန့် အလှူခံလုပ်ငန်းများ လုပ်ဆောင်ပြီး ရေစက်ချလှူဒါန်းနိုင်ရေး ရှေ့လုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးသက်တင်ထံမှ သိရသည်။

**ဧယျာတု(မကွေး)**

## မိုးစပါး ရောမင်းမြေသြဇာ ကြဲပက်ခြင်း သရုပ်ပြပွဲနှင့် ယူရီးယားဓာတ်မြေသြဇာအိတ်များ ပေးအပ်ပွဲကျင်းပ

**ပုလဲ စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာ တောင်သူဦးသန်းလှိုင်၏ ကွင်းအမှတ် ၉၀၃ (ခ)၊ ဦးပိုင်အမှတ် ၅၀/၅၁ ရှိ မိုးစပါး ရောမင်းမျိုးစေ့ထုတ်စိုက်ဧက ၈ ဒသမ ၅ ဧက၌ မိုးစပါးမျိုးစေ့ထုတ်စံပြစိုက်ကွက် လုပ်ကိုင်ဆောင်ရွက်သည့် တောင်သူလယ်သမားများ မြေသြဇာ စနစ်တကျ အချိန်ကိုက်၊ အချိုးကျထည့်သွင်းနိုင်စေရေးကို ရည်ရွယ်၍ မြေသြဇာ ကြဲပက်ခြင်း သရုပ်ပြပွဲနှင့် ယူရီးယားဓာတ်မြေသြဇာအိတ်များ ပေးအပ်ပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၈ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုလဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းစိုးက "မျိုးစေ့ထုတ်စိုက်ကွက် စိုက်ပျိုးခြင်းအားဖြင့် ဒေသအတွင်း လာမယ့်မိုးစပါးရာသီမှာ လိုအပ်တဲ့မျိုးစေ့များ အလုံအလောက် ဖြန့်ဖြူးပေးနိုင်မှာဖြစ်ပါတယ်။ စိုက်ပျိုးလို့ထွက်ရှိလာမယ့် မျိုးစေ့များရဲ့ အရည်အသွေး အဆင့်အတန်း ပြည့်မီရေး၊ မျိုးကွဲပယ်ခြင်းလုပ်ငန်း၊ မြေသြဇာများ စနစ်တကျ အချိန်ကိုက်၊ အချိုးကျ ထည့်သွင်းနိုင်စေရေးနဲ့ ရိတ်သိမ်းခြွေလှေ့သိုလှောင်တဲ့အခါမှာ စနစ်တကျ ဆောင်ရွက်တတ်စေရေး၊ မျိုးစေ့ထုတ်လုပ်သူများ သမဝါယမအသင်းအဖွဲ့ ပုံစံဖြင့် ညီညီညွတ်ညွတ် စုပေါင်းလုပ်ကိုင်တတ်စေရေးတို့ကို ရည်ရွယ်ပြီး မြေသြဇာကြဲပက်ခြင်း သရုပ်ပြပွဲကို ပြုလုပ်ပေးခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

ယင်းနောက် ပုလဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းစိုးနှင့် ဝန်ထမ်းများက မျိုးစေ့ထုတ်စံပြကွက် လုပ်ကိုင်ဆောင်ရွက်သည့် တောင်သူများအား ယူရီးယားဓာတ်မြေသြဇာအိတ် ၄၀ ကို ပေးအပ်ခဲ့သည်။

အဆိုပါသရုပ်ပြပွဲသို့ ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ၊ စိတ်ပါဝင်စားသည့် တောင်သူ ၇၂ ဦးတို့ တက်ရောက်လေ့လာခဲ့ကြောင်းနှင့် ပုလဲမြို့နယ်တွင် မိုးစပါးရောမင်း မျိုးစေ့ထုတ်စိုက်ကွက် စုစုပေါင်း ဧက ၃၈၀ ရှိပြီး မျိုးစေ့ထုတ်စံပြစိုက်ကွက် ဧက ၄၀ ရှိကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

## မူလတန်းအဆင့်ဘာသာရပ်ဆိုင်ရာ အရည်အသွေး မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဗန်းမောက်၌ ကျင်းပ

**ကသာ စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ပညာရေးဝန်ကြီးဌာန မြို့နယ်ပညာရေးဌာနမှကြီးမှူးကျင်းပသော မူလတန်းအဆင့် ဘာသာရပ်ဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မြို့မအခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့သည်။

ယင်းအခမ်းအနားတွင် ဗန်းမောက်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသန်းအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဌေးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်တင်ပုတို့က အမှာစကားပြောကြားခဲ့ကြသည်။

ဆက်လက်၍ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးကျော်ထွန်းက မူလတန်းအဆင့် ဘာသာရပ်ဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ အကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ၎င်းအလုပ်ရုံဆွေးနွေးပွဲသို့ ဗန်းမောက်မြို့နယ်အတွင်းရှိ ကျောင်းဆရာ၊ ဆရာမ ၄၀၀ ကျော် တက်ရောက်၍ ဘာသာရပ်ဆိုင်ရာ နည်းပြဆရာ၊ ဆရာမ ၁၀ ဦးတို့က သင်ကြားပို့ချဆွေးနွေးသွားမည်ဖြစ်သည်။ သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

## အိမ်မဲမြို့နယ်၌ တိုင်းရင်းဆေးဖြင့်အခမဲ့ဆေးကုသခြင်းနှင့် အသိပညာပေးဟောပြောပွဲ ပြုလုပ်

**အိမ်မဲ စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် တိုင်းရင်းဆေးကုသရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတများရှိစေရေး ဟောပြောပွဲနှင့် အခမဲ့ဆေးကုသခြင်းများကို အိမ်မဲမြို့နယ် ထိန်ငူကျေးရွာအုပ်စု မာလကာကုန်းကျေးရွာတွင် စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်တင့်ခိုင်စိုးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဌေးဌေးလှိုင်တို့က ကျေးရွာရှိပြည်သူများအား ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများအကြောင်း၊ ကွမ်းစားသုံးခြင်းအန္တရာယ်များ၊ စာပေဖတ်ရှုခြင်းအကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားခဲ့ပြီး ပြည်သူများ၏ အထွေထွေရောဂါများ သွေးတိုး၊ လေငန်း၊ ဒူးနာ၊ ခါးနာ၊ မီးယပ် အစရှိသည့်ရောဂါများကို တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများက စမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာရှိပြည်သူများ စာပေဖတ်ရှုသည့်အလေ့အကျင့်များ ရရှိစေရေးအတွက် စာဖတ်ဝိုင်းများပြုလုပ်ပေးခြင်းနှင့် ကျေးရွာတွင်ဖွင့်လှစ်ထားသည့် ခေတ်သစ်အားမာန်စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးအတွက် ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စာအုပ်စာစောင်လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့သည်။**မြို့နယ်(ပြန်/ဆက်)**

## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏(၆၅)နှစ်မြောက်နှစ်ပတ်လည်နေ့တွင် ဂုဏ်ထူးဆောင်နှင့် ထူးချွန်ဆုများချီးမြှင့်

**ဘားအံ စက်တင်ဘာ ၅**

ကရင်ပြည်နယ် ဘားအံမြို့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ (၆၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား နှင့် ဂုဏ်ထူးဆောင်နှင့်ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက အဆိုပါပြည်နယ်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပင့်သံဃာတော် ငါးပါးအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မွန်းလွဲပိုင်းတွင် နှစ်ပတ်လည်အခမ်းအနားကို ကျင်းပရာ အထူးစုံစမ်းစစ်ဆေးရေးဦးစီဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်ကအမှာစကားပြောကြားသည်။

ဆက်လက်၍ ဦးစီးဌာနရုံးချုပ်မှ ညွှန်ကြားရေးမှူးချုပ် ချီးမြှင့်သောထူးချွန်ဝန်ထမ်းများအတွက် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ထူးခွန်ဆုများကိုလည်းကောင်း၊ အဆိုပါထူးချွန်ဆု ရရှိသည့် ဝန်ထမ်းများ၏ သားသမီးများအတွက်ဆုများကို ဒုတိယညွှန်ကြားရေးမှူး၏ ဇနီးဒေါ်ခိုင်ခိုင်နောင်ကလည်းကောင်း ချီးမြှင့်ပြီး ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း) ဦးလှတင်က ဌာနနှင့် ပတ်သက်သည့် သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ညနေပိုင်းတွင် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များက ချစ်ခင်ရင်းနှီးစေလိုသော ရည်ရွယ်ချက်ဖြင့် ဂုဏ်ပြုညစာစားပွဲနှင့် ကံစမ်းမဲလက်ဆောင်များ ဖောက်ပေးခြင်းများ ဆောင်ရွက်ပေးပြီး အခမ်းအနားသို့ ဝန်ထမ်းများနှင့် ဝန်ထမ်းသားသမီးများ တက်ရောက်ကြသည်။

**နေမျိုးလွင်(ဘားအံ)**

## တာချီလိတ်၌ မြစိမ်းရောင်ကျေးရွာလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး



**တာချီလိတ် စက်တင်ဘာ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခြင်းနှင့် ကျေးရွာကော်မတီဝင်များအား လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးခြင်းကို စက်တင်ဘာ ၂ ရက် နံနက်က ကျိုင်းလပ်မြို့ရှိ စီမံကိန်းဝင်ကျေးရွာများ၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ထွန်းနှင့် ဝန်ထမ်းများသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်းကျေးရွာများဖြစ်သော ကျိုင်းလပ်မြို့ရှိ နမ့်ငေါ့ကျေးရွာ၊ နမ့်ဝမ်းကျေးရွာ၊ နမ့်ဖြန်ကျေးရွာ၊ နမ့်ကိုင်းကျေးရွာ၊ ပန်ပဲ(အထက်)ကျေးရွာ၊ ပန်ပဲ(အောက်)ကျေးရွာ၊ နမ့်ခင်းကျေးရွာ၊ ပါန္ဒန်-ကျကကျေးရွာ၊ ဝမ်တုံကျေးရွာနှင့် တာလေမြို့မှ ရန်ကင်းကျေးရွာများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး ဆောင်ရွက်နေမှုများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သော အလူမီနီယံပရိဘောဂလုပ်ငန်းနှင့် ကုန်စုံဆိုင်လုပ်ငန်းများအား စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေးပြီး ကြီးကြပ်မှုကော်မတီများ၊ ဘဏ္ဍာရေးဆပ်ကော်မတီများအား လုပ်ငန်းစဉ်များ၊ ငွေကြေးစာရင်းဇယားဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။**ဝေယံလင်း(ပြန်/ဆက်)**

## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ကာတွန်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲကျင်းပ

**မြစ်ကြီးနား စက်တင်ဘာ ၅**
စက်တင်ဘာ ၁၃ ရက်တွင်ကျရောက်မည့် လူကုန်ကူးမှုတိုက်ဖျက်နေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ကာတွန်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲကို ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်၊ ပြည်နယ်ရဲမှူးကြီးထွန်းဦးနှင့် တာဝန်ရှိသူများက မြစ်ကြီးနားမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၄၂ ဦးတို့၏ 'လူကုန်ကူးမှုတားဆီးကာကွယ်ရေး အားလုံးပူးပေါင်းပါဝင်ပေး' ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ရေကြီးနစ်မြုပ်လေ့ရှိသောဒေသများအား ရေမြုပ်ခံမျိုးစပါး၊ မြေဩဇာများ ထောက်ပံ့ပေးခြင်းနှင့်မိုးစပါးအထွက်တိုးရေးပြုပြင်ထိန်းသိမ်းပညာပေး

**ဘားအံ စက်တင်ဘာ ၅**
ကရင်ပြည်နယ်အတွင်း ရေကြီးနစ်မြုပ်တတ်လေ့ရှိသော ဒေသများအား ရေမြုပ်ခံမျိုးစပါးနှင့် မြေဩဇာထောက်ပံ့ပေးအပ်ခြင်းနှင့် ဘားအံမြို့ ကော့လိုက်ကျေးရွာတွင် မိုးစပါးအထွက်နှုန်းတိုးရေးပြုပြင်ထိန်းသိမ်းပညာပေး၊ ရွက်ဖြန်းအားဆေး၊ မြေဩဇာများ စုပေါင်းကြဲပက်ပွဲကို ဩဂုတ် ၂၇ ရက်က ကော့လိုက်ကျေးရွာတွင် ဆောင်ရွက်ကြသည်။

ကရင်ပြည်နယ်အတွင်း နှစ်စဉ်ရေကြီးနစ်မြုပ်တတ်လေ့ရှိသော ဒေသများအား စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ပံ့သော ရေမြုပ်ခံမျိုးစပါးနှင့် မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနတွင် ပြုလုပ်ရာ လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသအတွက် ရေမြုပ်ခံမျိုးစပါး ၄၅ တင်းနှင့် ယူရီးယားဓာတ်မြေဩဇာ အိတ် ၂၀ ကို လည်းကောင်း၊ ဘားအံမြို့နယ် ရေကျော်လေးကျေးရွာအုပ်စုအတွက် ရေမြုပ်ခံမျိုးစပါး တင်း ၅၀ ကိုလည်းကောင်း၊ ကော့ကရိတ်မြို့နယ် ကရင်အမျိုးသားအစည်းအရုံး(ဗဟိုဌာနချုပ်)အတွက် ရေမြုပ်ခံမျိုးစပါး ၄၅ တင်းနှင့် ယူရီးယား ဓာတ်မြေဩဇာ အိတ် ၅၀ ကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းကပေးအပ်ရာ သက်ဆိုင်ရာတာဝန်ခံများနှင့် တောင်သူလယ်သမားများက လက်ခံရယူကြသည်။

အလားတူ ကော့လိုက်ကျေးရွာတွင် တောင်သူ ၁၂၅ ဦး စိုက်ပျိုးထားသော ၂၀၁၆-၂၀၁၇ မိုးစပါး ၆၆၅ ဧက တွင် အထွက်နှုန်းတိုးစေမည့် ကဏ္ဍအလိုက်ပြုပြင်ထိန်းသိမ်းပညာပေးခြင်းကို ကျေးရွာတောင်သူများအား ဘားအံခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများက ကာကွယ်နှိမ်နင်းခြင်းနည်းပညာများကို ဟောပြောပို့ချခဲ့ကြသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## မိုးစပါးစိုက်ခင်းများပိုးမွှားအန္တရာယ်ကြုံတင်ကာကွယ်နှိမ်နင်းရေး နည်းပညာပေးဆွေးနွေးပွဲနှင့် ကွင်းဆင်းသရုပ်ပြပွဲ ပြုလုပ်

**ပေါင် စက်တင်ဘာ ၅**
မွန်ပြည်နယ် ပေါင်မြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်၍ မိုးစပါးအန္တရာယ် ကြိုတင်ကာကွယ်နှိမ်နင်းနိုင်ရန် နည်းပညာဆွေးနွေးပွဲနှင့် ကွင်းဆင်းသရုပ်ပြပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီက အဟောက်ကျေးရွာရှိ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ဆွေးနွေးဟောပြောခဲ့ရာ အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်ခိုင်တို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

"ဒီနှစ်က ကျွန်တော်တို့လေ့လာမိသလောက်ဆိုရင် ရာသီဥတုအခြေအနေကြောင့်လည်းပါတာပေါ့နော်။ ဒီမြို့နယ်မှာက ဖြုတ်ပိုးကျရောက်များတယ်။ ပိုးလောင်မီးနဲ့ ဆစ်ပိုးကျရောက်မှုလည်း အနည်းငယ်ရှိတာပေါ့။ မိုးဆက်တိုက်ရွာရင်လည်း ဖြုတ်ပိုးလျော့သွားနိုင်တာပေါ့။ ပင်လုံးပျံ့ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးနှုန်းထားမှန်ကန်စွာနဲ့ အရွက်နဲ့စပါးပင်အရင်းထိ ဆေးရောက်အောင်ပက်ဖျန်းမယ်ဆိုရင်လည်းသက်သာလာမယ်။ ကျွန်တော်တို့ဘက်ကတော့ စပါးဖျက်ပိုးကျနေတဲ့ရွာတွေကို အရင်ဦးစားပေးပြီးတော့ နည်းပညာတွေပေးတယ်။ ကွင်းဆင်းသရုပ်ပြမှုတွေလုပ်ပြပေးတယ်။ ကျန်တဲ့ရွာတွေကို ကွင်းဆင်းသရုပ်ပြမှုတွေလည်း ဆက်လုပ်သွားမှာပါ" ဟု စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်ဇော်နိုင်က ပြောသည်။

"စပါးစိုက်ခင်းအားလုံးနီပါးက ပိုးကျတာတော့ မရှိသေးဘူး။ ဖြစ်တော့မယ့်အနေအထားတော့ ရှိနေတယ်။ ကျွန်တော်ကြားတာတော့ တခြားရွာတွေဘက်ဆိုရင် ပိုးကျလို့ စပါးတွေက သေတဲ့ဟာက သေနေပြီး ဒီနှစ်က စပါးစိုက်ခင်းတွေက ကောင်းမလိုလိုနဲ့ ဒီချိန်မှ ဒီလိုပြဿနာတွေ ဖြစ်လာတော့ ဒုက္ခရောက်တာပေါ့ဗျာ။ စိုက်ပျိုးရေးဌာနက အခုလို နည်းပညာဆွေးနွေးပွဲတွေ၊ ကွင်းဆင်းသရုပ်ပြတာလာလုပ်ပေးတော့ ကျွန်တော်တို့အတွက် ကြိုတင်ပြင်ဆင်ထားလို့ရတာပေါ့" ဟု အဟောက်ကျေးရွာနေ လယ်သမားတစ်ဦးက ပြောသည်။

ယင်းနောက် အဟောက်ကျေးရွာ ကွင်းအမှတ်(၈၇၄) တောင်သူဦးခင်ဦး၏စိုက်ခင်းတွင် ပိုးသတ်ဆေးဖျန်းပက်ခြင်းကို စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက စနစ်တကျ လက်တွေ့ကွင်းဆင်းသရုပ်ပြဖျန်းပက်ပေးခဲ့သည်။

အဆိုပါနည်းပညာဆွေးနွေးပွဲနှင့် ကွင်းဆင်းသရုပ်ပြပွဲသို့ ပေါင်မြို့နယ်အတွင်းရှိ ကျားဘို၊ ဝဲပတန်၊ ကွဲခြံ၊ အဟောက်၊ ဒရိန်း၊ အလှပ်၊ ကော့ထော်၊ ကဒိုင်း၊ ဒေးကင်း၊ ဥက္ကံ စသည့်ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူလယ်သမားများ တတ်ရောက်ခဲ့ကြသည်။

ပေါင်မြို့နယ်အနေဖြင့် ယခုနှစ်မိုးစပါးစိုက်ဧက ၁၂၆၉၇၄ ဧက စိုက်ပျိုးထားပြီး အထွက်နှုန်းတိုးတတ်ရေးနှင့် ပိုးမွှားအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

**ကိုဟိန်း(ပေါင်)**

## ထီးချိုင့်မြို့နယ်တွင် အသက် ၉၀ ကျော် အဘိုးအဘွားများအား ထောက်ပံ့ငွေများပေးအပ်

**ထီးချိုင့် စက်တင်ဘာ ၅**
ထီးချိုင့်နယ်၌ အသက် ၉၀ ကျော် အဘိုးအဘွားများကို တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သည့်ငွေများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်လင်းနိုင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဟေမာကျော်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စာရေးများက အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် ရပ်ကွက် (၅) ခု၊ ကျေးရွာအုပ်စု (၃၃) အုပ်စု၊ ကျေးရွာ (၁၀၇) ရွာမှ အသက် ၉၀ ကျော် အဘိုးအဘွားများအား တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သည့် ငွေများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်လင်းနိုင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စာရေးများက အသက် ၉၀ နှင့် ၁၀၀ ကြားရှိ အဘိုးအဘွား (၄၃) ဦးကို တစ်ဦးလျှင် ထောက်ပံ့ငွေ ၁၅၀၀၀ ကျပ်နှင့် အသက် ၁၀၀ အထက်ရှိ အဘိုးအဘွားတစ်ဦးတို့ကို တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ တို့အား စက်တင်ဘာ ၂ ရက်မှစတင်ပြီး အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဇွဲမာန်(ထီးချိုင့်)**

## မန္တလေးရောက် နိုင်ငံတကာခရီးသွားဧည့်သည်များ ကျုံးတော်ကိုစက်ဘီးဖြင့်ပတ်ကာ လေ့လာမှုများပြား



**မန္တလေး စက်တင်ဘာ ၅**
မန္တလေးမြို့ရောက် နိုင်ငံတကာခရီးသွားဧည့်သည်များကမူ စက်ဘီးများဖြင့် အုပ်စုလိုက်စီးကာ ကျုံးတော်ကိုပတ်ပြီးလေ့လာလေ့ရှိသည်။ ကျုံးတစ်ပတ် လေ့လာပြီးမှ မြနန်းစံကျော်ရွှေနန်းတော်ကြီးနှင့် နန်းမြို့အတွင်းမှ လေ့လာစရာများကို အားထားလေ့လာကြသည်။ လက်ရှိကာလတွင် မန္တလေးရောက် နိုင်ငံတကာခရီးသွားများမှာ မြို့တွင်းတွင် စက်ဘီးများဖြင့် လှည့်လည်လေ့လာမှုများပြားလျက်ရှိသည်။

ခရီးသွားဝန်ဆောင်မှုလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရရှိသော လုပ်ငန်းတစ်ခုပင်ဖြစ်သည်။ ဝင်ငွေကောင်းစွာရရှိစေသည့်အတွက် မီးခိုးမထွက်သည့် စက်ရုံဟုပင် တင်စားထားသည်။ မြန်မာနိုင်ငံတွင် ၁၉၉၆ မှ စတင်ကာ နိုင်ငံခြားသားခရီးသည်ဝန်ဆောင်မှုလုပ်ငန်းသည် အားကောင်းလာခဲ့သည်။ ခရီးသွားဧည့်သည်တို့ လာရောက်လည်ပတ်သော စက်တင်ဘာလမှစကာ ဧပြီလအထိ ခရီးသွားရာသီဟု သတ်မှတ်ထားသည်။ မေလမှစကာ ဇူလိုင်လအထိ ခရီးသည်ပါးသွားသည်။ ဩဂုတ်လဆန်းပိုင်းမှစကာ ဒေသအခေါ် စပိန်ရာသီဟုဆိုကာ စပိန်မှ ခရီးသည်များဝင်ရောက်သည့်ရာသီဟု ပုံမှန်သတ်မှတ်ထားသည်။

ယခင်ကခရီးသွားလုပ်ငန်းကို မကောင်းခြောက်လ ကောင်းခြောက်လဟု အလွယ်သတ်မှတ်ခေါ်ခဲ့ကြသည်။ ၂၀၁၃ မှစကာ သမားရိုးကျသတ်မှတ်ချက်ကို ချိုးဖောက်ကာ ခရီးသည်ဝင်ရောက်မှုများလာခဲ့သည်။ ဘာလေးဘာဟုအလွယ်ခေါ်သော ခရီးသည်အဝင်များသည့် လများတွင် နေ့စဉ်အလုပ်ဖြစ်နေခဲ့သည်။

မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းလုပ်ဆောင်ရန် အကောင်းဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် မှတ်ချက်ပြုထားသည်။ လာရောက်လည်ပတ်သော နိုင်ငံတကာခရီးသွားဧည့်သည်များမှာ တစ်နှစ်ထက်တစ်နှစ် များပြားလာခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည် ငါးသန်းဝင်ရောက်ရန် ခန့်မှန်းသတ်မှတ်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာဝင်ပေါက်ထွက်ပေါက်များမှ ၄ ဒသမ ၆၈ သန်းဝင်ရောက်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ခရီးသွားဧည့်သည် ၅ ဒသမ ၅ သန်း ဝင်ရောက်နိုင်ရန် မျှော်မှန်းထားသည်။ လက်ရှိကာလတွင် နိုင်ငံတကာခရီးသွားဧည့်သည်များ နေ့စဉ်ဝင်ရောက်လည်ပတ်လျက်ရှိသည်။

**နွေနဒီ(မြစ်ငယ်)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကျင်းပ

**မိုးနဲ စက်တင်ဘာ ၅**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူပေါင်းစီစဉ်မှုဖြင့် ပြည်သူကိုမျက်နှာမူ၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နားခံကျေးရွာအုပ်စု မိုင်းပုတ်ဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် နားခံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်းအောင်ကိုကိုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်ဦးစီးမှူး ဦးခင်မောင်အေးက ဓာတ်အားသုံးစွဲသူပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးကိုလည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ဦးအေးလွင်က သစ်တောသစ်ပင်၊ ကျေးရွာထင်းစိုက်ခင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တရားမဝင်သစ်ထုတ်လုပ်မှု လျော့နည်းပပျောက်ရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့သည်။

အဆိုပါအခမ်းအနားသို့ နားခံကျေးရွာ ဒေသခံပြည်သူ ၂၀၀ ခန့် တက်ရောက်ခဲ့ပြီး မရှင်းလင်းသည့်အချက်များအား မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဘုံရတနာမဂ်လာနန်းတော်၌ သန့်ရှင်းရေးဆောင်ရွက်

**ရွှေဘို စက်တင်ဘာ ၅**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ ရွှေဘုံရတနာမဂ်လာနန်းတော် သန့်ရှင်းသာယာလှပစေရေးအတွက် ရွှေဘိုမြို့ရှိ တပ်နယ်များမှ အရာရှိအရာခံ၊ တပ်သားများ၊ ရွှေဘိုခရိုင်ရဲတပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များသည် စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီက သန့်ရှင်းရေးစုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သန့်ရှင်းရေးဆောင်ရွက်နေမှုကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ခေါင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ခရိုင်ရဲမှူးကြီး ဒုတိယရဲမှူးကြီးမြင့်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ခင်မောင်ဆွေတို့က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြပြီး သန့်ရှင်းရေးဆောင်ရွက်သူများကို နန်းတော်တာဝန်ခံရှေးဟောင်းသုတေသနမှ ကောက်ညှင်းပေါင်းနှင့် အကြော်များကျွေးမွေးခဲ့သည်။

**စိုးသီဟ(ပြန်/ဆက်)**

# ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲ ဥပဒေများစာရင်း

**နေပြည်တော် စက်တင်ဘာ ၄**

မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေပေါင်း ၉၁၇ ခုအနက် ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲဥပဒေ ၃၉၇ ခုအား ပြည်ထောင်စုလွှတ်တော်သို့ ဩဂုတ် ၁၇ ရက်တွင် တင်သွင်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ပြီးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ကျင့်သုံးဆဲ ဥပဒေ ၃၉၇ ခုအနက် ဝန်ကြီးဌာနအလိုက် တာဝန်ခံစီမံခန့်ခွဲရမည့် ဥပဒေများကို ဖော်ပြအပ်ပါသည်-

**ယမန်နေ့မှအဆက်**

### ကာကွယ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/ အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Myanmar Territorial Force Act (Vol.II) | | |
| ၂။ | လက်နက်ကိုင်တပ်ပေါင်းစုံ (ပြောင်းရွှေ့ရေး)အက်ဥပဒေ (ဥပဒေအမှတ် ၆၃/၁၉၄၈ ခုနှစ်၊ အတွဲ-၂) | | |
| ၃။ | ၁၉၅၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကာကွယ်ရေး (စစ်ဆင်မှုအထူးစီမံချက်)အက်ဥပဒေ (၁၉၅၆ ခုနှစ်၊ အတွဲ - ၁၀) | | |
| ၄။ | ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ (ဥပဒေအမှတ် ၄၃/၁၉၅၉ ခုနှစ်) | | |
| ၅။ | မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥပဒေ (နဝတဥပဒေအမှတ် ၁၇/၁၉၈၉) | | |
| ၆။ | စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေ(နဝတဥပဒေအမှတ် ၂၆/၁၉၈၉) | | |
| ၇။ | ပြည်သူ့စစ်မှုထမ်းဥပဒေ (နယကဥပဒေအမှတ် ၂၇/၂၀၁၀) | | |
| ၈။ | အရန်တပ်ဖွဲ့ဥပဒေ (နယကဥပဒေအမှတ်၂၈/၂၀၁၀) | | |
| ၉။ | ရေယာဉ်များလက်နက်တပ်ဆင်မှုတားမြစ်ရေးဥပဒေ (နယကဥပဒေအမှတ် ၂၉/၂၀၁၀) | | |
| ၁၀။ | တပ်မတော်ဆိုင်ရာသယ်ယူပို့ဆောင်ရေး အသုံးပြုခြင်းဥပဒေ (နယကဥပဒေအမှတ် ၃၀/၂၀၁၀) | | |
| ၁၁။ | နိုင်ငံတော်ကာကွယ်ရေးအဆောက်အအုံနှင့် လုပ်ငန်းများဥပဒေ (နယကဥပဒေအမှတ်၃၁/၂၀၁၀) | | |
| ၁၂။ | တပ်မြို့စည်ပင်သာယာရေးဥပဒေ (နယကဥပဒေအမှတ် ၃၂/၂၀၁၀) | | |
| ၁၃။ | မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေ (ပထစဥပဒေအမှတ် ၈/၂၀၁၂) | | |

### နယ်စပ်ရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/ အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး တက္ကသိုလ်ဥပဒေ (နဝတဥပဒေအမှတ် ၉/၁၉၉၁) | တိုင်းရင်းသား | |
| ၂။ | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (နဝတဥပဒေအမှတ် ၁၁/၁၉၉၃) | တိုင်းရင်းသား | |

### နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/ အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၂၆/၂၀၁၆) | | |

### ပြန်ကြားရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/ အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | ၁၉၆၄ ခုနှစ်၊ စာကြည့်တိုက်၊ ပြတိုက်နှင့်ပြပွဲများ ကြီးကြပ်အုပ်ချုပ်ရေးဥပဒေ (နဝတဥပဒေအမှတ် ၁/၁၉၆၄) | | |
| ၂။ | ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေ (နဝတဥပဒေအမှတ် ၈/၁၉၉၆) | | |
| ၃။ | ရုပ်ရှင်ဥပဒေ (နဝတဥပဒေအမှတ် ၉/၁၉၉၆) | | |
| ၄။ | သတင်းမီဒီယာဥပဒေ (ပထစဥပဒေအမှတ် ၁၂/၂၀၁၄) | | |
| ၅။ | ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (ပထစဥပဒေအမှတ် ၁၃/၂၀၁၄) | | |
| ၆။ | ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၅၃/၂၀၁၅) | | |

### သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/ အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Treasure Trove Act(India Act 6,1878, Vol. X) | | |
| ၂။ | The Religious Societies Act (India Act 1, 1880, Vol. IX) | ပြည်ထဲရေး | |
| ၃။ | The Mussalman Wakf Validating Act (India Act 6, 1913, Vol. XI) | တရားလွှတ်တော်ချုပ် | |
| ၄။ | The Charitable and Religious Trusts Act (India Act 14, 1920, Vol.IX) | | |
| ၅။ | The Mussalman Wakf Act (India Act 42, 1923, Vol. IX) | တရားလွှတ်တော်ချုပ် | |
| ၆။ | ၁၉၆၁ ခုနှစ်၊ နိုင်ငံတော်ဘာသာ၊ သာသနာချီးမြှောက်ထောက်ပံ့ရေး အက်ဥပဒေ (ဥပဒေအမှတ် ၂၄/၁၉၆၁ ခုနှစ်) | | |
| ၇။ | သမိုင်းဝင်ပုဂ္ဂိုလ်များ၏အထိမ်းအမှတ်မော်ကွန်းဥပဒေ (ဥပဒေအမှတ် ၄၆/၁၉၆၂) | | |
| ၈။ | ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ (ဥပဒေအမှတ် ၃/၁၉၈၀ ပြည့်နှစ်) | ပြည်ထဲရေး | |
| ၉။ | ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေ (ဥပဒေအမှတ် ၉/၁၉၈၃ ခုနှစ်) | ပြည်ထဲရေး | |
| ၁၀။ | သံဃာအဖွဲ့အစည်းဆိုင်ရာဥပဒေ (နဝတဥပဒေအမှတ် ၂၀/၁၉၉၀) | | |
| ၁၁။ | မြန်မာ့သမိုင်းအဖွဲ့ဥပဒေ (နဝတဥပဒေအမှတ် ၁၂/၁၉၉၁) | ပညာရေး | |
| ၁၂။ | ယဉ်ကျေးမှုတက္ကသိုလ်ဥပဒေ (နဝတဥပဒေအမှတ် ၇/၁၉၉၃) | ပညာရေး | |
| ၁၃။ | ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (နယကဥပဒေအမှတ် ၉/၁၉၉၈) | | |
| ၁၄။ | အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ (နယကဥပဒေအမှတ် ၁၀/၁၉၉၈) | | |
| ၁၅။ | တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ဥပဒေ (နယကဥပဒေအမှတ် ၃၇/၂၀၁၀) | | |
| ၁၆။ | ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (ပထစဥပဒေအမှတ် ၄၃/၂၀၁၅) | | |
| ၁၇။ | ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၄၈/၂၀၁၅) | | |
| ၁၈။ | ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (ပထစဥပဒေအမှတ် ၅၁/၂၀၁၅) | | |

ဆက်လက်ဖော်ပြပါမည်။

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲဆုရသူများဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ထီးချိုင့် စက်တင်ဘာ ၅**

ပညာရေးဌာန၏ကျောင်းလုပ်ငန်းစဉ်တစ်ရပ်တွင် ပါဝင်သော “လူကုန်ကူးမှုတားဆီးကာကွယ်ရေး”အသိပညာပေးဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၉ ရက်က အလယ်တော အခြေခံပညာအထက်တန်းကျောင်း ဇီဇဝါခန်းမ၌ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ အလယ်တောခေတ္တရဲကင်းမှူး ရဲအုပ်အောင်လွင်က“လူကုန်ကူးမှုပြဿနာဟာ ကမ္ဘာတစ်ဝန်းပျံ့နှံ့ဖြစ်ပွားနေတဲ့ ဆိုးရွားတဲ့မှုခင်းတစ်ရပ်ဖြစ်ပါတယ်။ မြန်မာလူမျိုးတို့ရဲ့အမျိုးဂုဏ် ဇာတိဂုဏ်ကို ထိခိုက်ပျက်ပြားစေပါတယ်။ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီးတားဆီးကာကွယ်လျက်ရှိပါတယ်။ လူကုန်ကူးမှုဖြစ်ပွားရတဲ့အကြောင်းကတော့ ပွဲစားတွေက အလုပ်အကိုင်နဲ့ လစာကိုမက်လုံးပေး လိမ်ညာ၊ သွေးဆောင်ဖြားယောင်းတဲ့အတွက် တိုင်းတစ်ပါးကို တရားမဝင်တဲ့နည်းလမ်းနဲ့သွားရောက်မှု၊ လိင်ပိုင်းဆိုင်ရာနဲ့ လုပ်အားကို ခေါင်းပုံဖြတ်မှုကိုအများဆုံးခံကြရပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ တရားဥပဒေစိုးမိုးရေးကို တာဝန်ယူနေရတဲ့အဖွဲ့အစည်းဖြစ်လို့ လူပွဲစားတွေနဲ့ လူကုန်ကူးသူတွေကို တစ်ယောက်မကျန် အရေးယူသွားမယ်”ဟု ဟောပြောပွဲတွင် ပြောကြားခဲ့သည်။ ဟောပြောပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၀၀ ကျော် တက်ရောက်ပြီး စိတ်ဝင်တစား နားထောင်ကြသည်။

ဆက်လက်၍ “လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြပါစို့”ခေါင်းစဉ်ဖြင့်စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသားကျောင်းသူများအား ကျောင်းအုပ်ဆရာကြီးကဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇွဲမာန်(ထီးချိုင့်)**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**

# သိမ်းဆည်းလယ်ယာမြေနှင့် အခြားမြေများမှ နစ်နာတောင်သူများနှင့် တွေ့ဆုံ

**ကလေး စက်တင်ဘာ ၅**
ကလေးတက္ကသိုလ်တည်ဆောက်စဉ်က ပညာရေးဝန်ကြီးဌာနမှ သိမ်းဆည်းထားသော လယ်ယာမြေနှင့် အခြားမြေ စုစုပေါင်း ၇၆ ဒသမ ၄၉ ဧကအတွက် နစ်နာတောင်သူများ ၂၆ ဦးနှင့် တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီက အဆိုပါတက္ကသိုလ်တွင် ပြုလုပ်ရာ ကလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမြင့်ဆွေနှင့် သက်ဆိုင်ရာ ဆရာ၊ ဆရာမများ၊ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်၊ ကျေးရွာ လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းရခြင်းအကြောင်း၊ မြေယာဥပဒေ၊ နစ်နာကြေး၊ လျော်ကြေးပေးပုံပေးနည်း၊ အမှန်တကယ် နစ်နာသူ ဟုတ်-မဟုတ် သက်သေအထောက်အထားရှိ-မရှိ၊ တိုင်းတာတွင်ရှိသော ဧကအရေအတွက်၊ သိမ်းဆည်းစဉ်က မြေစာရင်းတွင်ရှိသော ဧကနှင့်ကိုက်ညီခြင်းရှိ-မရှိ စသည်တို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက အသိပေးပြီး ရှင်းလင်းဆွေးနွေးကြကာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီကလည်း လယ်ယာမြေလုပ်ငန်းစဉ် (၇)ချက်နှင့်အညီ လုပ်ဆောင်သွားမည်ဖြစ်ပြီး နစ်နာသူ တောင်သူများနှင့်လည်း ဆက်လက်တွေ့ဆုံသွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

တက္ကသိုလ်အတွက် သိမ်းဆည်းခံလယ်ယာမြေများသည် နစ်နာသူတောင်သူတို့၏ ဘိုးဘွားများက ဓားမဦးချ လက်ငုတ်လုပ်ကိုင်သောမြေများဖြစ်ပြီး စပါးအထွက်တိုးကောင်းသော လယ်ယာမြေများဖြစ်ကြောင်း၊ သို့သော်လည်း ၁၉၉၀ ခုနှစ်ကစပြီး နိုင်ငံတော်အကျိုးဖြစ်သည့် ပညာရေးအတွက် အသိမ်းဆည်းခံ၍ နစ်နာကြေး၊ လျော်ကြေး ယနေ့အထိ တစ်စုံတစ်ရာမျှ မရရှိကြောင်း၊ သို့ဖြစ်၍ ယခုကဲ့သို့ နစ်နာတောင်သူများအား လာရောက်တွေ့ဆုံဆွေးနွေးညှိနှိုင်း၍ ပထမဆုံးဖိတ်ကြားခြင်းဖြစ်ကြောင်း သိရသည်။

"အခုလိုတွေ့ဆုံဖို့ ဖိတ်ကြားခံရလို့ ကျွန်တော်တို့ တောင်သူတွေလည်း အလွန်ဝမ်းမြောက်လျက်ရှိကြပါတယ်။ ကျွန်တော်တို့ နစ်နာတောင်သူတွေရဲ့ စားဝတ်နေရေးစတဲ့ ဝမ်းစာဖူလုံဖို့ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီကလည်း နစ်နာကြေးအတွက် အမြန်ဆုံးအကောင်အထည်ဖော် စီစဉ်ဆောင်ရွက်ပေးလိမ့်မယ်လို့ မျှော်လင့်နေကြပါတယ်" ဟု နစ်နာတောင်သူတစ်ဦးဖြစ်သူ ဦးခုပ်ဇပေါင်က ပြောသည်။

**ချင်းတွင်းသား**

## ပညာရေးဝန်ကြီးဌာန၏လမ်းညွှန်စီမံချက်အရ မြို့နယ်ပညာရေးဌာနမှကြီးမှူးပြုလုပ်သော မူလတန်းအဆင့် ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**ပင်လည်ဘူး စက်တင်ဘာ ၅**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့၌ ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်စီမံချက်အရ မြို့နယ်ပညာရေးဌာနမှကြီးမှူးပြုလုပ်သော မူလတန်းအဆင့် ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက ပင်လည်ဘူးမြို့ အ. ထ. က ဦးအောင်မြတ်ခန်းမ၌ ပြုလုပ်ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ် မူလတန်းအဆင့် အခြေခံဘာသာရပ် အောင်ချက်ရာခိုင်နှုန်း ပိုမိုမြင့်မားလာစေရန် အခြေခံဘာသာရပ် အောင်မှတ်မရရှိနိုင်သောကျောင်းသား၊ ကျောင်းသူများအား အောင်မှတ်ရရှိစေရန် သာမန်အောင်မှတ်ရရှိနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ထူးမှတ်ဖြင့် အောင်မြင်နိုင်စေရန် အခြေခံဘာသာရပ် အခြေခံပညာရပ်များ ကောင်းစွာသိရှိနားလည်သဘောပေါက်စေရန် ရည်ရွယ်၍ ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းက ဘာသာရပ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲသို့ ပင်လည်ဘူးမြို့နယ်အတွင်းရှိ မူလတန်းအဆင့် ပညာသင်ကြားပေးနေကြသော ဆရာ၊ ဆရာမ ၂၉၆ ဦး တက်ရောက်ပြီး ဆွေးနွေးပွဲကို စက်တင်ဘာ ၃ ရက်မှ ၅ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

## ကန့်ဘလူမြို့နယ်တွင် ဝန်ဆောင်မှုကိုရှေးရှုသောရဲလုပ်ငန်းဆိုင်ရာများ ရှင်းလင်းပွဲကျင်းပ

**ကန့်ဘလူ စက်တင်ဘာ ၅**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများ ရှင်းလင်းပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လူလူသန်းက ရဲလုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ ပရိုဂျက်တာဖြင့် ရှင်းလင်းအမှာစကားပြောကြားခဲ့သည်။

အဆိုပါရှင်းလင်းပွဲသို့ ကန့်ဘလူမြို့နယ်၊ ကျွန်းလှမြို့နယ်နှင့် တန့်ဆည်မြို့နယ်တို့မှ ရဲတပ်ဖွဲ့မှူးများ၊ အရာရှိ အရာခံ အကြပ်တပ်သား ၁၂၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## အရင်းမပျောက် လည်ပတ်ရန်ပုံငွေဒုတိယအကြိမ်ထုတ်ချေး



**ခင်ဦး စက်တင်ဘာ ၅**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်မတည်လည်ပတ်ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာတစ်ရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာကိုးရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာငါးရွာ စုစုပေါင်းကျေးရွာ ၁၅ ရွာကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သောကျေးရွာကိုးရွာမှာ ဩဂုတ်လကုန်တွင် စီမံကိန်းကာလ တစ်နှစ်ပြည့်၍ အတိုးအရင်းပြေကျေစွာဆပ်ပြီးဖြစ်သဖြင့် အဆိုပါကျေးရွာများကို ဒုတိယအကြိမ် ထပ်မံထုတ်ချေးပေးလျက်ရှိသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်မတည်လည်ပတ်ရန်ပုံငွေထဲမှ တစ်နှစ်အတွင်း ရွာ၏ရန်ပုံငွေအဖြစ်ရရှိသော အတိုးရငွေမှာ သိန်း ၅၀ ကျော်ရှိကြောင်း၊ ၎င်းရန်ပုံငွေအား ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မသုံးသေးဘဲ ဒုတိယနှစ်စီမံကိန်းတွင် မတည်ငွေကျပ်သိန်း ၃၀၀ နှင့် ထပ်ပေါင်း၍ ရန်ပုံငွေလည်ပတ်သွားမည်ဖြစ်ကြောင်း ကျေးရွာကော်မတီဝင်များက ပြောသည်။

**ခင်ဦးစိုးဝေ**

## လူထုဗဟိုပြုစီမံကိန်း နည်းပညာကျွမ်းကျင်သူများဖိုရမ် ( Expert's Forum) ပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၅**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်အဖွဲ့တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း (Community Driven Development) ၏ နည်းပညာကျွမ်းကျင်သူများဖိုရမ် (Expert's Forum) ကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ရုံးအမှတ် (၁၄) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ယခုကျင်းပပြုလုပ်သော နည်းပညာကျွမ်းကျင်သူများဖိုရမ် (Expert's Forum) ကျင်းပရခြင်း ရည်ရွယ်ချက်မှာ စီမံကိန်းနှင့်ပတ်သက်၍ မြို့နယ်များ၏ အောင်မြင်မှုများနှင့် အခက်အခဲများကို တစ်စုတစ်စည်းတည်း သိရှိစေရန်၊ ယခင်စီမံကိန်းမှ တွေ့ကြုံခဲ့ရသည့်အကြောင်းအရာများကို မျှဝေကြပြီး နောက်နှစ်စီမံကိန်းများ ပိုမိုတိုးတက်စေရန်အတွက် ကျင်းပရခြင်းဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ပြောကြားခဲ့သည်။

အခမ်းအနားသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကမ္ဘာ့ဘဏ်အဖွဲ့မှ တာဝန်ရှိသူများ၊ လူထုဗဟိုပြုစီမံကိန်းမှ ဒါရိုက်တာ၊ မန်နေဂျာနှင့်အဖွဲ့ဝင်များ၊ စီမံကိန်းဝင်မြို့နယ်များမှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**သူရအောင်(ပြည်)**

## ရိဒ်ရေကန် ကြိုးပြင်ကာကွယ်တောထိန်းသိမ်းရေး ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်

**ရိခေါဒါရ် စက်တင်ဘာ ၅**
ချင်းပြည်နယ် ရိခေါဒါရ်မြို့ အုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်းဦးဆောင်မှုဖြင့် သစ်တောဦးစီးဌာန ယာယီတာဝန်ခံတောခေါင်း ဦးလိန်းမောင်၊ မြို့လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးရွှန်းနယ်ခဲန်း၊ စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဗန်ရိုထန်းတို့သည် စက်တင်ဘာ ၂ ရက်က ရိဒ်ရေကန် ကြိုးပြင်ကာကွယ်တော ထိန်းသိမ်းရေးကွင်းဆင်း စစ်ဆေးခဲ့သည်။



အဆိုပါရိဒ်ရေကန် ကြိုးပြင်ကာကွယ်တောထိန်းသိမ်းရေးကွင်းဆင်းစစ်ဆေးရာတွင် ကြိုးပြင်ကာကွယ်တောသတ်မှတ်သည့်နယ်မြေအတွင်း သစ်ပင်ခုတ်လဲခြင်းနှင့် သစ်ခိုးထုတ်လုပ်မှု ရှိ-မရှိ၊ ဥယျာဉ်ခြံများ နယ်မြေကျူးကျော်လုပ်ကိုင်မှု ရှိ-မရှိ၊ ရိဒ်ရေကန်၏ သဘာဝအလှထိခိုက်ပျက်စီးစေမည့် ကျူးကျော်လုပ်ဆောင်ခြင်းရှိ-မရှိ နယ်မြေဒေသအရောက် ကွင်းဆင်းစစ်ဆေးခဲ့ကြသည့်အပြင် ယခုကဲ့သို့ ရိဒ်ရေကန်ကြီးစိမ်းလန်းစိုပြည်ရေး၊ သဘာဝရေကန် သာယာလှပရေးတို့အတွက် ဒေသခံပြည်သူတစ်ရပ်လုံးကလည်း တစ်ဦးချင်းကိုယ်စီတာဝန်ရှိကြကြောင်း ဒေသခံမြို့မိမြို့ဖတစ်ဦးက ပြောသည်။

ရိဒ်ရေကန်ကြိုးပြင်ကာကွယ်တောသည် ရိဒ်ရေကန်ဘေး လယ်ယာမြေများ၊ ပုဂ္ဂလိကဥယျာဉ်ခြံများ၊ မြို့မြေကွက်နှင့် ဌာနဆိုင်ရာမြေနေရာများ ချန်လှပ်၍ ရိဒ်ရေကန်ပတ်လည်ကြိုးဝိုင်းတော ၅၄၃ ဒသမ ၈၆ ဧက၊ သုည ဒသမ ၈၄၉၇ စတုရန်းမိုင်ခန့်အား သတ်မှတ်ထားကြောင်း၊ ယင်းကြိုးပြင်ကာကွယ်တောကြိုးဝိုင်းသတ်မှတ်မြေနေရာနှင့် နယ်နိမိတ်တည်နေရာများအား သစ်တောဦးစီးဌာနမှ အများပြည်သူများသိရှိနိုင်ရန် ဘုတ်တိုင် ၁၇ တိုင်စိုက်ထူထားရှိကြောင်း၊ ရိဒ်ရေကန်ကြိုးပြင်ကာကွယ်တောထိန်းသိမ်းကြီးကြပ်ရေးကို သက်ဆိုင်ရာဌာနများနှင့် ဒေသအုပ်ချုပ်ရေးအဖွဲ့များက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဗိုဟေဆာ**

## မူးယစ်ဆေးဝါးနှင့် ဥပဒေရေးရာများအကြောင်း လက်ကမ်းစာစောင်များဖြန့်ဝေ

**သရက်ချောင်း စက်တင်ဘာ ၅**
တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် သရက်နှစ်ခွကျေးရွာ မြိတ်-ထားဝယ်ကားလမ်းမကြီးပေါ်တွင် သရက်ချောင်းမြို့မရဲစခန်းမှ စခန်းမှူးဦးဆောင်သောအဖွဲ့သည် မူးယစ်ဆေးဝါးနှင့် ဥပဒေရေးရာများအကြောင်း လက်ကမ်းစာစောင်များကို ခရီးသွားပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ယခုလိုမျိုး ကျေးရွာများအရောက် နယ်လှည့်ကွင်းဆင်းဆောင်ရွက်ရာတွင် မော်တော်ယာဉ်ဖြင့် လိုက်လံကြေညာပေးခဲ့ကြကြောင်း သိရသည်။

ယင်းသို့ ရဲလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် သရက်ချောင်းမြို့မရဲစခန်းမှ ဒုရဲမှူးမြသောင်း၊ ရဲတပ်ဖွဲ့ဝင်မိသားစုရဲမေများ၊ ရဲတပ်သားများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများပါဝင်ကာ မူးယစ်ဆေးဝါးနှင့် ဥပဒေရေးရာများအကြောင်း လက်ကမ်းစာစောင် ၂၅၀ ကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

## ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်ပွဲပြုလုပ်

**ယင်းမာပင် စက်တင်ဘာ ၅**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီက ယင်းမာပင်မြို့ ပြည်သူ့အားကစားကွင်းတွင် ပြုလုပ်ရာ ခရိုင်အတွင်းရှိ မြို့နယ် ၄ မြို့နယ်မှ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ပြေးခုန်ပစ်ပြိုင်ပွဲများအပြင် အလျားခုန်၊ သံလုံးပစ်၊ သံပြားပစ်ပြိုင်ပွဲများလည်း ပါဝင်ယှဉ်ပြိုင်စေသည်။

ပြိုင်ပွဲ အမျိုးအစားအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိကြသည့် အားကစားသမားများအား စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းအောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးကျော်ဝင်းတို့က ဆုများပေးအပ်ချီးမြှင့်ကြပြီး တံခွန်စိုက်ဆုရ ယင်းမာပင်မြို့နယ်အသင်းအား ခရိုင်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နှင်းနှင်းလှိုင်က တံခွန်စိုက်ဆုဖလားအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မေသရဖူ(ဖူး)**

# လတော်သလင်း လှေတော်ကျင်း

ရွှေတိုင်လွင်



မြန်မာနှစ်၏ တစ်ဆယ့်နှစ်လရာသီမှ ခြောက်လမြောက် တော်သလင်းလသည် မိုးရာသီကာလတွင် ပါဝင်သော်လည်း၊ မိုးကပါး လေကငြိမ်သည့် မြစ်ပြင်မှာ သင်ဖြူးခင်းထားဘိသကဲ့သို့ ငြိမ့်ညောင်းသော ရေသီတာတို့ ဖြေးညှင်းစွာ စီးဆင်းနေသည့်လတစ်ပါး ဖြစ်ပေသည်။ ကန်ရာသီခွင်သို့သက်ဆင်းကာ ဆံကျင်တာရာ သောက်ရှုးပြီး ဥတ္တရာဘရဂုဏ်၊ ဟဿတ၊ စိတြတည်းဟူသော ဝန်းရံခသည့်ကြယ်ငယ်လေးတို့နှင့် အလွန်မှတင့်တယ်လှပါပေသည်။

ဤလရာသီဝယ် ရွှေရင်းမာပန်းတို့ကလည်း ဝေဆာသင်းထုံ၍ လေအလာမှာ ကြိုင်လှိုင်ပေသောလဖြစ်ပါပေသည်။ ဤသို့သောကာလတွင် ရှေးမြန်မာမင်းတို့က မြစ်ချောင်းများတွင် လှေပြိုင်ပွဲများ ကျင်းပခဲ့ကြကြောင်း သာဓကများစွာ တွေ့ရှိရပါလေသည်။

မြန်မာလူမျိုးတို့၏အားမာန်ကို ဖော်ထုတ်သည့် လှေတော်သဘင်ပြိုင်ပွဲတို့သည် ကမ်းလုံးညွတ်မျှ စည်ကားလျက်ရှိခဲ့ပုံကို မဟာအတုလမင်းကြီး၏ တစ်ဆယ့်နှစ်ရာသီ ဘွဲ့လွမ်းချင်းက ဖော်ညွှန်းကာ ရေးသားထားသည်ကိုလည်း ဤသို့တွေ့ရှိရသည်။

"ရေယဉ်စမ်းငယ်နှင့်၊ သောင်ကမ်းငယ်ပြည့်လျှံ မြစ်လုံးငယ်ညံသည် လှော်တက်သံမြိုင်မြိုင်နှင့် လှေပြိုင်ကျင်းတဲ့လကိုလေး။"

"ကန်ရာသီငယ် ခါမီသင့်စွာ၊ ဗွေအာကာမှာ ပြုဗ္ဗာဘဒြပိုဒ်၊ ကြက်ညီနောင် တောင်တစ်ဝိုက်က၊ ရေလိုက်ကယ်သဘင်၊ စံစံပယ်ရွှင်သောအခါ၊ မြိုင်ခွင်လုံး ကန္တာမှာ ရွှေရင်းမာ ပန်းတော်မင်းက သင်းလှတယ်လေး" ဟူ၍ ဖွဲ့ထားခြင်းကြောင့် ရေသဘင်ပွဲ ခြိမ့်ခြိမ့်သည်းမျှကျင်းပသော တော်သလင်းလဝယ် ရွှေရင်းမာပန်းတို့သည် တော၊ တောင်၊ မြိုင်ကန္တာ၊ ဝဠာတော တစ်ခိုမှာ အလွန်မှ မွှေးကြိုင်ထုံသင်းလျက်ရှိနေသည်ကို ဖွဲ့နွဲ့ထားပါလေသည်။

မြန်မာဘုရင်များလက်ထက် ရှေးပုဂံခေတ်ကာလကတည်းက လှေပွဲသဘင်ကို ကျင်းပခဲ့သည်မှာ မြန်မာတို့၏သန်မာထွားကျိုင်းမှု၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်း စဉ်လာကို လေးစားမြတ်နိုးဖွယ် တွေ့ရှိရပါလေသည်။

မြန်မာတို့၏ကြံ့ခိုင်မှု၊ လုံ့လဝိရိယစွမ်းအားတို့ကို လှေပြိုင်ပွဲတို့က ထုတ်ဖော်ပေးလျက်ရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါလေသည်။ ယနေ့ဆိုလျှင် မြန်မာနိုင်ငံ၌ လှေပြိုင်ပွဲကိုကျင်းပသော မြန်မာ့ရိုးရာ ယဉ်ကျေးမှုလှေပြိုင်ပွဲမှာ အလွန်မှရှားပါးလာသည်ကို တွေ့မြင်ရပါလေသည်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြစ်တို့တွင်သာ ကျင်းပလျက်ရှိကြောင်းကို ဝမ်းနည်းဖွယ်ရှုမြင်ရပါလေသည်။ ဒီလိုပွဲမျိုးသည် မြန်မာတစ်နိုင်ငံလုံး ခြိမ့်ခြိမ့်သည်းစွာ မြန်မာ့ဇွဲမာန်၊ လုံ့လဝိရိယနှင့် ရိုးရာယဉ်ကျေးမှုတို့ကို ဖော်ဆောင်ကြရပါပေမည်။ သို့မှသာ မြန်မာ့ရိုးရာ ယဉ်ကျေးမှုများ တိမ်ကောပပျောက်မှုကင်းပေလိမ့်မည်ဟု စာရေးသူ ယုံကြည်မိပါသည်။

ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်လရာသီဘွဲ့နှင့် မိုးဘွဲ့သဖြန် လေးဆစ်ထဲမှ ကန်ရာသီတော်သလင်း လေးဆစ်သဖြန်ကလည်း မေ့မရနိုင်ကောင်းသောအရာပင် ဖြစ်ပါသည်။

"ကန်ရာသီချိန်တွင်းမို့၊ ရွှေရင်းတဲ့မာငုံ၊ မြိုင်မဟာသာနန်းက သုတ်ဖြန်းလေယူ ဖြန့်၊ သင်းပျံ့ပျံ့ထုံ၊ တိမ်စွန်ဘုံ၊ ရောင်ဟုန်လျံပ၊ လမင်းသော်တာနှင့် အဗဒ္ဒါဆို ရွှေကျီးငယ်၊ နီးသည့်ကာလဟူ၍ တော်သလင်းလ၏လှပပုံ၊ ရာသီခွင်ပန်းနှင့် တောဝနာမှာ ကျေးငှက်သာရကာတို့ ပျော်မြူးပုံ၊ ထိုလရာသီ ကြယ်တာရာတို့ထွန်းကားပုံ စသည်ဖြင့် တော်သလင်းကို ဖွဲ့နွဲ့ထားပါလေသည်။

တော်သလင်းလသည် ရှေးစာဆိုများဖြင့် ရှိခဲ့ဖူးပါ၏။ တော်သလင်းလတွင် မြစ်ပြင်မှာငြိမ်သက်နေခြင်းကြောင့် "တော်သလင်းမြစ်တွင်း သင်ဖြူးခင်း" "တော်သလင်းနေ ပုဇွန်သေ"ဟူ၍ ဆိုရိုးများရှိခဲ့ပါလေသည်။ ဤကဲ့သို့ မြစ်တွင်းမှာ လေများတိုက်ခတ်မှုကင်းမဲ့ပြီး ငြိမ်သက်နေခြင်းကြောင့် ဤလရာသီတွင် ရှေးရှေးက မြန်မာမင်းများကိုယ်တိုင် လှေပြိုင်ပွဲတော်များကို ခင်းကျင်းခဲ့ကြပုံကို လေ့လာတွေ့ရှိခဲ့ကြရပေသည်။

ထိုလှေပြိုင်ပွဲများမှာ ကမ်းနားတစ်လျှောက် ခြိမ့်ခြိမ့်သည်း အုန်းအုန်းကျွက်ကျွက်ရှိလှသည်ကိုလည်း ပျော်ရွှင်ကြည်နူးဖွယ် တွေ့ရှိခဲ့ရပါလေသည်။ တော်သလင်းလသည် မိုးနည်းသောကြောင့် လယ်တောများ၊ ကန်သင်းရိုးထောင့်များ၌ ရေများသည် နေအလွန်ပူသဖြင့် ရေနည်းသောလယ်များမှ ငါးပုစွန်များ သေကြရသည်ကိုလည်း တွေ့ရှိရသလို၊ မိုးရွာပြီဆိုလျှင်လည်း တော်သလင်းမိုး ကန်သင်းကျိုးအောင်ရွာတတ်သောကြောင့် ငါးပုစွန်တို့ကသကဲ့သို့ ပျော်မြူးကြကုန်သည်ကို တင်စားထားခြင်းဖြစ်ပေသည်။



တော်သလင်း ရေခင်းရယ်တဲ့သာ မြစ်တွင်းမှာ လှေတော်ပြိုင်ကြတယ်။ ရှုမဝဘု တို့ရွှေမြန်မာ ဆိုသကဲ့သို့ မြန်မာနိုင်ငံ၏ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးတမ်းစဉ်လာ လှေပြိုင်ပွဲများကို တော်သလင်းလမှာ ကျင်းပမြဲဖြစ်သလို စဉ်လာမပျက် မြန်မာတို့၏ဇွဲလုံ့လနှင့် အားမာန်တို့ကိုဝင့်ကြွားပြခွင့်ရသည့် လှေပြိုင်ပွဲများသည် မြန်မာပြည်အနှံ့မှာရှိခဲ့ပါပေသည်။ ထိုလှေတော်ပြိုင်ပွဲများကို ရှေးယခင်က ဘုရားများကိုယ်တိုင်ကြွရောက်ပြီး လှေပြိုင်ပွဲများကို ဖွင့်လှစ်ပေးခဲ့ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါပေသည်။ ထို့ကြောင့် မြန်မာ့အလှလှေပြိုင်ပွဲများ၊ အုပ်စုလိုက် ပြိုင်ပွဲ၊ တစ်ဦးချင်းယှဉ်ပြိုင်ပွဲများရှိသလို လှေပြိုင်သည့်အခါဝယ် လှေတော်သံယိမ်းများ၊ တက်ခုတ်ယိမ်းများဖြင့် သီကျူးကာအဖွဲ့နှစ်ဖွဲ့ဖွဲ့ ယှဉ်ပြိုင်ခဲ့သည်ကို တွေ့ရသည်။

တော်သလင်းလ လှေပြိုင်ပွဲများသည် မြန်မာတို့၏ သတ္တိ၊ ဗျတ္တိ၊ ဇွဲလုံ့လတို့ကို ယှဉ်ပြိုင်ကြသည် သာမက စာပေအနုပညာတို့ဖြင့် ဖွဲ့နွဲ့သီကျူးသော လှေတော်သံ၊ ယိမ်းအကများကိုလည်း ဖွဲ့နွဲ့သီဆိုကခုန်ကြခြင်းကြောင့် အနုပညာမြောက်သည့် ဒီလှေပြိုင်ပွဲများသည် မြို့နယ်အသီးသီး၊ တိုင်းနှင့်ပြည်နယ်တို့မှာ ယှဉ်ပြိုင်နိုင်ကြပါလျှင် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာမြောက်သောပြိုင်ပွဲများ တိမ်ကောပပျောက်မှု ကင်းဝေးမှာသေချာလှပါပေ၏။

အချုပ်ဆိုရပါလျှင် မြန်မာမှု၊ မြန်မာဓလေ့စရိုက်၊ ရိုးရာယဉ်ကျေးမှုတို့နှင့် ထုံမွှန်းနေသော လှေတော်ပြိုင်ပွဲများကို မြန်မာနိုင်ငံသားတိုင်းပါဝင်ဆင်နွှဲနိုင်ကြပါလျှင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ချစ်မြတ်နိုးကြပြီး ထိန်းသိမ်းစောင့်ရှောက်ကြပေမည်။ တော်သလင်းသည် မြန်မာတစ်မျိုးသားလုံး၏ နှလုံးသားဝယ် ပျော်ပွဲရွှင်ပွဲ လှေတော်ပြိုင်ပွဲကျင်းပသည့် လတစ်လထက် မြန်မာယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းပေးသော၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ဖော်ကျူးယှဉ်ပြိုင်သော လတစ်လအဖြစ်ခံယူကြကာ ပျော်ရွှင်ကြည်နူးဘွယ်ရာ လှေပြိုင်ပွဲများကို တော်သလင်းလမှာ ကျင်းပနိုင်ကြပါစေဟူ၍ အမျိုးသားရေးအမြင်ဖြင့် ရေးသားဖော်ကျူးတင်ပြလိုက်ရပါတော့သတည်း။

# လက်တွေ့အသုံးချဆေးနည်းတိုများ(၉)

ကြည်လွင်မြင့်(မုဒြာ)

**ဆရာ မင်္ဂလာပါရှင့်။ ကျွန်မသမီးလေးက ခုနစ်လရှိပါပြီ။ အခု နှစ်ရက်ရှိပြီ။ ရှူးပေါက်ရင် အတော်ညှစ်ပြီးငိုပါတယ်။ အခုတလော ဆီးလည်း နည်းပါတယ်။ ဘာဖြစ်တာလဲမသိလို့ မြန်မာဆေးနည်းလေးညွှန်ပြပေးပါရှင့်။**

ကလေး ဆီးအောင့်နေတာပါ။ ရေကျက်အေးတိုက်ပေးပါ။ ငယ်သေးလို့ ဆေးတိုက်စရာမလိုပါ။ ကြက်သွန်နီ ဥ ပါးပါးလှီးပြီး ကလေးဆီးခုံမှာ ကပ်ပေးပါ။ နွမ်းသွားရင် အသစ်လဲကပ်ပါ။ ဆီးကောင်းလာပါလိမ့်မယ်။

**ဆရာရှင့်၊ သမီးအမျိုးသား ဆေးလိပ်ဖြတ်မယ် ဆိုပြီးဖြတ်ပါတယ်။ ခံတွင်းချဉ်လို့ဆိုပြီး ကွမ်းယာတွေစားနေလို့ ခံတွင်းမချဉ်အောင် ဘာလုပ်ရမလဲ နည်းလမ်းလေးပြောပြပါရှင့်။ ဆေးလိပ်ပြတ်ပြီး ကွမ်းစွဲမှာ စိုးလို့ပါရှင့်။**

ဆေးလိပ်ဖြတ်ရာကနေ ကွမ်းစား၊ ဆေးလိပ်ပြန်သောက် နှစ်မှုရောက်ဖြစ်တတ်ပါတယ်။ ကွမ်းမစားဘဲ ကွမ်းယာထဲထည့်တဲ့ ဂုံခါးကို ငုံပေးရင် ခံတွင်းချဉ်သက်သာပါတယ်။ ဒါမှမဟုတ် လေးညှင်းပွင့်ကို ဝါးပြီး ငုံပေးရင်လည်း ခံတွင်းချဉ်ပျောက်ပါတယ်။ အညာမှာတော့ ဆီးဖြူသီး၊ ဖန်ခါးသီးစားပြီး ရေအေးသောက်ရင် ခံတွင်းချဉ်ပြေတယ်ပြောကြပါတယ်။

**ဆရာခင်ဗျား၊ ကျွန်တော့ အသက် ၄၀ ကျော်ရှိပဲရှိပါသေးတယ်။ သွေးတိုးရှိပါတယ်။ သွေးထဲမှာ အဆီများလို့ ဆေးသောက်နေရပါတယ်။ တစ်ရက်ကို ၆ နာရီ ကနေ ၈ နာရီထိ မတ်တတ်ရပ်ပြီး စာသင်ရပါတယ်။ ဆိုင်ကယ်စီးများရင် ခြေထောက်သွေးကျပါတယ်။ မျက်ကွင်းတွေလည်း ညိုနေပါတယ်။ သင့်တော်မယ့်ဆေးနဲ့ အစားအစာတွေကို သိလိုပါတယ်။**

ဆရာဝန်ပြပြီး ပေးတဲ့ဆေးကို စနစ်တကျသောက်ပါ။ ကညွတ်များများစားပါ။ ဒန့်သလွန်ရွက်နဲ့ ရဲယိုရွက်ဟင်းချိုချက်သောက်ပါ။ သွေးထဲက အဆီလျော့စေဖို့ ချင်းတက်ကို ပါးပါးလှီး၊ ရှောက်ရည်ညှစ်ပြီး ထမင်းစားပြီးတိုင်း စားပေးပါ။ ကွမ်းရွက်ကို သေးသေးဖွဲ့ပြီး မျက်စိအောက်မှာကပ်ပေးရင် မျက်ကွင်းညို သက်သာပါတယ်။

**ဆရာ၊ ကျွန်တော့ လက်ဖျံနဲ့ ကျောမှာ အဆီဖုတွေ ထွက်နေပါတယ်။ တဖြည်းဖြည်း ကြီးလာလို့ ဘယ်လိုလုပ်ရမလဲ ကျေးဇူးပြုပြီး ဖြေကြားပေးပါ။**

အဆီကျိတ်က မပျောက်ပါ။ ကြီးမလာအောင် သံပရာသီးစိတ်နဲ့ ပွတ်ပေးပါ။ သံလွင်ဆီလိမ်းပါ။ ရေမချိုးခင် ငှက်ပျောသီးအခွံနွာပြီး အတွင်းသားက အမြှေးနဲ့ နေ့စဉ်ပွတ်ပေးရင်လည်း သက်သာတယ် ပြောကြပါတယ်။

**ဆရာ၊ သမီးက မဝပါဘူး။ ဒါပေမယ့် ဗိုက်ပူ ခါးတုတ်ဖြစ်နေတယ်။ ဗိုက်ပူတာပျောက်အောင် ဘယ်လိုလုပ်ရပါမလဲ။**

သက်ရင်းကြီးရွက်နု သုံးရွက်လောက် ရေနွေးဖျော့ပြီး နေ့စဉ်အတို့အမြှုပ် ပြုလုပ်စားပေးရင် ဗိုက်ပူတာ ကျစေပါတယ်။ မနက်အိပ်ရာထထချင်း ပျားရည်တစ်ဇွန်း သောက်ပေးရင်လည်း အဆီကျစေပါတယ်။ ညစာမစားဘဲ မန်ကျည်းမှည့်ဖျော်ရည်မှာ ဆားခါးတစ်ဇွန်းထည့် သောက်ပေးရင်လည်း ဝမ်းမှန်ပြီး ဗိုက်ပူတာ သက်သာစေပါတယ်။

**ဆရာရှင့်၊ သမီးဒူးခေါင်းကမည်းပြီး အမာရွတ်တွေရှိနေပါတယ်။ ပျောက်ချင်ပါတယ်။**

ကြိတ်မှန်ရွက်အရည်၊ သံပရာသီးအရည်နဲ့ သနပ်ခါး ရောစပ်ပြီး လိမ်းပေးပါ။

**ကလေးက နို့ဖြတ်ပြီး ထမင်းဝါးခွံ့ကျွေးရင် သွားရည်ကျကျနေပါတယ်။ သူငယ်နာလား သိချင်ပါတယ်။ ငါးဖယ်အောင်း ငါးပိကောင်နဲ့ ထမင်းဆီဆမ်း၊ ဝါးကျွေးရင် သူငယ်နာကောင်းတယ်ဆိုတာရော မှန်ပါသလားရှင့်။ ကလေးက ဝမ်းလည်းချုပ်ပါတယ်။ ဝမ်းညှစ်သွားရင် ငိုပါတယ်။ နည်းလမ်းပြောပြပါရှင့်။**

သူငယ်နာ သွားရည်ကျဆိုတာရှိပါတယ်။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် ၄၇ (၇ ပါး၊ ဆေးဝါလေး) ကို လျှာပွတ်ပေးရင် ပျောက်ပါတယ်။ ငါးဖယ်အောင်း ဒါမှမဟုတ် ငါးဖန်းမကို ငါးပိကောင်ပြုလုပ် မီးဖုတ်၊ မီးကင်ပြီး ထမင်းစကျွေးတဲ့ကလေးကို ဝါးကျွေးရင် သူငယ်နာကင်းတယ်ပြောပါတယ်။ ကလေးက ဝမ်းချုပ်တတ်ရင် ကန်စွန်းရွက်ချဉ်ရည်ဟင်းကို မန်ကျည်းမှည့် ထည့်ချက်ပြီး အရည်သောက်တွဲကျွေးပေးပါ။ ကလေး ဝမ်းချုပ်ပြီး ဝမ်းညှစ်ရတဲ့ရောဂါအတွက်ပါ။ အဆင်ပြေစေနိုင်ပါတယ်။ ရှေးလူကြီးတွေက ကလေးကို အပုပ်ကို အရင်စကျွေးတာက ခံနိုင်ရည်ရှိအောင် ကိုယ်ခံအားကောင်းအောင် ပြုပြင်ပေးတဲ့နည်းလို့လည်း ယူဆရပါတယ်။

**ဆရာ မျက်နှာမှာ ဝက်ခြံတွေထွက်တာ ညှစ်မိတော့ သမီးအသားအရည်က နုတဲ့အတွက် အမာရွတ်တွေ ညိုမည်းကျန်ခဲ့ပါတယ်။ ဖြစ်နေတာ တစ်နှစ်ကျော်ပါပြီ။ တော်တော်စိတ်ညစ်ရပါတယ်။ ဆရာ့အကူအညီ မျှော်လင့်ပါတယ်။ ဓာတ်စာအနေနဲ့ ဘယ်လိုစားသောက်သင့်သလဲ ညွှန်ကြားပေးပါရှင့်။**

ဝက်ခြံထပ်မထွက်ဖို့အတွက် အိပ်ရေးမပျက်ဖို့နဲ့ အဆီနဲ့အငန်တွေ ရှောင်စားဖို့လိုပါတယ်။ မိန်းကလေးမှာ သွေးသားမှန်ဖို့လည်း အရေးကြီးပါတယ်။ အမာရွတ်အမည်းတွေပျောက်ဖို့အတွက် မျက်နှာကို သနပ်ခါး အမြဲလူးထားပါ။ ညနေ အလုပ်အားချိန်မှာ မျက်နှာသစ်ပါ။ ပြီးရင် ရှားစောင်းလက်ပပ် အနှစ်အဖတ်တွေကပ်ထားပြီး ခေတ္တအိပ်နေပါ။ နာရီဝက်လောက်ကြာရင် မျက်နှာပြန်သစ်ပါ။ ပြီးရင် မျက်နှာအမာရွတ်တွေကို သံပရာသီးခြမ်းနဲ့ပွတ်ပါ။ စပ်လာရင် မျက်နှာပြန်သစ်ပြီး သနပ်ခါးပြန်လိမ်းပါ။ တခြား ကြိတ်မှန်ရွက်အရည်နဲ့ သနပ်ခါးစပ်လိမ်းရင် အမာရွတ်ပျောက်တယ်။ စန္ဒကူးနီခေါက် (ပရဆေးဆိုင်မှာဝယ်) သွေးလိမ်းရင် အမည်းပျောက်တယ်။

**ဆရာရှင့် သမီးအဖေက ခေါင်းငုံ့ပြီး အလုပ်လုပ်ရင် မူးတယ်ပြောပါတယ်။ မျက်မှန်သွားစမ်းတော့လည်း ဒီဂရီမတိုးပါ။ သူက သွေးတိုးရောဂါရှိပါတယ်။ မနှစ်က လေဖြန်းဖူးလို့ ဆေးရုံတက်ရဖူးပါတယ်။ ကျေးဇူးပြုပြီး ဖြေကြားပေးပါရှင့်။**

ဇက်ကျိုးပေါင်းကြောင့် ဦးနှောက်သွေးကြောကို ဖိမိတဲ့အခါ မူးတတ်ပါတယ်။ ခေါင်းငုံ့ရတဲ့အလုပ် မလုပ်ခိုင်းပါနဲ့။ ကျိုးပေါင်းကို စစ်ဆေးကြည့်ပါ။ အရိုးအဆစ်ဆရာဝန်ကိုပြပါ။ လောလောဆယ် သက်သာအောင် ဒန့်သလွန်ရွက် အစိမ်းရည်ညှစ် သုံးဇွန်းကို ပျားရည် တစ်ဇွန်းစပ်ပြီး တစ်နေ့တစ်ကြိမ်ကနေ နှစ်ကြိမ်တိုက်ပါ။ ဦးနှောက်ကြည်ပြီး သွေးတိုးရောဂါနဲ့လည်း သင့်တော်ပါတယ်။ အစာမရှိလည်း တိုက်လို့ရပါတယ်။

**မင်္ဂလာပါဆရာ။ သမီး ကလေးမွေးပြီးနောက် သန္ဓေတားဆေး သုံးကြိမ်ထိုးဖူးပါတယ်။ နောက်ပိုင်း တအားဝလာလို့ သောက်ဆေးပြောင်းသောက်ခိုင်းပါတယ် ဆရာ။ အခု ဓမ္မတာမပေါ်တာ တစ်နှစ်ရှိပါပြီ။ ဝက်ခြံတွေလည်း ထွက်လာပါတယ်။ ဓမ္မတာပြန်ပေါ်မယ့် ဆေးနည်း သိချင်ပါတယ်ရှင့်။**

ကြိတ်မှန်ရွက် လက်တစ်ဆုပ်စာ၊ ရှားစောင်းလက်ပပ်အနှစ် အကြမ်းပန်းကန်တစ်လုံးစာ၊ ထန်းဖိုထန်းလျက် (အမည်း) ခုနှစ်ခဲရောပြီး ဆားလှော်အနည်းငယ်ထည့် ရေနွေးမတ်ခွက်တစ်ခွက်နဲ့ လက်ကော်ရအောင် ကျိုပါ။ တစ်နေ့နှစ်ဇွန်း နေ့စဉ်စားပါ။ ဆေးစားနေစဉ် အာလူး၊ အုန်းနို့၊ ဘဲသား၊ ဘဲဥ၊ တညင်းသီး၊ ဆီးသီး၊ ဆီးဖြူသီး မစားရပါ။

**ဆရာရှင့် အသက် ၃၀ အရွယ် အသည်းရောင် အသားဝါဖြစ်နေသူအတွက် ဓာတ်စာ၊ ဆေးနည်းသိချင်ပါတယ်။ ညွှန်ကြားပေးပါရှင့်။**

ခါကြက်ဥ ၂၅ ကျပ်သားကိုထောင်း အရည်ညှစ်၊ သံပရာသီးတစ်လုံး အရည်ညှစ်ပြီး သကြားဟင်းစားဇွန်း သုံးဇွန်းရောဖျော် ကုန်အောင်တိုက်ပါ။ အဆီ၊ အခေါက်၊ ခြေလေးချောင်းသားတွေ ရှောင်စားပါ။ ငါးနဲ့ အသီးအရွက်ကျွေးပါ။

**ဆရာ ကျွန်တော် ညညဆို လုံးဝအိပ်မပျော်ပါဘူး။ နေ့ဘက်မှာလည်း အိပ်ချိန်မရှိပါ။ တစ်နေကုန် အလုပ်လုပ်ရပါတယ်။ ဘယ်လိုဆေးမျိုးသောက်သင့်ပါသလဲ။**

ဆေးတွေ မသောက်ပါနဲ့အုံး။ ကြက်သွန်နီဥကြီး ကန့်လန့်ပါးပါးလှီး တစ်လွှာယူ ခြေဖဝါးအလယ်မှာကပ်၊ ပတ်တီးစည်းပြီး အိပ်ပါ။ လက်တွေ့အိပ်ပျော်သူတွေရှိပါတယ်။ ဆေးလည်းမသောက်ရတဲ့နည်း စမ်းကြည့်ပါ။







**ကိုလက်စထရောဆိုတာ ဘာလဲ ဆရာ။ မြန်မာဆေး ရှိပါသလား။**

သွေးကြောတွေထဲမှာရောက်နေတဲ့အဆီကို ကိုလက်စထရော (Cholesterol) လို့ခေါ်ပါတယ်။ ကိုလက်စထရောရှိတိုင်း မကောင်းတာတော့ မဟုတ်ပါ။ ကောင်းတဲ့ ကိုလက်စထရော (HDL) နဲ့ မကောင်းတဲ့ ကိုလက်စထရော (LDL) ဆိုပြီး နှစ်မျိုးရှိတယ်လို့ အနောက်တိုင်းဆေးပညာက ဆိုပါတယ်။ မကောင်းတဲ့ ကိုလက်စထရော (LDL) များရင် နှလုံးသွေးကြောကျဉ်းနဲ့ လေဖြတ်ရောဂါဖြစ်နိုင်ပါတယ်။ တိုင်းရင်းဆေးပညာဘက်ကလည်း သုတေသနပြုတဲ့ ဓာတ်ခွဲခန်းတွေ ထူထောင်ပြီး ခေတ်မီသိပ္ပံနည်းကျ သုတေသနပြုလုပ်ပြီး Cholesterol ကျစေတဲ့ အပင်တွေကို စမ်းသပ်ရှာဖွေပါတယ်။ မြန်မာ့မြေပေါ်မှာပေါက်တဲ့ လက်တစ်ကမ်းက ဆေးဖက်ဝင်အပင်တွေ အရပ်သုံးဆေးမြီးတိုအဖြစ် ရောဂါပျောက်တယ်လို့ နာမည်ကြီးတဲ့ဆေးပင်တွေဖြစ်တယ်။ အဲဒီအထဲက Cholesterol သူ ကျစေတဲ့အပင်ကတော့ ‘ဝါးပင်’ ဖြစ်တယ်။ သုတေသနဓာတ်ခွဲတွေ့ရှိချက်အရ ဝါးပင်က ဝါးရွက်တွေမှာ Cholesterol ကျစေတဲ့ Hypolipidaemic Activity ပါပါတယ်။ မကောင်းတဲ့ LDL တွေ ကျစေနိုင်တယ်။ ဝါးရွက်လက်တစ်ဆုပ်စာက ရရှိတဲ့ သတ္တုရည် ကော်ဖီဇွန်းနှစ်ဇွန်း ဒါမှမဟုတ် ဝါးရွက်ပြုတ်ရည် အကြမ်းပန်းကန်တစ်လုံးကို တစ်နေ့ နှစ်ကြိမ်သောက်ရင် သိသိသာသာကျဆင်းစေတယ်။ (ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလထုတ် လက်တွေ့အသုံးချ ဆေးဖက်ဝင်အပင်များစာအုပ်၊ စာမျက်နှာ ၆၅၀ မှ )

**မင်္ဂလာပါဆရာ သမီး တစ်ခုလောက်မေးချင်လို့ပါ။ သမီးတို့ဇနီးမောင်နှံ အိမ်ထောင်သက် နှစ်နှစ်ရှိပါပြီ။ ကလေးမရလို့ပါ။ OG နဲ့ပြတော့ သမီးအမျိုးသားမှာ သုတ်ရည်စစ်ကြည့်တော့ သုတ်ပိုးတစ်ကောင်မှ မပါဘူးဖြစ်နေလို့ပါဆရာ။ အဲဒါ ဘာဆေးများ သောက်ရမလဲဆရာ။ သမီးတို့ ဒီတစ်သက် ကလေးမရနိုင်တော့ဘူးလားဆရာ။**

အိန္ဒိယ အာယုဗေဒဆေးကျမ်းတွေအလိုအရ ခွေးလျှေးယားသီးစေ့က သုတ်ကောင်တိုးပွားစေတယ်လို့ဆိုပါတယ်။ ခွေးလျှေးယားသီး (အရိုင်း) နဲ့ မယားတဲ့ ခွေးလျှေးယားသီး (အယဉ်)ဆိုပြီး နှစ်မျိုးရှိပါတယ်။ ယားတဲ့အပင်က ခွေးလျှေးယားသီးအစေ့က ပိုပြီး အစွမ်းထက်တယ်လို့ဆိုပါတယ်။ ပြီးခဲ့တဲ့ ၁၅ နှစ်လောက်က ခွေးလျှေးယားသီးစေ့(အရိုင်း)ကိုစားပြီး ကလေးရဖူးသူတွေ တွေ့ဖူးပါတယ်။ တောဘက်မှာ အရိုင်းပင်ကိုရှာပြီး အသီးရင့်ပြီးခြောက်တဲ့အချိန်မှာ ပလတ်စတစ်အိပ်နဲ့စွပ်ပြီး(မယားအောင်) ခြွေယူတယ်ပြောပါတယ်။ အစေ့ကို သန့်စင်အောင် နွားနို့နဲ့ပြုတ်ပြီး အဆိပ်အတောက် (သုဒ္ဓ) မပါအောင် ပြုလုပ်ပါတယ်။ လှော်ပြီး တစ်နေ့ ကိုးစေ့စားတယ်လို့ပြောတာ မှတ်သားရဖူးပါတယ်။ စမ်းသပ်ကြည့်ပါ။ တဖြည်းဖြည်း တိုးစားပါ။ တန်ဆေး လွန်ဘေးမို့ အများကြီး မစားပါနဲ့။ ကလေးရနိုင်ပါစေလို့ ဆုတောင်းပါတယ်။

**သံပရာသီးနဲ့ရှောက်သီး ဆေးဖက်ဝင်အသုံးမှာ ဘာကွာခြားပါသလဲဆရာ။**

ဓာတ်သဘောအရ သံပရာသီး (ပူ-ချဉ်) ရှောက်သီးက (အေး-ချဉ်) လို့ ဓာတ်စာဆရာတွေက ဆိုကြပါတယ်။ သံပရာသီးက အထက်ကိုဆောင်တယ်။ ရှောက်သီးက အောက်ကိုသက်တယ်လို့ ယူဆကြပါတယ်။ ခေါင်းမူးခေါင်းအုံ့ရင်(အထက်ဖြစ်လို့) သံပရာရည်ကို သကြားနဲ့ဖျော်သောက်၊ ဝမ်းချုပ်လေချုပ်ရင် (အောက်ဖြစ်လို့) ရှောက်သီးအရည်ကို ဆားလှော်နဲ့ဖျော်သောက်၊ ညဏ်နဲ့ယှဉ်ပြီး အသုံးချနိုင်ပါတယ်။

## ရေပြင်ရှာဖွေရေးအသက်ကယ်မှုလက်တွေ့သရုပ်ပြသ



**တနင်္သာရီ စက်တင်ဘာ ၅**

တနင်္သာရီမြို့နယ်အတွင်း နေ့စဉ်ပြေးဆွဲနေသော ရေယာဉ်များ၊ ကုန်သွယ်ခြင်း စျေးရောင်းစျေးဝယ်ပြုနေကြသော ဒေသခံပြည်သူများနှင့် ခရီးသွားများအနေဖြင့် သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာပေါ်ပေါက်ပါက ၎င်းတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်မှုပြုနိုင်ရန်အတွက် ရေပြင်ရှာဖွေရေးအသက်ကယ်မှု လက်တွေ့သရုပ်ပြသခြင်းအား တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက်-ရွှေလိပ်ပြာရေပြင်အတွင်း စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနဝန်ထမ်းများမှ သုံးကြိမ်တိတိ လေ့ကျင့်မှုပြုလုပ် ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့လေ့ကျင့်မှုပြုလုပ်ရန် တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ရဲသူရိန်ခင်မောင်ရီ၏ လမ်းညွှန်မှုအရ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမျိုးနိုင်မှကြီးကြပ်လျက် တပ်ဖွဲ့ဝင်ကိုးဦးတို့က မြစ်ရေပြင်အတွင်း အရေးပေါ်ရှာဖွေခြင်း၊ ကယ်ဆယ်ခြင်း၊ အသက်ရှူအားကူနည်း ရှေးဦးပြုစုခြင်းနှင့် သက်ဆိုင်ရာသို့ညွှန်းပို့ပေးခြင်းများ စုပေါင်း၍လေ့ကျင့်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ထိန်ဝင်း(ပြန်/ဆက်)**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်ရွေးကောက်ပွဲ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ကျင်းပမည်

**မန္တလေး စက်တင်ဘာ ၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်ရွေးကောက်တင်မြှောက်နိုင်ရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်အား မန္တလေးမြို့တော်စည်ပင်သာယာကော်မတီဝင်ရွေးကောက်ပွဲ မဲဆန္ဒနယ်မြေများအဖြစ် သတ်မှတ်ကြောင်း ကြော်ငြာစာအမှတ် ၁/၂၀၁၆ ဖြင့်လည်းကောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ရွေးကောက်ပွဲတွင် ကော်မတီဝင်အဖြစ် ရွေးချယ်ခံနိုင်ရေး ဝင်ရောက်ယှဉ်ပြိုင်ရန် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ ပုဂ္ဂိုလ် ၃၄ ဦးအား ကြော်ငြာစာအမှတ် ၄/၂၀၁၆ ဖြင့် ကြေညာခဲ့ပြီးဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်ရွေးကောက်ပွဲကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၅ ရက် တနင်္ဂနွေနေ့ နံနက် ၇ နာရီမှ ညနေ ၄ နာရီထိ ကျင်းပမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာ ၄ ရက်က ကြေညာထားသည်။

မန္တလေးမြို့တော်စည်ပင်သာယာနယ်နမိတ်အတွင်း အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ ဖြင့် တရားဝင်နေထိုင်သောအိမ်ထောင်စုတစ်စုလျှင် ဆန္ဒမဲ တစ်မဲပေးခွင့်ရှိသည်။ အိမ်ထောင်စုတစ်စုသည် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုမဲစာရင်းတွင် အမည်ပါဝင်ခွင့်ရရန် ရပ်ကွက်၊ ကျေးရွာကော်မရှင်ထံ အိမ်ထောင်ဦးစီးက အမည်စာရင်းထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ (၂) တွင် လက်မှတ်ထိုး၍ စက်တင်ဘာ ၁၀ ရက် နောက်ဆုံးတင်သွင်းရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ရွေးကောက်ပွဲကော်မရှင်က အသိပေးကြေညာထားသည်။

စည်ပင်သာယာရေးကော်မတီဝင်လောင်းအမည်စာရင်းတွင် မဟာအောင်မြေမြို့နယ်မှ ၁၁ ဦးရှိကာ အများဆုံးဖြစ်ပြီး ချမ်းအေးသာစံမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့မှခြောက်ဦး၊ အောင်မြေသာစံမြို့နယ်မှ ၅ ဦး၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်တို့မှ သုံးဦးရှိကြောင်း ရွေးကောက်ပွဲကော်မရှင် ထုတ်ပြန်ချက်အရ သိရသည်။

မန္တလေးစည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲတွင် မန္တလေးခရိုင်အတွင်းရှိ အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အမရပူရမြို့နယ်များတွင် ကျင်းပမည်ဖြစ်ပြီး တစ်မြို့နယ်ကော်မတီဝင်တစ်ဦးနှုန်း ရွေးကောက်ပေးရမည်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုက်ရိုက်ခန့်ထားသူငါးဦး၊ စည်ပင်သာယာဌာနအကြီးအကဲ တွဲဖက်အတွင်းရေးမှူးအပါအဝင် ၁၂ ဦး ဖြင့်ဖွဲ့စည်းမည်ဖြစ်ပြီး ခြောက်မြို့နယ်မှ ပြည်သူရွေးချယ်တင်မြှောက်သူတစ်ဦးသည် ဒုတိယမြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# တမူးခရိုင်အတွင်းရှိကျေးရွာများတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနိုင်ရေး ကွင်းဆင်း ဆောင်ရွက်

**တမူး စက်တင်ဘာ ၅**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေမည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်အတွင်း ကွင်းဆင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တမူးခရိုင်အတွင်းရှိ တမူးမြို့နယ်၊ ခမ်းပတ်မြို့နယ်နှင့် မြို့သစ်မြို့နယ်များရှိ ကျေးရွာများအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနိုင်ရန်အတွက် ကျေးရွာတစ်ရွာလျှင် ကျေးရွာကိုယ်စားပြု အကျိုးဆောင်နှစ်ဦးအား သတ်မှတ်အရည်အချင်းနှင့်အညီ ကျေးရွာမှ ရွေးချယ်နိုင်ရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) နှင့် ပတ်သက်သည့်အခြေအနေများကို ကျေးလက်နေပြည်သူများအား ချပြရှင်းလင်းခြင်းတို့ကို အဆိုပါကျေးရွာများသို့ ကွင်းဆင်းကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) သည် ကျေးလက်ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲပြီး ဆောင်ရွက်လိုသည့် ကျေးရွာများအား လုပ်ငန်းကဏ္ဍအလိုက် သတ်မှတ်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# မြန်မာ့ရိုးရာယွန်းထည်အနုပညာဖြင့်ပြုလုပ်သော ထန်းထိုးအုပ်ကလေးများကို မှာယူမှုများလာ

**အင်းဝ စက်တင်ဘာ ၅**



မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝမြို့ဟောင်းတွင် မြန်မာ့ရိုးရာ ယွန်းထည်အနုပညာလုပ်ငန်းကို ထိန်းသိမ်းလုပ်ကိုင်လျက်ရှိသည်။ အင်းဝမြို့ဟောင်း ဟံသာဝတီကျေးရွာအုပ်စု ရပ်တန်းရပ်တွင် ယွန်းထည်များကို အများဆုံးလုပ်ကိုင်ကြသည်။ အင်းဝမြို့ဟောင်းရှိ ယွန်းပညာရှင်များမှာ ယွန်းသပိတ်၊ နီးဘုရား၊ သပိတ်ဖုံး၊ မင်္ဂလာအုပ်များနှင့် ထန်းထိုးအုပ်ကလေးများကို အဓိကပြုလုပ်ကြသည်။

လက်ရှိကာလတွင် ဆွမ်းပန်းရေချမ်းကပ်အသင်းဖြစ်သည့် အုပ်ကလေးအသင်းများတွင် အများဆုံးအသုံးပြုသော ရိုးရာထန်းထိုးအုပ်ကလေးများကို အော်ဒါမှာယူမှုများလာသည်။ လက်ရာမြောက်ထန်းထိုးအုပ်ကလေးများ ပြုလုပ်မှုကို အင်းဝဒေသတွင် ရှားရှားပါးပါးတွေ့ရှိရသည်။ ထန်းထိုးအုပ်ကလေးများမှာ လက်ရာမြောက်ပြီး ထန်းပိုးကိုပင်ပန်းတောင်ကလေးများဖြင့် လှပစွာပြုလုပ်ပေးထားသည်။ အနုပညာလက်ရာမြောက် ထန်း ထိုးအုပ်တစ်စုံ(အုပ်စုံ) လျှင် ငွေကျပ်တစ်သိန်းငါးသောင်းအထိပေးရသည်။ အနုပညာလက်ရာမြောက်သောရှားပါးလှသည့် ထန်းထိုးအုပ်ပြုလုပ်မှုမှာ အနုစိပ်လှသည်။

မြန်မာ့ရိုးရာ ယွန်းအနုပညာလုပ်ငန်းအစဉ်အလာနည်းပညာအတိုင်း အခြေခံဝါးအဖြူထည်မှအစ အချောကိုင်ကာ သစ်ဆေးသရိုးကိုင်သည်အထိ အဆင့်ဆင့်ပြုလုပ်ကြရသည်။ အခြေခံ ဝါးအဖြူထည်ပြုလုပ်ခြင်းအတွက် ခွေထည်၊ ရက်ထည်၊ ပုတ်ထည်၊ ကြောင်လိမ်ထည်ဆိုသော နည်းများထဲမှ သင့်တော်ရာနည်းကိုအသုံးပြုကာ ပြုလုပ်ကြရသည်။ အခြေခံဖြစ်သော နှီးသပ်၊ နှီးခေါင်းထိုး၊ နှီးလွှားစသည့်လုပ်ငန်းများကို စိတ်ရှည်စွာပြုလုပ်ကြရသည်။

ရိုးရာထန်းထိုးအုပ်တစ်စုံပြုလုပ်ရန် ခုနစ်ရက်ခန့်ကြာသည်။ ပြုလုပ်မှုအဆင့်တိုင်းမှာ ပညာပါလှသည်။ ပွတ်သီးမှအစ အန်၊ ခွာ၊ အန်ဖုံး၊ ခါးဆီး၊ ခွာဖုံး၊ ကလပ်တင်မှအစ လက်ရာမြောက်အောင်ပြုလုပ်ရသည်။ အများစုမှာ ဆွမ်းပန်း ရေချမ်းကပ်အသင်း ဒေသအခေါ် အုပ်ကလေးအသင်းများမှ အများဆုံးအသုံးပြုကြသည်။ ရိုးရာထန်းထိုးအုပ်တွင် တစ်ဖက်မှဆွမ်းအုပ်ကလေးပါရှိပြီး တစ်ဖက်တွင် ပန်းတောင်ပါရှိသည်။ ထိုအုပ်နှင့် ပန်းတောင်များကို ကြိုးဆိုင်းကလေးများ၊ ခွေကလေးများ အဆင့်ဆင့်ထည့်ပေးထားသည်။ လက်ရှိကာလတွင် မြန်မာ့ရိုးရာ ထန်းထိုးအုပ်ကလေးများကို အင်းဝမြို့ဟောင်း ဟံသာဝတီကျေးရွာအုပ်စု ရပ်တန်းရပ်ကွက် နေပြည်လင်းယွန်းအနုပညာလုပ်ငန်းတွင် မှာယူနိုင်ကြောင်း သိရသည်။

**တိမ်တမန်**

## ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့် သင်တန်း ဖွင့်လှစ်

**လင်းခေး စက်တင်ဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှကြီးမှူး၍ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်း (၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီက လင်းခေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် လင်းခေးခရိုင်စီမံခန့်ခွဲမှုကော်မတီဉက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဉက္ကဋ္ဌ လင်းခေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြသည်။

"အခုကျွန်တော်တို့ဖွင့်လှစ်တဲ့ ဒီသင်တန်းက ရပ်ကွက်နဲ့ကျေးရွာအုပ်စုမှာရှိကြတဲ့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနဲ့ စာရေးဝန်ထမ်းတွေအတွက် ရပ်ကျေးအုပ်ချုပ်ရေးမှူး ဥပဒေ၊ ရဲလုပ်ငန်းစနစ်၊ ကျေးလက်စာကြည့်တိုက်လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေး၊ လွှတ်တော်ဆိုင်ရာဥပဒေများ၊ ကျန်းမာရေးအသိပညာပေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးလုပ်ငန်းများ၊ ပြည်သူပါဝင်သောရဲလုပ်ငန်းစနစ်၊ တရားစီရင်ရေးနှင့် ဥပဒေဆိုင်ရာကိစ္စရပ်များ၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာမြေစီမံခန့်ခွဲရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မွေးမြူရေးကဏ္ဍနှင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးရပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်ဘာသာရပ်သင်ခန်းစာတွေကို ပို့ချသင်ကြားပေးသွားမှာဖြစ်ပါတယ်" ဟု သင်တန်းနည်းပြ ဦးဇော်ဝင်းကြိုင် (လင်းခေးမြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး) က ပြောကြားခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ လင်းခေးခရိုင်စီမံခန့်ခွဲမှုကော်မတီဉက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဉက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသားများစုစုပေါင်း အင်အား ၉၅ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်ကြာမြင့်မည်ဖြစ်ကြောင်း၊ သင်တန်းသို့ လင်းခေးမြို့နယ် ဟိုမိန်းမြို့မှ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်း ၅၀ ဦးတို့ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**

## မြိုင်မြို့နယ်မှုခင်းကျဆင်းရေးအသိပညာပေးဆွေးနွေး

**မြိုင် စက်တင်ဘာ ၅**

ပြည်သူလူထုပူးပေါင်းပါဝင်သော ဝန်ဆောင်မှုကိုရှေးရှုသည့် ရဲလုပ်ငန်းစနစ်ဆောင်ရွက်မှု အသိပညာပေးဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဗဟင်းနယ်မြေရဲစခန်းတွင် စက်တင်ဘာ ၂ ရက် နံနက်က ပြုလုပ်ခဲ့သည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲသို့ မြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထန်လျှန်မန်းက မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့်ပက်သက်သည်များ၊ တရားဥပဒေစိုးမိုးရေး ပညာပေးဆွေးနွေးခြင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်တွင် ရဲတပ်ဖွဲ့မှ ပြုပြင်ပြောင်းလဲရေးအပိုင်းများနှင့် ပြည်သူလူထုမှ ဆောင်ရွက်ပေးနိုင်ရန် ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်ကြသည့် ကျေးရွာအုပ်စု ၁၄ အုပ်စုမှ ရပ်မိရပ်ဖ အုပ်ချုပ်ရေးမှူးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဗဟင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းစိန်၊ တောင်စုံကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းဝင်းနှင့် ရပ်မိရပ်ဖများက သိလိုသည်များကို ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်မြင့်၊ ဗဟင်းရဲစခန်းမှူးရဲအုပ်ဌေးကျော်တို့က ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**

# "ဂုဏ်ယူဝမ်းမြောက်ခြင်း"

## Congratulation!



City Mart Holding Co., Ltd. ၏ "Chief Executive Officer ဒေါ်ဝင်းဝင်းတင့်" သည် ASEAN BUSINESS AWARDS 2016 Winner (Young Entrepreneur) အဖြစ် ထိုက်တန်စွာ ဆုချီးမြှင့်ခံရခြင်းအတွက် City Mart Holding Co., Ltd. ၏ လုပ်ဖော်ကိုင်ဖက်များမှ အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

..................................

The team at City Mart Holding Co., Ltd. would like to congratulate Daw Win Win Tint (Chief Executive Officer) for being awarded the ASEAN BUSINESS AWARDS 2016 Winner (Young Entrepreneur). We are so proud of you!

CMHL City Mart Holding Co., Ltd.
လုပ်ဖော်ကိုင်ဖက်များ

City Mart Supermarket | Ocean Supercenter | marketplace by City Mart | Seasons Bistro | Seasons Bakery & Café

CityCare | City Books & Music | City Baby Club | City Properties | City Express | City Love & Hope Foundation — We Help Build Communities

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၆-၂၀၁၆ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) အရပ်(၅)ပေ(၂)လက်မပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန် သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက် ရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၄-၈-၂၀၁၆ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၄-၈-၂၀၁၆ ရက်နေ့မှ ၇-၉-၂၀၁၆ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၁ နှစ် ၆ လကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၁ နှစ် ၆ လအတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၂၀၀၀၀ိ/-ကျပ်ကို လည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ ၁၂၅၀၀၀ိ/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)(အခြေခံလစာ-၁၇၀၀၀၀ိ+အရည်အချင်းလစာ ၄၀၀၀ိ+ M.H.R.A ၁၀၀၀၀ိ=၁၈၄၀၀၀ိ) အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်-

| | အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ခ) | တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဂ) | ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (ဃ) | အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

**GOLDEN STAR**
ကျိုက်ထီးရိုး / မြဝတီ
ချောင်းသာ / ငွေဆောင်
209200, 544383, 430480

**ကား** မျိုးစုံ
(Alphard/Crown/MarkII/အနီးစားဝန်/Hiace ၉/၁၁ စီးယာဉ်များ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် မိုးသာစေသာဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph : 09795549249, 095418126

**ကားစီးလုံးဖွားသည်**
ဘုရားဖူးပဲသွားသွား..အပျော်ခရီးပဲထွက်ထွက်..CRANE
518474,095094914

နိုင်ငံတကာအဆင့်မီ ရွှေနန်းတော် စိန်ရွှေရတနာဆိုင်

# Congratulation !

JCM
JEWEL COLLECTION MANUFACTURING CO.,LTD

ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ဒုဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်ဝင်း၏ Jewel Collection Manufacturing Co.,Ltd သည် Laos နိုင်ငံ Vientiane မြို့တွင် စက်တင်ဘာ(၅)ရက်နေ့၌ ကျင်းပသည့် ASEAN BUSINESS AWARDS 2016 ဆုချီးမြှင့်ပွဲတွင် " CMLV SME EXCELLENCE WINNER AWARD ON INNOVATION CATEGORY "ဆုကို ထိုက်ထိုက်တန်တန်ရရှိသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဦးသိန်းဝင်းဇော် ဥက္ကဋ္ဌ (ရွှေမျိုးငြိမ်းကျောက်မျက် CO.,Ltd)
ဦးအောင်မြင့် ဒုဥက္ကဋ္ဌ(၁) (ရွှေမြန်ပြည်ကျောက်မျက် A&K Gems)
ဦးအောင်ကျော်မြတ် ဒုဥက္ကဋ္ဌ(၂) (ဆုမြင့်မြတ်ရတနာဆိုင်)
ဒေါ်မျိုးမျိုးသန့် ဒုဥက္ကဋ္ဌ(၃) (ထိပ်ထားလေးရတနာဆိုင်)
ဒေါ်မြင့်သက်နိုင် ဒုဥက္ကဋ္ဌ(၄) (Naing Family(Mogok) Gems & Jewellwry)
ဦးတင်အုန်း ဒုဥက္ကဋ္ဌ(၆) (Yoma Jewellery)
အသင်းသူအသင်းသားများ၊ ရန်ကုန်တိုင်းဒေသကြီးကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

(၁၀) တန်း (တက္ကသိုလ်ဝင်တန်း) မေးခွန်းဟောင်းများ နှင့် စံပြအဖြေများ၊ ၂၀၀၂ ခုနှစ် မှ ၂၀၁၆ ခုနှစ်ထိ
အင်္ဂလိပ်စာ VOLUME-1,2 ဦးစိန်ဝင်း (ငြိမ်းချမ်းဆေးခန်း)
သင်္ချာ ဆရာ ဦးစိုးမြင့် B.Sc(Maths)
ဓာတု ဦးဇော်ရှိန်း (ဂုဏ်ထူး)
ရူပ



ပညာဗိမာန် ပညာချွန် စာအုပ်တိုက်
အမှတ် (၂၂၀)၊ မြေညီ၊ (၃၉) လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
Ph: 01 253143, 01 9190 402
09 513 6746

လိုနေသူကို ဖေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
**ဆရာမိုး** Follow Me Ph.D (USA) **IELTS** တန်းခွဲသစ် လက်ခံပြီ။
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်
Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၄၊လ နှင့်
ENGLISH 4 SKILLS Level (1)တစ်ပတ် (၅)ချိန်တက်(၂)လအထူး လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်း တက်၍ တက်သူတိုင်း တတ်ကုန်ကြပြီ။ တန်းခွဲသစ် Sept 10 စမည်။
4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။
အင်္ဂလိပ်စာကို တိတိကျကျ သေသေချာချာ တတ်မြောက်ပြီး ထိထိရောက်ရောက် သင်ကြားပေးနိုင်သည့် အင်္ဂလိပ်စာဆရာ ဖြစ်လာစေဖို့
အင်္ဂလိပ်စာ ဆရာဖြစ် Diploma in Teaching English နာရီပေါင်း ၂၀၀ ၊၄၊လအထူး လက်ခံပြီ။
နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ မိမိကိုယ်တိုင် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း အလျင်မြန်ဆုံး တိုးတက်လျှက် သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၊၄၊လ အတတ် လက်ခံပြီ။
4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၊၄၊လအထူးလက်ခံပြီ။
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
အမှတ် ၁၈၊ ၅-လွှာ၊
အင်းဝ စာအုပ်တိုက် (အပေါ်ထပ်)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း။ 0943125393
ဝိုင်းသီးသန့် ✦ ၄၃၆ (ပ) ထပ်၊ ကုန်သည်လမ်း (၄၄-လမ်းထိပ်)။ 01 398118, 295798

navitas
STUDY IN A WORLD-RENOWNED AMERICAN UNIVERSITIES
UMASS BOSTON | UMASS LOWELL | UMass Dartmouth | University of New Hampshire | FAU FLORIDA ATLANTIC UNIVERSITY
IGCSE, O' Level, အစိုးရအထက်တန်းနှင့် အပြည်ပြည်ဆိုင်ရာ ၁၂ တန်း ပညာရေးပြီးဆုံးသူများသည် NAVITAS USA မှ အမေရိကန်နိုင်ငံ ထိပ်တန်းတက္ကသိုလ်ကြီးများသို့ တိုက်ရိုက်တက်ရောက်နိုင်ပြီ ....
အမေရိကန် တက္ကသိုလ်ပညာရေးဆွေးနွေးပွဲ
FRIDAY 9 SEPTEMBER နေ့လည် (၂) နာရီမှ ညနေ (၄) နာရီအထိ
ပုဂံခန်းမ၊၄-လွှာ၊ နိုဗိုတယ်လ် ဟိုတယ်၊ရန်ကုန်။



အောက်ဖော်ပြပါ အစီအစဉ်အတိုင်း Navitas အဖွဲ့မှ Mr. Danial Hamzah (Mngr - North America Programs) က ကျောင်းဝင်ခွင့်နှင့် ဗီဇာ လျှောက်ထားခြင်းဆိုင်ရာ အချက်အလက်များကို AT&S ၏ လမ်းမတော်ရုံးခန်းတွင် တွေ့ဆုံဆွေးနွေးပေးမည် ဖြစ်သည်။
SUNDAY 11 SEPTEMBER မနက် (၁၀) နာရီမှ နေ့လည် (၁၂) နာရီ
AT&S အမှတ်(၆၇)၊ မြေညီထပ်(ယာ)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
(ဖုန်း) ၀၉-၇၇၇၂၂၃၂၂၅ ၊ ၀၉-၇၇၇၂၂၃၂၂၉ သို့ကြိုတင် စာရင်းပေးသွင်းပါရန်။

ကံ့ကော်ရိပ် တက္ကသိုလ်ဝင်တန်း
၂၀၀၂ ခုနှစ်မှ ယခုနှစ်အထိ စစ်မေးခဲ့သော
ဘောဂဗေဒ
- စမ္မတိဌာန်
- အဓိပ္ပါယ်ဖွင့်ဆိုချက်
- မေးခွန်းတို/ရှည်

တွက်ချက်မှုများ
ဦးလှသိန်း-ဘောဂဗေဒ(စီးပွားရေးတက္ကသိုလ်)
ဇေကာရီစာပေ C/၃၄၊ နေကြာသာယာကုန်းလမ်း၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။
၀၉၇၃၀၅၁၁၁၄၊၀၉၅၁၂၉၆၇၀၊၀၉၅၅၀၁၁၅၄/ အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။

Ball

Ball Corporation is a 136-year old American manufacturing company providing metal packaging for beverages, foods and household products, and aerospace and other technologies and services to commercial and governmental customers.

Ball has now been in Myanmar, operating a world-class manufacturing plant in Thilawa Special Economic Zone. If you want to be part of the team, we invite you to apply for the following job openings:

1. **Quality Manager** - Bachelor Degree in any field. At least 5 years of experience in quality assurance field at managerial level.
2. **Human Resources and Administration Officer** - Bachelor degree.Four years of experience in human resources.
3. **Production Supervisor** - At least diploma with 3-year experience in production field at supervisor level.
4. **Maintenance Mechanic** - AGTI or equivalent. Three years of job-related experience.
5. **Electronic Technician** - Diploma with 3-year experience in electrical field.

**Interested applicants may submit CVs to:**
Email: **bapmrecruit@asia.ball.com (OR)**
Mail to HR Manager, Ball Asia Pacific (Yangon) Metal Container Ltd, Lot A15 and A16, Class. A Area, Thilawa Special Economic Zone, Thanlyin Township, Yangon.
Application deadline:**16 September 2016**. For any enquiry, please call 09 258922529.


မူး ယစ် ကို ပစ် ပန်းတိုင်သစ် စိတ်သစ် လူ သစ် ဘ ဝ သစ်

ကြော်ငြာ


နိုင်ငံတကာအဆင့်မီ ရွှေနန်းတော် စိန်ရွှေရတနာဆိုင်

**Congratulation !**

JCM Jewel Collection Manufacturing Co.,Ltd

ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ဒုဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်ဝင်း၏
Jewel Collection Manufacturing Co.,Ltd သည် Laos နိုင်ငံ Vientiane မြို့တွင်
စက်တင်ဘာ(၅)ရက်နေ့၌ ကျင်းပသည့် ASEAN BUSINESS AWARDS 2016 ဆုချီးမြှင့်ပွဲတွင်
" CMLV SME EXCELLENCE WINNER AWARD ON INNOVATION CATEGORY "ဆုကို
ထိုက်ထိုက်တန်တန်ရရှိသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**ရန်ကုန်တိုင်းဒေသကြီးကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

အာရှနဂါး
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

သုံးရာသီ ဝမ္မဒါန
(၆၄)ကြိမ်မြောက် အဘဘောက်မင်းခေါင်ထွက်ပွဲ
ပုဂံ၊ ပုပ္ပါး ပခုက္ကူ စွယ်တော်(၄)ဆူ
တစ်ဦးထမင်းကျွေး (၄၀၀၀၀ိ/-)ကျပ်
ကားအမျိုးမျိုးအငှားရပါသည်။
420144148, 421153797

DADDY(ဒယ်ဒီ)
ပုပ္ပါးအဘထွက်ပွဲ-ပုဂံ
၂ည/၃ရက် ၆၈၀၀၀ိ/-
Sep:16 ထွက်မည် ၈၅၀၀၀ိ/-
စားၤတည်း(ငြိမ်း)
09 448001903

**အသည်း၊ ကျောက်ကပ် ရောဂါရှင်များအတွက် သတင်းကောင်း**

Indraprastha Apollo HOSPITALS TOUCHING LIVES

အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၊ အပိုလိုဆေးရုံ၏ အသည်း၊ ကျောက်ကပ်အထူးကု ခွဲစိတ်ဆရာဝန်ကြီးများမှ လူနာဟောင်း၊ လူနာသစ်များနှင့် စိတ်ပါဝင်စားသူများအား အခမဲ့ ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

ကျောက်ကပ်အထူးကုခွဲစိတ်ဆရာဝန်ကြီး
Dr.(Prof.) Sandeep Guleria

အသည်းအထူးကုခွဲစိတ်ဆရာဝန်ကြီး
Dr. Shishir Pareek

Organised By
WeCare Health Care Services

၁၈.၉.၂၀၁၆ (စနေနေ့)တွင် မန္တလေးမြို့ နှင့် ၁၁.၉.၂၀၁၆ (တနင်္ဂနွေနေ့) တွင် ရန်ကုန်မြို့များ၌ အခမဲ့ ဆွေးနွေးပေးမည်ဖြစ်ပါသည်။

ဆက်သွယ်စာရင်းပေးရန် ➡ ရန်ကုန် - စိုင်းဇော်လင်းထွန်း (WeCare Health Care Services) 09 730 43351,09 970716074၊
မန္တလေး - ဒေါက်တာ အောင်ကျော်ဝင်း 09 977339477, 09 512 0118

Mingalar Cinemas www.facebook.com/mingalarcinemas Mingalar Cinemas facebook

| | | | |
|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ |
| Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၆၂၉၁ ၀၉၄၂၀၁၈၆၂၉၂ | မန္တလေး ဝင်းလိုက် ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁ | မန္တလေး မြို့မ ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ | မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂ |

ကြိုတင်လက်မှတ်ရောင်းပြီ
၉၊၉၊၂၀၁၆ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြပြီ။

မင်္ဂလာ ဂမုန်းပွင့် လှည်းတန်း - စမ်းချောင်း
၀၉ ၇၇၉၀၅၄၆၇၁
၀၉ ၇၇၉၀၅၄၆၇၂
၀၉ ၇၇၉၀၅၄၆၇၃




**သင့်ယာဉ်အရေးပေါ် အန္တရာယ်ကာကွယ်ဖို့**
သူထက်လင်း
အရှည်အသွေးမှာထိပ်တန်း၊ တာရှည်ခိုင်ခံ့မှုမှာနံပါတ်ဝမ်း သူထက်လင်း
အဆင့်မြင့်ရောင်ပြန်လက်ဝယ်ဆောင်ထားကြပါစို့။
**သူထက်လင်း**
ယာဉ်အန္တရာယ်နှင့်လုပ်ငန်းခွင်အန္တရာယ်အမျိုးမျိုးကင်းဝေးရေးအဆင့်မြင့်ရောင်ပြန်
ဆက်သွယ်ရန်လိပ်စာ - ၈၀/၅(က)၊ ဓမ္မာရုံလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁ ၅၀၃၆၀၁ ၊ ၀၉-၂၆၀၅၂၉၆၅၁

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123


**ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း**

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ရန်နိုင်စိုး-၂ အမည်ရှိ ငါးဖမ်းစက်လှေ၊ မှတ်ပုံတင်နံပါတ်-5930A၊ စုစုပေါင်းတန်ချိန် ၆၉. ၀၈အား (ဂရန်)အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးနိုင်စိုက်ချမ်း [၁၀/ပမန(နိုင်)၁၄၄၂၉၀]အမည်မှ ဦးမြင့်သိန်း [၁၀/မဒန(နိုင်)၁၅၀၃၆၉]၊ မြို့သစ်(၆)ရပ်ကွက်၊ မြိတ်မြို့အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန် ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဒေါပုံသင်္ဘောကျင်း၊ ရန်ကုန်မြို့သို့လိပ်မူ၍ ရက်ပေါင်း (၃၀) အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆိုလာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**


BRIDGESTONE
Your Journey, Our Passion




သီတင်းကျွတ်၊ တန်ဆောင်တိုင် ပရိုမိုးရှင်း အစီအစဉ်
BUY 2 ANY PSR TYRE GET 1 FREE POLO-SHIRT
BUY 4 ANY PSR TYRE GET 2 FREE POLO-SHIRT

FREE TYRE SAFETY CHECK
17-18 SEPTEMBER 2016
10:30 AM - 5:00PM
BRIDGESTONE KEEPS YOU SAFE
FIRST JAPAN TIRE SERVICES 09-26159-6860


သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နစ် စဉ် စိုက် ရှေ့ တိုက် ကို စိုး

ASEAN-BAC

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာခင်ခင်ဌေးတို့ ဦးဆောင်သော **FAME** ဆေးဝါးထုတ်လုပ်ရေးသည် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၅) ရက် တနင်္လာနေ့၌ လာအိုနိုင်ငံတွင် ကျင်းပပြုလုပ်သော အာဆီယံစီးပွားရေးဆိုင်ရာ အကြံပေးကောင်စီ **(ASEAN Business Advisory Council)** မှ **Corporate Social Responsibilities (CSR)** ကဏ္ဍအတွက် ပေးအပ်ချီးမြှင့်သည့် **ASEAN Business Award 2016 Winner** ဆုကို လက်ခံရရှိခဲ့ကြောင်းသိရှိရပါသဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် **FAME** ဆေးဝါးမိသားစုတို့သည် မွန်မြတ်သော စိတ်ဓာတ်၊ ပရဟိတစိတ်ဓာတ်နှင့် ကူညီရိုင်းပင်းသောစိတ်ဓာတ်များဖြင့် မြန်မာနိုင်ငံ၏ လူမှုအကျိုးပြုလုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာမှ အစဉ်အမြဲကူညီဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးစိန်မြင့် (Director) နှင့် ဝန်ထမ်းများ**
**ရွှေစကားဆေးဝါးရောင်းဝယ်ရေး**


လုံခြုံစိတ်ချမှု အပြည့်အဝရှိပြီး အရည်အသွေးမြင့်သော လျှပ်စစ်ပစ္စည်းများ

Panasonic



➤ မီးခလုတ်
➤ ဘရေကာ
➤ အလှဆင်မီး
➤ လေစုပ်ပန်ကာ
➤ လျှပ်စစ်မီးကြိုး
➤ မီးအားမြှင့်စက်
➤ Stainless Steel Conduit Pipe (EMT)
➤ ISOLATOR



အတုအပ-ဆင်တူယိုးမှားများ သတိပြုပါ။

YANDAYAR TRADING CO.,LTD
အမှတ်- ၃၀ (ခ)၊ တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ ဗဟန်း၊
☎ ၀၁-၅၀၂၃၃၃၊ ၅၀၀၃၂၉၊

KONICA MINOLTA
PRINTING SOLUTIONS

ကမ္ဘာ့ဈေးအသက်သာဆုံး
ရောင်စုံ မိတ္တူကူးစက်



bizhub C221

3 Years Unlimited On-site Service

မိုးရာသီ အထူး PROMOTION
18 July to 30 September 2016

လုပ်ငန်းရှင်များနှင့် မိတ္တူဆိုင်များအတွက် ငွေကျပ် (၁၀) သိန်း
အထိ လျှော့ဈေးရရှိမည့် အထူးအခွင့်အရေး။

Authorized Distributer
Gandamar
O.A. & Business Solutions
Since 1951

HOTLINE : 09-253 547 980
09-253 547 981

FREE GIFTS
Pagepro 5650DN (Mono Laser Printer)
Copier Desk


အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

## ကျေးဇူးအထူးတင်ရှိခြင်း
## ဗိုလ်မှူးရဲတင့်(ငြိမ်း)
**စစ်တက္ကသိုလ်အမှတ်စဉ်(၁၄)**
**အထွေထွေမန်နေဂျာ(ငြိမ်း)၊ စက်မှု(၁)၊ စားကုန်**
**အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ မြဝတီထရေးဒင်းလီမိတက်**
**အသက်(၆၇)နှစ်**

၂၅-၈-၂၀၁၆ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသော ဗိုလ်မှူးရဲတင့်(ငြိမ်း) အသက်(၆၇)နှစ်အား ၂၇-၈-၂၀၁၆ (စနေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ ကွယ်လွန်သူ နာမကျန်းဖြစ်ချိန်တွင် ကုသပေးခဲ့ကြသော အထူးကုဆရာဝန်ကြီးများ၊ Women Centre (HD)ဌာနမှ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ မန်နေဂျာနှင့် ဝန်ထမ်းများ၊ နာမကျန်းဖြစ်ချိန်မှစ၍ ယနေ့ထိတိုင် လိုအပ်ချက်များကို အဘက်ဘက်မှ အမြဲကူညီထောက်ပံ့ပေးခဲ့ကြသူများ၊ စစ်တက္ကသိုလ် အမှတ်စဉ် (၁၄)မှ သူငယ်ချင်းများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ မြဝတီထရေးဒင်းလီမိတက်၊ မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းမိသားစုများ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ အငြိမ်းစားအကြီးအကဲများနှင့် လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများ၊ စိန့်အန်ထော်နီကျောင်းမှ ငယ်သူငယ်ချင်းများ၊ အဘက်ဘက်မှ စေတနာမေတ္တာဖြင့် ဝိုင်းဝန်းကူညီပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးများနှင့် မိတ်သင်္ဂဟများ၊ စစ်ဘက်နယ်ဘက်မှ လုပ်ဖော် ကိုင်ဖက်များနှင့် မိသားစုဝင်များ၊ မေတ္တာညွန့် ဇာတိဂုဏ်လမ်းမှ မိတ်ဆွေများ၊ M & GH International Limited မိသားစုနှင့် ဝန်ထမ်းများ၊ နှစ်သိမ့်အားပေး ကူညီဆောင်ရွက်ပေးကြသူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

# ကျေးဇူးတင်လွှာ
**ရဟန်း၊ ကျောင်းဒါယိကာမကြီး**
## မဆုလှိုင်ဝင်း(ခ) မထက်ထက်ဦးဝေ (၃၅)နှစ်၊ မုံရွာမြို့
**B.Pharm, B.A(Eng), (MBA) (ADAM University, USA)**
**ဒါရိုက်တာ(ရွှေဝက်ပါကုမ္ပဏီ)**

မဆုလှိုင်ဝင်း(ခ)မထက်ထက်ဦးဝေ၏ ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ခဲ့သော ရပ်နီးရပ်ဝေးမှ ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ တိုင်းရင်းဆေးသမားတော်များ၊ ဆေးဝါးကျွမ်းကျင်ဝန်ထမ်းများနှင့် ၁-၉-၂၀၁၆ရက် နောက်ဆုံးခရီးတွင် ရပ်ဝေးရပ်နီးမှ ကိုယ်တိုင်လိုက်ပါပို့ဆောင်ကြသော ပုဂ္ဂိုလ်များအားလုံး၊ ပြည်တွင်းပြည်ပမှ ကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း၊ ကြေးနန်း Onlineမှ ဆက်သွယ်အားပေး နှစ်သိမ့်ပေးကြသော ဆုတောင်းမေတ္တာပို့သကြသော မိဘနှစ်ပါးနှင့်သမီး၏ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်း/တက္ကသိုလ်မှ ကျောင်းနေဖက်သူငယ်ချင်းများ၊ လုပ်ငန်းမိတ်ဆွေများ၊ မိတ်သင်္ဂဟများ၊ အသင်းအဖွဲ့များ၊ ဝမ်းနည်းမှတ်တမ်းချီးမြှင့်ခြင်း၊ ပန်းခွေ၊ ပန်းခြင်းပေးပို့ခြင်း၊ သက်န်း၊ ယပ်တောင်၊ ရေသန့်နှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ကုသိုလ်ပါဝင်ကြသည့် မိတ်ဆွေများအားလုံးကို မိဘ၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ အစ်ကို၊ အစ်မ၊ မောင်၊ ညီမများမှ အထူးကျေးဇူးတင်ရှိပါသည်။ လှူဒါန်းမှုအစုစုအား ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီးများ၊ ကျောင်းတိုက်များ၊ မိဘမဲ့ကလေးများနှင့် ဘဝတူဝေဒနာရှင်များအား ထပ်ဆင့်လှူဒါန်းမှုအစုစုကို ၂၉-၈-၂၀၁၆ရက်၊ ညနေ၄နာရီတွင် ကွယ်လွန်ခဲ့သော သမီးမဆုလှိုင်ဝင်း(ခ)မထက်ထက်ဦးဝေနှင့်အတူ သာဓုခေါ်နိုင်ပါရန် အမျှပေးဝေအပ်ပါသည်။

မိဘနှစ်ပါးဖြစ်သော ဦးတင်ဝင်းမြင့်-ဒေါ်အေးအေးသန်း၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေးများဖြစ်ကြသော ရန်ကုန်မြို့နေ (ဦးတင်ညွန့်)-ဒေါ်မြင့်မြင့်ဝေ၊ (ဦးတင်မြင့်)-ဒေါ်ခင်ပန်၊ (ဦးအေးမောင်)-ဒေါ်မြင့်မြင့်ထူး၊ ဒေါ်ဝင်းဝင်းသန်း၊ ဦးကျော်ဝင်း၊ ဒေါ်နိုင်နိုင်သန်း၊ ဒေါ်ပေါက်ပေါက်သန်း၊ (ဦးကိုလေး)-ဒေါ်ရီရီငွေ၊ (ဦးကိုကိုလတ်)-ဒေါ်ခင်လှမြိုင်၊ ဦးဇော်လင်း၊ ဒေါ်စောမာလာ၊ ဦးကျော်လွင်ဦး၊ ဒေါ်စောစန္ဒာ၊ ဦးကျော်လွင်-ဒေါ်စောသူဇာ၊ ဦးထင်အောင်-ဒေါ်မီးမီးတို့မှလည်းကောင်း၊ အစ်ကို၊ အစ်မများဖြစ်ကြသော ဒေါ်ခေမာညွန့်၊ ဦးကျော်စွာညွန့်၊ ဦးနန္ဒညွန့်၊ ဦးချမ်းမြေ့-ဒေါ်ချိုချို အေးကျော်၊ ဦးစွမ်းပြည့်-ဒေါ်သန္တာ၊ ဦးဇော်ဝင်းထွဋ်-ဒေါ်မိုးဆန်းပန်း၊ (ဦးဖိုးဆန်းဆန်း)၊ ဒေါ်စောဟိန္ဒာ၊ ဒေါ်စောနန္ဒာ၊ မစောသန္တာကျော်၊ မနီလာဝင်းရွှေ၊ ကိုဘိုဆန်းလွင်-မတင်နီလာအေးတို့မှလည်းကောင်း၊ မောင်၊ ညီမများဖြစ်ကြသော ဦးစိုးမင်းထွန်း-ဒေါ်ပီတိဝေ၊ မသီရိဝေ၊ မအေးမြမြကြည်၊ ကိုကောင်းဆုဖြိုး၊ မရတီနှင့် ရွှေဝက်ပါ ကုမ္ပဏီဝန်ထမ်းများတို့မှ အထူး ကျေးဇူးတင်ရှိအပ်ပါသည်။

**မိဘဆွေမျိုးများ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးထွေးမြင့် (၈၆)နှစ်
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ (ဆည်မြောင်းဦးစီးဌာန)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်ခွဲ၊ (၄)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၁၄၆)နေ ဦးထွေးမြင့် (ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန) သည် ၂-၉-၂၀၁၆ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း**
**ဒါယိကာမကြီး**
## ဒေါ်ခင်မြင့် (၈၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ ပျားရည်ကုန်းရပ်ကွက်၊ အမှတ် (၁၃၄/က)နေ (ဦးထင်ပေါ်-ဒေါ်ချွန်းမေ)တို့၏သမီး၊ (ဦးချစ်လှ)၏ ဇနီး၊ ဦးစိုးဝင်း-ဒေါ်သန်းသန်းလှ (ခွန်အားပုံနှိပ်တိုက်)၊ (ဦးထွန်းလှ-ဒေါ်စန်းရီ)၊ ဒေါ်အေးအေးလှ (အထက-၃၊ တာမွေ)၊ (ဦးစိန်ထွန်း)-ဒေါ်ခင်မြထွေး၊ ဦးဝင်းမော် (ရွှေသံစဉ်)-ဒေါ်သဇင်၊ (ဦးမောင်မောင်မြင့်)-ဒေါ်မေသက်လွင်၊ (ဦးမောင်မောင်စိုး)-ဒေါ်သူလေးသွင်တို့၏မိခင်၊ မြေး ၁၄ ယောက်တို့၏ အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီး ဒေါ်ခင်မြင့်သည် ၄-၉-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်)။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၉-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးမြင့်သိန်း(ခ)ချောင်အင်ဟို(ခ)တိုနီ
**အုပ်ချုပ်မှုဒါရိုက်တာ(အိုရီရင်တယ်(လ်)လီစင်ကုမ္ပဏီလီမိတက်)**
**ဒါရိုက်တာ(မြန်မာအရှေ့တိုင်းဘဏ်လီမိတက်)**
## အသက်(၆၅)နှစ်

မြန်မာအရှေ့တိုင်းဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာနှင့် အိုရီရင်တယ်(လ်)လီစင်ကုမ္ပဏီလီမိတက်၊ ဒါရိုက်တာ ဒေါ်ကြည်ကြည်သန်း၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သူ ဦးမြင့်သိန်း အုပ်ချုပ်မှုဒါရိုက်တာ (အိုရီရင်တယ်(လ်) လီစင်ကုမ္ပဏီလီမိတက်)၊ ဒါရိုက်တာ(မြန်မာအရှေ့တိုင်းဘဏ်လီမိတက်)သည် ၁-၉-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ ဝန်ထမ်းများ မိသားစု**
**မြန်မာအရှေ့တိုင်းဘဏ်လီမိတက်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာအောင်သန်းထွန်း (OTS အမှတ်စဉ်-၇၃)
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးများ ရပ်ကွက်၊ နွယ်သာကီလမ်း၊ အမှတ် (၁၅/၁၆၀)နေ ဒေါက်တာအောင်သန်းထွန်းသည် ၃-၉-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မွေး/စား/နို့ ဝန်ထမ်းဟောင်းများ**

---


ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးထွေးမြင့် (၈၆)နှစ်
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ၈ မိုင်ခွဲ၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၁၄၆)နေ ဦးထွေးမြင့် (ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန-ငြိမ်း) သည် ၂-၉-၂၀၁၆ (သောကြာနေ့) ညနေ ၆း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်ဇော် (ဒု-ဝန်ကြီး၊ငြိမ်း)နှင့်ဇနီး ဒေါ်နွယ်နွယ်ယု**
**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာအောင်သန်းထွန်း (O.T.S အမှတ်စဉ် ၇၃)
**အသက်(၅၆)နှစ်**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးများရပ်ကွက်၊ နွယ်သာကီလမ်း၊ အမှတ်(၁၅/၁၆၀)နေ ဒေါ်ခိုင်ခိုင်မြင့်၏ခင်ပွန်း၊ မပွင့်မြတ်မာ (BIT, NCC)၏ဖခင်၊ ဒေါက်တာအောင်သန်းထွန်း (ညွှန်ကြားရေးမှူး-ငြိမ်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန) အသက် (၅၆)နှစ်သည် ၃-၉-၂၀၁၆ရက် (စနေနေ့) နံနက် ၂း၂၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာခင်ဇော်နှင့် ဇနီး ဒေါ်အေးအေးမြင့်**
**အမြဲတမ်းအတွင်းဝန်(မွေးရေကျေးလက်)**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာအောင်သန်းထွန်း
**အသက်(၅၆)နှစ်**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၅/၁၆၀)၊ ဝန်ထမ်းကြီးများ ရပ်ကွက်၊ နွယ်သာကီလမ်းနေ (ဦးထွန်းတင်-ဒေါ်လှကြွယ်)တို့၏သား၊ ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) ဦးသန်းမြင့်-ဒေါ်သန်းနွဲ့တို့၏ သားသမက်၊ ဒေါ်ခိုင်ခိုင်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မပွင့်မြတ်မာ၏ဖခင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာအောင်သန်းထွန်း အသက် (၅၆)နှစ်သည် ၃-၉-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးထွေးမြင့် (၈၆)နှစ်
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ၈ မိုင်ခွဲ၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၁၄၆)နေ ဦးထွေးမြင့် (ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန-ငြိမ်း) သည် ၂-၉-၂၀၁၆ (သောကြာနေ့) ညနေ ၆း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**တည်ဆောက်ရေး (၆)**
**(ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန)**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးထွေးမြင့် (၈၆)နှစ်
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ (ဆည်မြောင်းဦးစီးဌာန)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်ခွဲ၊ (၄)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၁၄၆)နေ ဦးထွေးမြင့် (ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန) သည် ၂-၉-၂၀၁၆ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) (ရန်ကုန်)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးထွေးမြင့် (၈၆)နှစ်
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ (ဆည်မြောင်းဦးစီးဌာန)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်ခွဲ၊ (၄)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၁၄၆)နေ ဦးထွေးမြင့် (ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန) သည် ၂-၉-၂၀၁၆ (သောကြာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)(သန်လျင်)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်နိုင်
## အသက်(၇၄)နှစ်

အမှတ်(၃)၊ (Green Hill Villa) စိမ်းလဲ့ကုန်းမြင့်ရိပ်သာလမ်း၊ ရန်ကုန်မြို့၊ မိုးကြိုးစံပြ (၂)ရပ်ကွက်၊ ပြင်ဦးလွင်မြို့နေ အန်တီကြီး၏ ချစ်လှစွာသောခင်ပွန်း၊ ချုံချုံ၊ ကိုမောင်၊ ကိုညီတို့၏ ဖခင် အန်ကယ်ကြီးသည် ၃၀-၈-၂၀၁၆ (အင်္ဂါနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကျော်ဗလ-သူဇာဝေ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာအောင်သန်းထွန်း (O.T.S အမှတ်စဉ်-၇၃)
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးများရပ်ကွက်၊ နွယ်သာကီလမ်း၊ အမှတ်(၁၅/၁၆၀)နေ ဒေါ်နိုင်နိုင်မြင့်၏ချစ်လှစွာသောခင်ပွန်း ဒေါက်တာအောင်သန်းထွန်း (O.T.S အမှတ်စဉ်၇၇) (ညွှန်ကြားရေးမှူး-ငြိမ်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန)သည် ၃-၉-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**1985 (BVS) မှသူငယ်ချင်းများ**

---

**ဘုရား၊ ရဟန်း ဒါယိကာမကြီး**
## ဒေါ်ငွေရီ(၅၅)နှစ်

ရခိုင်ပြည်နယ်၊ မြေပုံမြို့၊ တရုတ်တန်းရပ်ကွက်နေ (ဦးဦးသာစိန်-ဒေါ်မကြီး)တို့၏ ချွေးမ၊ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ စကုကျွန်း၊ (င/သမုတ်)ကျေးရွာနေ (ဦးချက်ကြီး-ဒေါ်ဒေါင်းသာဖြူ)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှတ်(၆)နယ်မြေ၊ လက်ယက်စမ်းကျေးရွာ၊ အိမ်အမှတ်(၂၈၂)နေ ဦးလှဝင်း၏ဇနီး၊ ဦးမြင့်နိုင်-ဒေါ်မာမာဆန်း၊ ဒေါ်ခင်ခင်မြင့်၊ ဦးအောင်ဆန်း၊ မတူးတူး၊ မစောမြတ်လှိုင်တို့၏ ချစ်လှစွာသောမွေးမိခင်၊ ဒေါ်မဇံဖြူနှင့် ဒေါ်ခင်ပြုံးရီတို့၏ ယောင်းမ၊ ဦးခင်မောင်ဦး၊ ဒေါ်ခင်ခင်စံ၊ ဒေါ်ခင်ခင်ဖြူတို့၏ အဒေါ်၊ ဦးဘညို-ဒေါ်မသိန်းတို့၏တူမ၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်ငွေရီသည် ၂-၉-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၂း၂၄နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၆ (ကြာသပတေးနေ့) နံနက်တွင် လက်ယက်စမ်းကျေးရွာ၊ အိမ်အမှတ်(၂၈၂)၊ ဦးလှဝင်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကျေးဇူးအထူးတင်ရှိခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဒေါက်တာမြင့်သူရွှေ (၅၈)နှစ်
**(တာဝန်ခံဆရာဝန်၊ လူမှုဖူလုံရေး)နတ်တလင်းမြို့**

(ဦးလှရွှေ-ဒေါ်မြင့်မြင့်ထွန်း)တို့၏သားကြီး၊ (ဦးမောင်ကျော်)-ဒေါ်ရွှေပွင့်တို့၏သားသမက်၊ အမှတ်(၁/၂)၊ ဗိုလ်ချုပ်လမ်း၊ နတ်တလင်းမြို့နေ ဒေါ်ဖြူဖြူဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မန္တလေးမြို့နေ ဦးထွန်းလှအောင်(ကုန်သည်)-ဒေါ်သစ်သစ်ရွှေ [ညွှန်ကြားရေးမှူး(ပညာ)၊ မန္တလေးတိုင်းဒေသကြီး၊ ပညာရေးမှူးရုံး]၏ညီ/မောင်၊ ရန်ကုန်မြို့နေ ဦးရဲမြင့်ရွှေ (G.M, Shwe Khit-1 Engineering Co., Ltd)-ဒေါ်ခင်အေးမာတို့၏အစ်ကို၊ ဒေါက်တာကျော်စွာမြင့်သူရွှေ (တာဝန်ခံဆရာဝန်၊ လူမှုဖူလုံရေး၊ ပေါင်းတည်မြို့)၊ ဒေါက်တာမော်ကွန်းမြင့်သူရွှေတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ဝင်းလှုံ့ဖြိုး (4th Yr. ကွန်ပျူတာတက္ကသိုလ်၊ မန္တလေး)တို့၏ လေးလေးကြီးသည် ၂-၉-၂၀၁၆ရက် (သောကြာနေ့) နံနက် ၂နာရီတွင် ရန်ကုန်မြို့ ဗဟိုစည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်းနှင့် ဆေးရုံတက်ရောက်ကုသစဉ်မေတ္တာဖြင့် ဂရုစိုက်ကြပ်မတ်ကုသပေးပါသော ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်မော်၊ ပါမောက္ခ ဒေါက်တာဒေါ်ဝင်းဝင်းဆွေ၊ ပါမောက္ခ ဒေါက်တာဦးသိန်းစော၊ ပါမောက္ခ ဒေါက်တာဦးကျော်စွာလှိုင်၊ ရန်ကုန်အလုပ်သမားဆေးရုံကြီးမှ ဒုဆေးရုံအုပ်ဒေါက်တာဒေါ်ယုယုတင်နှင့် ဆေးစတိုမှ ဆရာမ ဒေါ်ဖြူဖြူအေး၊ အလုံဆေး စတိုမှဒေါက်တာဒေါ်သန္တာအောင်၊ ဗဟိုစည်အထူးကုဆေးရုံကြီးမှဆရာဝန်၊ သူနာပြုဆရာမများ နှင့်ဝန်ထမ်းများ၊ နာရေးသို့လိုက်ပါပို့ဆောင်ပေးကြသော နတ်တလင်းမြို့ လူမှုဖူလုံရေးမှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မေတ္တာသံယောဇဉ်ရှိကြသော နတ်တလင်းမြို့မှ မိတ်ဆွေများ ရန်ကုန်မြို့မှ ဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသိန်းမောင် (၉၃)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံအလယ်ရပ်၊ (၂၉)လမ်း၊ (၈၃×၈၄)လမ်းကြား၊ (အိမ်ဖြူတော် တည်းခိုခန်းနှင့် 7 th Avemue Store) နေ ဒေါ်စက်မေ၏ ချစ်လှစွာသောခင်ပွန်း ဦးသိန်းမောင် အသက်(၉၃)နှစ်သည် ၃-၉-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(ဦးဌေးမြင့်)-ဒေါ်မွှေး**
**မိသားစု**
**နယူးဂျာစီ၊ အမေရိကန်နိုင်ငံ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နုနုချိန်
## အသက်(၅၅)နှစ်

ဗိုလ်မှူးဖြူဝင်း(ငြိမ်း)၏ဇနီး ဒေါ်နုနုချိန် အသက် (၅၅)နှစ် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဝါဇီဝန်ထမ်းဟောင်းများအဖွဲ့**

---

# အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးမြင့်သိန်း(ခ) ချောင်အင်ဟို(ခ)တိုနီ
**အုပ်ချုပ်မှုဒါရိုက်တာ(အိုရီရင်တယ်(လ်)လီစင်ကုမ္ပဏီလီမိတက်)**
**ဒါရိုက်တာ(မြန်မာအရှေ့တိုင်းဘဏ်လီမိတက်)**
## အသက်(၆၅)နှစ်

မြန်မာအရှေ့တိုင်းဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာနှင့် အိုရီရင်တယ်(လ်)လီစင်ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဒေါ်ကြည်ကြည်သန်း၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သူ ဦးမြင့်သိန်း အုပ်ချုပ်မှုဒါရိုက်တာ (အိုရီရင်တယ်(လ်) လီစင်ကုမ္ပဏီလီမိတက်)၊ ဒါရိုက်တာ(မြန်မာအရှေ့တိုင်းဘဏ်လီမိတက်)သည် ၁-၉-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ ဝန်ထမ်းများ မိသားစု**
**အိုရီရင်တယ်(လ်)လီစင်ကုမ္ပဏီလီမိတက်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာအောင်သန်းထွန်း (OTS အမှတ်စဉ်-၇၃)
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးများရပ်ကွက်၊ နွယ်သာကီလမ်း၊ အမှတ် (၁၅/၁၆၀)နေ ဒေါက်တာအောင်သန်းထွန်းသည် ၃-၉-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ထောက်/ပို့တပ်ဖွဲ့အရာရှိဟောင်းများ**

# ပြုပြင်မှုများဆောင်ရွက်ရာတွင် အကောင်းဆုံးနည်းပညာများဖြင့် ရေရှည်တည်တံ့ခိုင်မြဲရန် ဦးစားပေး



လျှင်ဒဏ်သင့် စူဠာမဏိစေတီ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်မှုများကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၅**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် လျှင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံဘုရားပုထိုးစေတီများနှင့် သာသနိက အဆောက်အအုံများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ရှေးဟောင်းယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိရာ ပြတိုက်ဧည့်ခန်းမ၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာသဲမောင်မောင်နှင့် ယူနက်စကိုမှ မစ္စတာကိုင်လ်ဝိုင်ဇစ်တို့က လျှင်ဒဏ်သင့် ဘုရားပုထိုးစေတီများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက အစကောင်းမှ အနှောင်းသေချာဆိုသကဲ့သို့ ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်သည့်နေရာတွင် အတတ်နိုင်ဆုံး အကောင်းဆုံးနည်းပညာများဖြင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❁

# MAI လေကြောင်းလိုင်း မန္တလေး-ဗန်ကောက်-မန္တလေးခရီးစဉ်သစ် ပြေးဆွဲ

**မန္တလေး စက်တင်ဘာ ၅**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုမှာ သယ်ယူပို့ဆောင်ရေးကောင်းမွန်မှုနှင့်လည်း သက်ဆိုင်လျက်ရှိပြီး မကြာမီ ပွင့်လင်းရာသီသို့ ရောက်တော့မည်ဖြစ်သောကြောင့် ကမ္ဘာလှည့်ခရီးသွားများ အဆင်ပြေစေရန် စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ခရီးသွားလုပ်ငန်းတွင် ပြည်တွင်းခရီးသွားများအပြင် ပြည်ပခရီးသွားများလည်းပါဝင်ပြီး ပြည်ပခရီးသွားများ လာရောက်ရန် လေကြောင်းလိုင်းများမှလည်း ပြည်ပခရီးစဉ်များကို တိုးချဲ့ပြေးဆွဲနေပြီဖြစ်သည်။

မြန်မာပြည်၏ တစ်ခုတည်းသော Safety (IOSA)လက်မှတ်ရ လေကြောင်းလိုင်းဖြစ်သော ကမ္ဘာ့ဇအုပ်စုပိုင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)သည် မန္တလေး-ဗန်ကောက်-မန္တလေးခရီးစဉ်သစ်ကို စက်တင်ဘာ ၃ ရက်မှစတင်ကာ ပျံသန်းပြေးဆွဲလျက်ရှိသည်။ ယင်းခရီးစဉ် အသွား၊ အပြန်လေယာဉ်လက်မှတ်အား အထူးအစီစဉ်ဖြင့် အမေရိကန်ဒေါ်လာ ၁၆၅ ဒေါ်လာဖြင့် ရောင်းချလျက်ရှိပြီး (တနင်္လာ၊ ဗုဒ္ဓဟူးနှင့် စနေနေ့)တို့တွင် တစ်ပတ်သုံးကြိမ် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖





# (၄၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်နှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၅**

(၄၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်နှင့် ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက် ၈နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ကျင်းပခဲ့သည်။

အုပ်စုပတ်လည်အမျိုးသမီးပွဲစဉ်များအဖြစ် အုပ်စု(က)မှ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက (၈၈-၃၈)မှတ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက **စာမျက်နှာ ၈ ကော်လံ ၄ သို့** ○


